# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက် | ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၃ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၀၀၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)၊ နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၇၀၀)၊ နှစ်(၁၀၀)ပြည့်အခမ်းအနား၊ ဓာတ်ရောင်ခြည်နှင့် ကင်ဆာရောဂါကုသဆောင်ဖွင့်ပွဲနှင့် အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ချီးမြှင့်ဂုဏ်ပြုအမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၂**

အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)၊ နှစ် (၁၀၀) ပြည့် အခမ်းအနား၊ ဓာတ်ရောင်ခြည်နှင့် ကင်ဆာရောဂါကုသဆောင်ဖွင့်ပွဲနှင့် အကြိမ် (၃၀) မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ အဆိုပါဆေးရုံ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အငြိမ်းစားဆေးဝန်ထမ်းတပ်ဖွဲ့ဝင် အရာရှိကြီးများ၊ ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❍


**ယနေ့** *မာ တိ ကာ*


**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကျင်းပ** ပြည်တွင်းသတင်း စာ ၂

**မြဝတီကုန်သွယ်ရေးဇုန်မှ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁၁၀ ဒသမ ၁၈၆ သန်း ဆောင်ရွက်နိုင်** စီးပွားရေးသတင်းများ စာ ၁၇

# ရှောင်လွှဲမရကြုံတွေ့ကြရမည့် ဘဝဆည်းဆာများ လှပစေရေး

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ကောက်ယူရရှိသော လူဦးရေကိုအခြေခံ၍ ခန့်မှန်းတွက်ချက်မှုအရ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေမှာ ၅၆ ဒသမ ၂ သန်းဖြစ်ပြီး ယင်းအနက် ၆ ဒသမ ၃ သန်းကျော်မှာ သက်ကြီးရွယ်အိုဦးရေဖြစ်သည်။ မြန်မာနိုင်ငံတွင်သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေအရ သက်ကြီးရွယ်အိုဆိုသည်မှာ အသက် ၆၀ နှစ်နှင့် အထက်ရှိသော မြန်မာနိုင်ငံသားအားလုံးကို ဆိုသည်ဟူ၍ ဖွင့်ဆိုထားသည်။

ကမ္ဘာတွင်မူ အသက် ၆၅ နှစ်နှင့်အထက်ကို သက်ကြီးရွယ်အိုများအဖြစ် သတ်မှတ်ထားပြီး ၂၀၁၉ ခုနှစ် World Population Ageing ၏ ထုတ်ပြန်ချက်အရ အသက် ၆၅ နှစ်နှင့်အထက် လူဦးရေ သန်း ၇၀၀ ကျော်ရှိနေကာ ၂၀၅၀ ပြည့်နှစ်တွင် ၁ ဒသမ ၅ ဘီလီယံသို့ရောက်ရှိလာမည်ဟု ခန့်မှန်းထားသည်။ အရွယ်သုံးပါးကို ဖြတ်သန်းကာ ဘဝ၏ဆည်းဆာအချိန်သို့ရောက်ရှိလာသည့် သက်ကြီးရွယ်အိုများတွင် အားနည်းချက်တို့ရှိလာသလို အားသာချက်များလည်း အများအပြားရှိနေကြသည်။ ရုပ်ပိုင်းဆိုင်ရာအရ ခန္ဓာကိုယ်ကြံ့ခိုင်မှုလျော့ကျလာခြင်း၊ ခွန်အားစိုက်ထုတ်နိုင်မှုနည်းပါးလာခြင်း၊ သက်လုံကျဆင်းလာခြင်း၊ ကိုယ်ခံအားနည်းလာခြင်းကြောင့် ရောဂါဝင်ရောက်မှု လွယ်ကူလာခြင်း၊ စိတ်ပိုင်းဆိုင်ရာအရလည်း မှတ်သားနိုင်စွမ်းလျော့နည်းလာခြင်း၊ အချို့စိတ်ထိခိုက်လွယ်ခြင်း စသည်ဖြင့် အားနည်းချက်များ သက်ကြီးရွယ်အိုဘဝတွင် ဖြစ်ပေါ်လာသည်။ သို့ရာတွင် အားသာချက်များအနေဖြင့် ဘဝဖြတ်သန်းမှုအတွေ့အကြုံအများအပြားရှိခြင်း၊ ကျွမ်းကျင်မှုနှင့် အသိပညာဗဟုသုတများစွာ ပြည့်စုံကြွယ်ဝခြင်း၊ ဘက်ပေါင်းစုံစဉ်းစားဆင်ခြင်နိုင်စွမ်းရှိခြင်း စသည်တို့ဖြင့်လည်း လူ့အဖွဲ့အစည်းကို အကျိုးပြုနိုင်ဆဲဖြစ်သည်။

သို့ရာတွင် သက်ကြီးရွယ်အိုများမှာ လုပ်ငန်းခွင်များမှ အသက်ပြည့်၍ ထွက်ခွာသွားကြရပြီးနောက်တွင် လူမှုအသိုင်းအဝိုင်းတစ်ခုလုံး၏ ပြင်ပသို့ရောက်ရှိသွားခဲ့ရပြီး မေ့လျော့ခံရခြင်းနှင့်အတူ လူ့အခွင့်အရေးများပါ ထိပါးခံရမှုများ ဖြစ်ပေါ်လာသည်။ နေ့စဉ်လူမှုဘဝတွင် ခွဲခြားဆက်ဆံခံရခြင်း (Discrimination)၊ ပူးပေါင်းပါဝင်ခွင့်မရခြင်း (Right to participation)၊ ကျန်းမာရေးစောင့်ရှောက်ခွင့်မရခြင်း (Right to Health)၊ သတင်းအချက်အလက်များမရရှိခြင်း (Right to information)၊ တန်းတူညီမျှမှုမရှိခြင်း (Equality)၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်မရှိခြင်း (Freedom of expression) စသည့်အခြေခံလူ့အခွင့်အရေးများကို သက်ကြီးရွယ်အိုဘဝတွင် ဆုံးရှုံးနေကြရကြောင်း ဆန်းစစ်လေ့လာမှုများက ဖော်ပြထားသည်။

ကုလသမဂ္ဂအထွေထွေညီလာခံက (၄၆/၉၁) ဖြင့် ချမှတ်ခဲ့သော အခြေခံမူများအရ သက်ကြီးရွယ်အိုများသည် စားဝတ်နေရေးနှင့် ရုပ်ပိုင်းနှင့်စိတ်ပိုင်း ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိခွင့်၊ အခြားဝင်ငွေရှာဖွေနိုင်သည့် အခွင့်အလမ်းများ ရရှိခွင့်၊ အသင်းအဖွဲ့များတွင် ပါဝင်ဖွဲ့စည်းဆောင်ရွက်ခွင့်၊ ရေရှည်ဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် လူ့အဖွဲ့အစည်း၏ ပညာရေး၊ ယဉ်ကျေးမှုနှင့် အပန်းဖြေမှုဆိုင်ရာ အရင်းအမြစ်များ ရရှိသုံးစွဲခွင့်၊ လူ့ဂုဏ်သိက္ခာနှင့် လေးစားထိုက်သူများဖြစ်စေခွင့် စသည့်အခွင့်အရေးများကို သက်ကြီးရွယ်အိုများ၏ ဘဝလုံခြုံမှုရပိုင်ခွင့်များ ရရှိစေရန် ဖော်ပြထားသည်။ သို့ဖြစ်ရာ သက်ကြီးသူများကို အသက်အရွယ်ကြောင့် ခွဲခြားခြင်း၊ ချန်လှပ်ခြင်းမရှိဘဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် ပါဝင်ဆောင်ရွက်ခွင့်ပေးရန်၊ သက်ကြီးရွယ်အိုတို့၏ စွမ်းအားများကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အကျိုးပြုနိုင်ရန် ဖန်တီးပေးသွားရမည်ဖြစ်သကဲ့သို့ သက်ကြီးရွယ်အိုတို့၏ ဘဝလုံခြုံရေးအတွက် အစီအမံများ ရေးဆွဲဆောင်ရွက်ကာ လူငယ်လူရွယ် အသက်အရွယ်စုံညီအားလုံး အနာဂတ်တွင် မိမိတို့ကိုယ်တိုင် ရှောင်လွှဲမရကြုံတွေ့ကြရမည့် ဘဝဆည်းဆာများလှပရေး လိုအပ်ချက်များကို ဝိုင်းဝန်းဖြည့်ဆည်းပေးကြရပါမည့်အကြောင်း။ ။



# ၂၀၂၃ ခုနှစ်၊ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## တရားမအထူးအယူခံမှု (၆) မှု ရုံးထိုင်ကြားနာ

**နေပြည်တော် အောက်တိုဘာ ၂**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးမျိုးတင့်၊ ဦးကြည်သိန်း၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေး တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၄၃/၂၀၂၂ (ဧရာဝတီ)၊ ၄၈/၂၀၂၂ (ရန်ကုန်)၊ ၅၂/၂၀၂၂ (ကရင်)၊ ၉/၂၀၂၃ (ရှမ်း)၊ ၁၁/၂၀၂၃ (ရှမ်း) နှင့် ၂၈/၂၀၂၃ (ရှမ်း)၊ စုစုပေါင်း တရားမအထူးအယူခံမှု (၆)မှုကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ ပညာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် "အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် လူငယ်တို့၏အခန်းကဏ္ဍ" လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းနှင့် ကော်မရှင်ရုံး၊ ပညာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

စကားဝိုင်းတွင် ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက ကော်မရှင်အနေဖြင့် လူငယ်များအား ဖြောင့်မတ်တည်ကြည်မှုစံနှုန်းများကိုသိရှိပြီး လိုက်နာမှုရှိစေရန် အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေး ရည်ညွှန်းစာစောင်များကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ပြုစုခဲ့ပြီး သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းရေးဆွဲ၍ ကျောင်းသင်ခန်းစာများတွင် ထည့်သွင်းသင်ကြားပေးလျက်ရှိကြောင်း၊ လူငယ်များသည် နိုင်ငံ၏ အနာဂတ်ခွန်အားများ ဖြစ်သည့်အတွက် ငယ်စဉ်ကပင် စည်းမျဉ်း၊ စည်းကမ်း၊ ကျင့်ဝတ်၊ ဥပဒေများကို လိုက်နာသည့် အလေ့အကျင့်များကို စာသင်ခန်းများမှ ပြုစုပျိုးထောင်ပေးရမည် ဖြစ်ကြောင်း၊ ကျင့်ဝတ်နှင့်ညီသည့် ခေါင်းဆောင်ကောင်းများဖြစ်လာစေရန် ငယ်စဉ်ကပင် ဖြောင့်မတ်တည်ကြည်မှုအရည်အချင်းများကို အခြေပြုရန် လိုအပ်ကြောင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့် လူငယ်စကားဝိုင်းမှ အတွေးအခေါ်အယူအဆများကို မိမိတို့ ပတ်ဝန်းကျင်တွင် ထပ်ဆင့်မျှဝေပေးကြရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ "အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် လူငယ်တို့၏ အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ကျင်းပပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ Speaker များအဖြစ် ပါဝင်ဆောင်ရွက်ကြသည့် ကျောင်းသား ကျောင်းသူများက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက ကျောင်းအုပ်ဆရာမကြီးထံသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာစာအုပ်များ၊ လက်ကမ်းစာစောင်များနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အမှတ်တံဆိပ်ပါ လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက အကအလှများ၊ သီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့အတူ အခြေခံပညာအဆင့် (မူလတန်းနှင့် အလယ်တန်း) အဆင့်များမှစတင်၍ အသိပညာပေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အလုံမြို့နယ် အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်းမှ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများကို ကော်မရှင်ရုံးခွဲ(ရန်ကုန်)မှ ဝန်ထမ်းများက ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေးအစီအစဉ် (ဆရာကိုင်)စာအုပ်များမှ သင်ခန်းစာနှင့် ပညာပေးအစီအစဉ်ပါ အကြောင်းအရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**မုတ်သုံလေ အားအသင့်အတင့်ရှိနိုင်**

**နေပြည်တော် အောက်တိုဘာ ၂** - နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနိုင်သည်။ **မိုး/ဇလ**

○ *ရှေ့ဖုံးမှ*

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ် ကိုကိုလွင်တို့က အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)၊ နှစ် (၁၀၀) ပြည့် အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှတ်(၁)တပ်မတော် ဆေးရုံ (ခုတင်-၇၀၀)၊ နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး တက် ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)၊ နှစ်(၁၀၀) ပြည့် အထိမ်းအမှတ်၊ ဓာတ်ရောင်ခြည်နှင့် ကင်ဆာရောဂါကုသဆောင် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

- **ဆေးရုံကြီးတွင် အဆောက်အဦပိုင်းဆိုင်ရာ တိုးတက်သည့်နည်းတူ ကုသမှုဆိုင်ရာ စွမ်းဆောင်ရည်များသည်လည်း တစ်ဆင့် ပြီးတစ်ဆင့် တိုးတက်လာသည်ကို တွေ့ရှိရ**
- **ဆေးရုံစတင်ဖွင့်လှစ်ချိန် အစောပိုင်း ကာလများ၌ အထွေထွေကုသမှုများကို သာ ဆောင်ရွက်နိုင်ခဲ့သော်လည်း ခေတ် အဆက်ဆက် ကြိုးပမ်းအားထုတ်မှုများ ကြောင့် အဆင့်မြင့်အထူးကုသမှုများအား တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်နိုင်ခဲ့**

ချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) က အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)၊ နှစ်(၁၀၀) ပြည့် အထိမ်းအမှတ်၊ ဓာတ်ရောင်ခြည်နှင့် ကင်ဆာရောဂါ ကုသဆောင် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ် ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင် များသည် ကမ္ဘည်းမော်ကွန်းအား အမွှေးနံ့သာရည် များ ပက်ဖျန်းပေးကြပြီး ဓာတ်ရောင်ခြည်နှင့် ကင်ဆာကုသဆောင်အတွင်း လှည့်လည်ကြည့်ရှု ကြပြီး ကင်ဆာဆောင်၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် လူနာများအား လိုက်လံကြည့်ရှု အားပေးကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ ပေးအပ်သည်။

**နှစ် (၁၀၀) ပြည့် အခမ်းအနားသို့ ရောက်ရှိ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း က အမှတ်(၁) တပ်မတော် ဆေးရုံ (ခုတင်-၇၀၀)၊ နှစ် (၁၀၀) ပြည့် အထိမ်း အမှတ်နှင့် အကြိမ် (၃၀) မြောက် မြန်မာ့တပ်မတော်



ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ် ကိုကိုလွင်တို့ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)၊ နှစ် (၁၀၀) ပြည့် အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့ကျင်းပ သည့် အခမ်းအနားသည် ဆေးဝန်ထမ်းတပ်ဖွဲ့၏ ဆေးရုံကြီးတစ်ရုံဖြစ်သည့် အမှတ်(၁) တပ်မတော် ဆေးရုံ (ခုတင်-၇၀၀) တည်ထောင်ခဲ့သော နှစ် (၁၀၀) ပြည့်သည့် အခမ်းအနားပင်ဖြစ်ကြောင်း၊ ဆေးရုံကြီး ကို ၁၉၂၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ခေတ်အဆက်ဆက် ကောင်းမြတ်သည့် အစဉ်အလာ များကို လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့သည့်အတွက် ယခုအခါတွင် အလွန်ဂုဏ်ယူဖွယ်ရာ နှစ် (၁၀၀) ပြည့် အခမ်းအနားသို့ ရောက်ရှိခဲ့ကြောင်း၊ ထို့အတူ ဆေးဝန်ထမ်းတပ်ဖွဲ့၏ သုတေသန ဆောင်ရွက်ချက် များကို နိုင်ငံတကာအထိရောက်ရှိအောင် တင်ပြနိုင် သည့် အကြိမ် (၃၀) မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ရှည်လျား လှသော သမိုင်းကြောင်းရှိသည့် အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) (ပြင်ဦးလွင်)၌ ယခုနှစ်တွင် ကျင်းပနိုင်ခဲ့ခြင်းသည်လည်း အလွန်ပင် ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း။

**ပြင်ဦးလွင်တွင် စတင်ဖွင့်လှစ်ခဲ့**

အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) ဆေးရုံ၏ ရှည်လျားသည့် သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်မည်ဆိုပါက ၁၉၂၃ ခုနှစ်တွင် အင်္ဂလိပ်တို့သည် British Militry Hospital အဖြစ် ပြင်ဦးလွင်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ စတင် ဖွဲ့စည်းစဉ်က ခုတင်-၂၅ လုံးဆံ့ ဆေးရုံအဖြစ် စတင်တည်ထောင်ထားရှိခဲ့ပြီး အင်္ဂလိပ်လူမျိုး စစ်မှု ထမ်းအရာရှိများကိုသာ တက်ရောက်စေခဲ့သည်ဟု အမိန့်မှတ်တမ်းများအရ သိရှိရကြောင်း။

၁၉၃၁ ခုနှစ်တွင် ခုတင်-၅၀ ဆံ့ ဗြိတိသျှ စစ်ဆေးရုံ၊ ၁၉၄၃ ခုနှစ်တွင် အမှတ်(၈) စစ်ဆေးရုံ (ခုတင်-၁၀၀)၊ ၁၉၄၆ ခုနှစ်တွင် အမှတ်(၁)စစ်ဆေးရုံ (မေမြို့)၊ ၁၉၄၈ ခုနှစ်တွင် ဗမာ့တပ်မတော်ဆေးရုံ (ခုတင်-၃၀၀) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း၊ ၁၉၅၃ ခုနှစ်တွင် အခြေစိုက်စစ်ဆေးရုံ(ခုတင်-၅၀၀) အဖြစ် တိုးချဲ့ကာ လူနာများကို ပိုမိုလက်ခံကုသခဲ့ပြီး ကုသရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၁၉၆၃ ခုနှစ်တွင် အမှတ် (၁) အခြေချစစ်ဆေးရုံ (ခုတင်-၅၀၀) အဖြစ် အမည်ပြောင်းလဲခဲ့ကြောင်း၊ ထိုသို့ ပြောင်းလဲခဲ့ရာ ၁၉၈၆ ခုနှစ်တွင် အမှတ် (၁) အခြေချစစ်ဆေးရုံ (ခုတင်-၇၀၀)၊ ၂၀၀၂ ခုနှစ်တွင် အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၇၀၀)အဖြစ် ပြောင်းလဲဖွဲ့စည်းနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ၂၀၁၆ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များတွင် ဌာနများ တိုးချဲ့ပြီး ဖွဲ့စည်းပုံပြင်ဆင်နိုင်ခဲ့ကြောင်း။

**အဆင့်ဆင့်တိုးချဲ့တည်ဆောက်နိုင်ခဲ့**

ဆေးရုံကို စတင်ဖွင့်လှစ်ခဲ့စဉ်က အုပ်ချုပ်မှု အဆောက်အဦ ၆ လုံး၊ ဆေးကုသမှု အဆောက် အဦ ၁၀ လုံးနှင့် လူနေအဆောက်အဦ ၅ လုံး၊ စုစုပေါင်း ၂၁ လုံးတို့ဖြင့် စတင်ဖွင့်လှစ်ခဲ့ရာမှ ယခု အချိန်တွင် အုပ်ချုပ်မှုအဆောက်အဦ ၃၁ လုံး၊ ဆေးကုသမှု အဆောက်အဦ ၃၈ လုံးနှင့် လူနေ အဆောက်အဦ ၁၀၇ လုံး စုစုပေါင်း ၁၇၆ လုံးအထိ အဆင့်ဆင့် တိုးချဲ့တည်ဆောက်နိုင်ခဲ့သည်ကို တွေ့ရှိ ရမည်ဖြစ်ကြောင်း။

ဆေးရုံကြီးတွင် အဆောက်အဦပိုင်းဆိုင်ရာ တိုးတက်သည့်နည်းတူ ကုသမှုဆိုင်ရာ စွမ်းဆောင် ရည်များသည်လည်း တစ်ဆင့်ပြီးတစ်ဆင့် တိုးတက် လာသည်ကို တွေ့ရှိရပါကြောင်း၊ ဆေးရုံစတင် ဖွင့်လှစ်ချိန် အစောပိုင်းကာလများ၌ အထွေထွေ ကုသမှုများကိုသာ ဆောင်ရွက်နိုင်ခဲ့သော်လည်း ခေတ်အဆက်ဆက် ကြိုးပမ်းအားထုတ်မှုများ ကြောင့် အဆင့်မြင့် အထူးကုသမှုများအား တစ်ဆင့် ပြီးတစ်ဆင့် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဆေးရုံကြီး၏ ထူးခြားသော စွမ်းဆောင်ရည်များ အနေဖြင့်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ကျောက်ကပ်နှင့် ဆီးလမ်းကြောင်း ဆေးပညာကုသမှု ဌာနအား ၁၉၉၈ ခုနှစ်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး လူနာပေါင်း ၇၀၀၀ ကျော်ကို သွေးသန့်စင်ပေးနိုင်မှု အကြိမ်အနေဖြင့် ၁၉၂၅၀ ခန့် ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း။

ထို့အပြင် ၁၉၉၈ ခုနှစ်မှစတင်၍ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါများအတွက် မှန်ပြောင်းနှင့် ရောဂါရှာဖွေကုသရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မှန်ပြောင်းမှတစ်ဆင့် သည်းခြေကျောက်တည်လူနာ ၁၁၉၄ ဦး အပါအဝင် စုစုပေါင်းလူနာ ၉၉၃၀ ကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ နှလုံးကုသမှု ဆေးပညာဌာနကို ၂၀၀၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး နှလုံး၏ လုပ်ဆောင်နိုင်မှုကို စမ်းသပ်ခြင်း၊ နှလုံးသွေးကြောကျဉ်းရောဂါ ရှိ/မရှိ စမ်းသပ်ခြင်းနှင့် နှလုံးစည်းချက် မှန်ကန်မှု ရှိ/မရှိ စမ်းသပ်ခြင်းများကိုလည်း လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ ယနေ့အချိန်အထိ နှလုံးသွေးကြောချဲ့ကုသခြင်း ၃၅၅ ဦးအပါအဝင် စုစုပေါင်း လူနာ ၁၅၈၅ ဦးကို ကုသပေးနိုင်ခဲ့ကြောင်း။

### အောင်မြင်စွာ ခွဲစိတ်ကုသပေး

ကျောက်ကပ်နှင့် ဆီးလမ်းကြောင်း ခွဲစိတ်ကုသမှု ဌာနအနေဖြင့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသပေးနိုင်ခဲ့သောလူနာ ၃၈ ဦးအပါအဝင် စုစုပေါင်းလူနာ ၁၉၇၄ ဦးကို ကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဦးနှောက်နှင့် အာရုံကြော ခွဲစိတ်ကုသမှု ဌာနအနေဖြင့် အရေးပေါ်ခွဲစိတ်ကုသခြင်းအပါအဝင် ဦးနှောက်နှင့် အာရုံကြောဆိုင်ရာရောဂါ စုစုပေါင်း ၇၈၁ ဦးအား အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း။

ထိခိုက်ဒဏ်ရာနှင့် အရိုးအကြောကုသမှုဌာနအနေဖြင့် အရိုးရောဂါ အကြီးစားခွဲစိတ်ကုသမှုပေါင်း ၂၆၈၄ ဦး၊ အသေးစားခွဲစိတ်ကုသမှုပေါင်း ၃၄၆၉ ဦး စုစုပေါင်း လူနာ ၆၁၅၃ ဦးအား အောင်မြင်စွာ ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဆေးရုံကြီးတွင် ရောဂါရှာဖွေမှုများကို ဆောင်ရွက်လျက်ရှိသည့် ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာဌာနအနေနှင့် ကွန်ပျူတာဓာတ်မှန်စက် (CT Scan) အသုံးပြု၍ ရောဂါရှာဖွေခြင်း ၇၆၆၉ ဦး၊ သံလိုက်လိုင်း အသုံးပြု ရောဂါရှာဖွေခြင်း (MRI Scan) ၂၃၁၀ အပါအဝင် စုစုပေါင်းလူနာ ၁၂၂၄၈ ဦးအား ရောဂါရှာဖွေခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ထို့အပြင် ဆေးရုံကြီးဖွင့်လှစ်ချိန်ကစ၍ ယနေ့အချိန်အထိ ကလေးငယ်ပေါင်း ၃၁၀၇၁ ဦးကို မွေးဖွားသန့်စင်ပေးနိုင်ခဲ့ပြီး ယခုကဲ့သို့ အန္တရာယ်ကင်းစွာဖြင့် မွေးဖွားပေးနိုင်ခဲ့သည့်အတွက် အသက်ပေါင်းများစွာကို ကယ်တင်ပေးနိုင်ခဲ့ပြီး နိုင်ငံတော်အတွက် တန်ဖိုးရှိသည့် သားကောင်း၊ သမီးကောင်းရတနာများ ပေါ်ထွန်းစေနိုင်ခဲ့ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်နှင့် အကြိမ် (၃၀) မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

ယခုကဲ့သို့ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) ၏ နှစ်(၁၀၀) ပြည့် အခမ်းအနားနှင့်အတူ ယနေ့တွင် အကြိမ် (၃၀) မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ၏ ဖွင့်ပွဲအခမ်းအနားကိုလည်း တစ်ပေါင်းတည်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း။

### ဂုဏ်ယူဖွယ်ရာ သမိုင်းမှတ်တိုင်များ

ဆေးဝန်ထမ်းတပ်ဖွဲ့သည် စတင်တည်ထောင်စဉ်ကပင် ကုသရေး၊ ရောဂါရှာဖွေရေးနှင့် ကာကွယ်ရေးလုပ်ငန်းများအပြင် ဆေးသုတေသနလုပ်ငန်းများကိုပါ ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ သုတေသနတွေ့ရှိချက်များကို ၁၉၉၀ ပြည့်နှစ်ကပင် စတင်ခဲ့ပြီး ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများ ကျင်းပလာခဲ့သည်မှာ ယခုအကြိမ် (၃၀) ပြည့်မြောက်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုသို့ ခေတ်မီတိုးတက်ပြောင်းလဲလာသည့် ဆေးပညာရပ်များနှင့်အညီ နှီးနှောဖလှယ်ပွဲများတွင် တင်သွင်းခဲ့သော ဆေးပညာရပ်ဆိုင်ရာ အကြောင်းအရာများသည်လည်း မျက်မှောက်ခေတ် အခြေအနေများနှင့်အညီ အဆင့်မြင့် တိုးတက်လာခဲ့သည်ကို တွေ့ရှိရကြောင်း၊ အကြိမ် (၃၀) မြောက်အထိ ဖြတ်သန်းလာခဲ့သည့် ခရီးစဉ်တစ်လျှောက်တွင် စာတမ်းပေါင်း ၁၅၄၄ စောင်၊ ပိုစတာပေါင်း ၉၂၀၊ ဟောပြောဆွေးနွေးမှုပေါင်း ၂၃၁ ခု စသည်တို့ကို တင်သွင်းဖော်ပြနိုင်ခဲ့ခြင်းသည်လည်း ဆေးဝန်ထမ်းတပ်ဖွဲ့၏ ဂုဏ်ယူဖွယ်ရာ သမိုင်းမှတ်တိုင်များပင်ဖြစ်ကြောင်း။

သုတေသနများမှ ရရှိလာသော တွေ့ရှိချက်များအား ရောဂါရှာဖွေရေး၊ ကုသရေးနှင့် ကာကွယ်နှိမ်နင်းရေးနယ်ပယ်များတွင် အသုံးပြုခြင်းအားဖြင့် တပ်မတော်နှင့် နိုင်ငံတော်အတွက် အကျိုးကျေးဇူးများစွာ ရှိစေခဲ့ကြောင်း၊ အထူးသဖြင့် ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ဆောင်ရွက်နိုင်ခဲ့သည့် သုတေသန တွေ့ရှိချက်များသည် ရောဂါကာကွယ်ရေး၊ ရှာဖွေရေးနှင့် ကုသရေးလုပ်ငန်းများတွင် များစွာအကျိုးရှိရှိ အသုံးချနိုင်ခဲ့ပြီး အောင်မြင်မှုများ များစွာ ရရှိခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

### အမြင်ချင်းဖလှယ်ဆွေးနွေး

ယခုကျင်းပသည့် အကြိမ် (၃၀) မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို **“ကျန်းမာရေးစနစ် ပြောင်းလဲမှုများတွင် တပ်မတော်ဆေးပညာရှင်များ၏ စွမ်းရည်မြှင့်တင်ခြင်း”** ဆိုသည့် ခေါင်းစဉ်ကို အခြေခံပြီး ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ တက်ရောက်လာသူများအနေဖြင့်လည်း အဆိုပါခေါင်းစဉ်အပေါ်တွင် အခြေခံပြီး မိမိတို့၏ အတွေ့အကြုံ၊ ဗဟုသုတများနှင့် အမြင်ချင်းဖလှယ်ကာ ဆွေးနွေးမှုများ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ဆောင်ရွက်ခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ် (၅) ရပ်ချမှတ်ပြီး ဦးတည်ချက် (၉) ရပ်ကို အကောင်အထည်ဖော်ရာတွင် လူမှုရေးဦးတည်ချက် (၃) ရပ်အနက် တစ်မျိုးသားလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေးနှင့်တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်စေရေးအတွက် ပြည်သူအားလုံးအကျိုးဖြစ်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားမြှင့်တင်မှုဆောင်ရွက်ရေး ဦးတည်ချက်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်သကဲ့သို့ အသစ်ဖွင့်လှစ်လိုက်သည့် ကင်ဆာရောဂါကုသရေးစင်တာ တစ်ခုကလည်း ပြည်သူများအားလုံး၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို အထောက်အကူများစွာပြုနေပြီးဖြစ်ပါကြောင်း။

### ကဏ္ဍအစုံ လွှမ်းခြုံပါဝင်နေ

ယခုနှစ် နှီးနှောဖလှယ်ပွဲတွင် သုတေသနစာတမ်းပေါင်း ၇၂ စောင်၊ သုတေသန ပိုစတာပေါင်း ၁၁၂ စောင်၊ ဟောပြောဆွေးနွေးမှု ၃၂ ခုနှင့် အခြားအစီအစဉ်များ ပါဝင်သည်ကို တွေ့ရှိရကြောင်း၊ ယခုနှစ် ဖတ်ကြားတင်သွင်းဆွေးနွေးကြမည့် စာတမ်းများ၊ ပိုစတာများတွင် ဉာဏ်ရည်တု နည်းပညာ၊ ကူးစက်ရောဂါနှင့် မကူးစက်တတ်သော ရောဂါများ၊ အာဟာရသုတေသနဆိုင်ရာများ၊ ကိုယ်အင်္ဂါ အစိတ်အပိုင်း အစားထိုးခွဲစိတ်ကုသမှုဆိုင်ရာများ၊ ပြန်လည်သန်စွမ်းရေး ဆေးပညာဆိုင်ရာများ၊ အဆင့်မြင့်ကင်ဆာ ကုထုံးဆိုင်ရာများ၊ စစ်မြေပြင်ဆေးကာကွယ်ပေးခြင်းဆိုင်ရာ သုတေသနများ စသည့်ကဏ္ဍအစုံ လွှမ်းခြုံပါဝင်နေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ဆေးဝန်ထမ်းတပ်ဖွဲ့တွင်ရှိသည့် တပ်မတော်ဆေးသုတေသနတပ်၊ တပ်မတော်တက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်၊ တပ်မတော်ဆေးရုံနှင့်ဆေးတပ်ရင်းများက သုတေသီများသည် တပ်မတော်သားများနှင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အထောက်အကူပြုနိုင်ရန်အတွက် ဆေးပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်လျက်ရှိသည်ကို ဂုဏ်ယူဖွယ်ရာအဖြစ် ပြောကြားလိုပါကြောင်း။

ဆေးဝန်ထမ်းတပ်ဖွဲ့သည် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ ပေါက်ဖွားလာခဲ့ခြင်းဖြစ်၍ ယခုနှစ် အောက်တိုဘာ ၁ ရက်နေ့တွင် (၇၆) နှစ် တင်းတင်း ပြည့်မြောက်ခဲ့ပြီးဖြစ်ကြောင်း၊

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဓာတ်ရောင်ခြည်နှင့် ကင်ဆာကုသဆောင်အတွင်း လှည့်လည်ကြည့်ရှုစဉ်။


*စာမျက်နှာ ၄ မှ*

သမိုင်းကြောင်းကောင်းသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် တိုင်းပြည်တာဝန်များကို ကျရာကဏ္ဍများမှ ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ကြကြောင်း၊ တပ်မတော်က ဆင်နွှဲခဲ့သည့် စစ်ဆင်ရေးကြီးများတွင်လည်း ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များအနေဖြင့် ရှေ့တန်းကျကျ ဆေးကာကွယ်ပေး တာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့ကြကြောင်း၊ ပြင်ဦးလွင်မြို့တွင်ရှိသည့် အမှတ်(၁)တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)ရှိ တပ်ဖွဲ့ဝင်များသည်လည်း ကွမ်းလုံ ရက်(၄၀) တိုက်ပွဲ၊ ပါဂျိုနားဖော့တိုက်ပွဲ၊ လုပီ-လဂျားယန်းတိုက်ပွဲ၊ လောက်ကိုင်-မုန်းကိုးတိုက်ပွဲ စသည့် တိုက်ပွဲကြီးများတွင် ရှေ့တန်းကျကျ သက်စွန့်ကြိုးပမ်းတာဝန်ထမ်းဆောင်နိုင်ခဲ့ကြပြီး စစ်ဆင်ရေးကြီးများ ဆောင်ရွက်နေကြသည့် ရှေ့တန်းရောက်တပ်မတော်သားများအတွက် လိုအပ်သည့် ဆေးဘက်ဆိုင်ရာ ကုသမှုများကို စွမ်းစွမ်းတမံ ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် စစ်မြေပြင်ဆေးကာကွယ်ပေးတာဝန်များအပြင် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း နိုင်ငံအနှံ့အပြားတွင် ရှိသည့် ဆေးရုံ၊ ဆေးတပ်ရင်းများတွင် ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးနိုင်ရန်အတွက်လည်း တပ်မတော်ဆေးရုံ (ခုတင်-၂၅)အဆင့်မှ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)အဆင့်အထိ လိုအပ်သည့်နေရာများတွင် တိုးချဲ့ဖွဲ့စည်းပေးခဲ့ကြောင်း။

**ခွဲစိတ်ကုသနိုင်သော ဆေးရုံ ၅ ရုံရှိ**

ရောဂါကာကွယ်နှိမ်နင်းရေးအတွက် ကျန်းမာရေးနှင့်ရောဂါနှိမ်နင်းရေးတပ်ကို ဖွဲ့စည်းထားရှိသကဲ့သို့ အထူးကုဆေးရုံများအနေဖြင့် တပ်မတော်အရိုးရောဂါအထူးကု ဆေးရုံကြီး၊ တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီးနှင့် ကိုယ်လက်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးရုံများကိုလည်း ဖွင့်လှစ်ထားရှိကြောင်း၊ ထို့အပြင် ရောဂါကုသမှုများနှင့် ပတ်သက်၍ ဆေးရုံများကိုလည်း အဆင့်မြှင့်တင်ခဲ့ရာ ယခုအချိန်တွင် ကျောက်ကပ်အစားထိုးကုသနိုင်သော ဆေးရုံ ၄ ရုံ၊ အသည်းအစားထိုးကုသနိုင်သော ဆေးရုံတစ်ရုံ၊ နှလုံးသွေးကြောရောဂါရှာဖွေခြင်းနှင့် သွေးကြောချဲ့ကုသနိုင်သောဆေးရုံ ၄ ရုံ၊ နှလုံးခွဲစိတ်ကုသနိုင်သော ဆေးရုံ ၂ ရုံ၊ အစာအိမ်နှင့် အူလမ်းကြောင်းကို မှန်ပြောင်းဖြင့် ခွဲစိတ်ကုသနိုင်သော ဆေးရုံ ၅ ရုံရှိပြီးဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းထံ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်က နှစ် (၁၀၀)ပြည့် အထိမ်းအမှတ်လက်ဆောင် ဂါရဝပြုပေးအပ်စဉ်။

ထိုကဲ့သို့ ကြိုးစားဆောင်ရွက်နိုင်ခဲ့သည့်အတွက် တပ်မတော်အနေဖြင့်ကျောက်ကပ်အစားထိုးလဲလှယ်ခြင်း၊ နှလုံးခွဲစိတ်ကုသခြင်း၊ နှလုံးခုန်နှုန်းထိန်းညှိစက် ထည့်သွင်းခြင်း၊ နှလုံးသွေးကြော Stent ထည့်ကုသခြင်း၊ ဦးနှောက်နှင့် ရင်ခေါင်း ခွဲစိတ်ကုသခြင်း စသည့်အဆင့်မြင့်ကုသမှုမျိုးစုံကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းကာ ဆောင်ရွက်လာနိုင်ခဲ့ခြင်းသည် ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ လွန်ခဲ့သည့်တစ်နှစ်အတွင်းတွင် အသည်းအစားထိုးခွဲစိတ်ကုသမှု ၈ ကြိမ်ကို အောင်မြင်စွာ ခွဲစိတ်နိုင်သည်ကို တွေ့ရှိရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းကို ထည့်သွင်းပြောကြားလိုကြောင်း။

**ပြုစုစောင့်ရှောက်ပေးနိုင်ခဲ့**

ယနေ့အချိန်တွင် နိုင်ငံတကာနှင့် နိုင်ငံအတွင်းမှာပင် ကိုဗစ်-၁၉ ရောဂါကြောင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ လျော့နည်းကျဆင်းလာမှုများတွေ့ကြုံနေရ သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့ နောက်ပိုင်း ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၏ လုပ်ငန်းခွင် စွန့်ခွာမှုများ ပြုလုပ်လာခဲ့သည့်အတွက် နိုင်ငံတစ်ဝန်းရှိသည့် ကျန်းမာရေးဝန်ထမ်းအင်အားသည် များစွာ လျော့နည်းခဲ့ရကြောင်း၊ ထိုသို့ လျော့နည်းခဲ့သည့်အတွက် လစ်ဟာသွားသည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) အပါအဝင် တပ်မတော်ဆေးရုံ၊ ဆေးတပ်များမှ တိုးမြှင့်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် စက်တင်ဘာလအထိ ပြင်ပလူနာ ၅၁၀၃၆၃ဦး၊ ဆေးရုံတက်လူနာ ၁၅၅၂၁၇ ဦးတို့ကို ပြုစုစောင့်ရှောက်ပေးနိုင်ခဲ့ပါကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံအနှံ့အပြားတွင်ရှိသည့် ဆေးရုံ၊ ဆေးတပ်များတွင် တာဝန်ထမ်းဆောင်ရန် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ပေးနိုင်ရန်အတွက်လည်း ကြိုးစားဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ တပ်မတော်ဆေးဘက်ဆိုင်ရာသင်တန်းကျောင်းများကတစ်ဆင့် ဆရာဝန်၊ သူနာပြုများကို စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိကြောင်း။

**အဆင့်မြင့်ဆေးပညာများ သင်ကြား**

တပ်မတော်ဆေးတက္ကသိုလ်အနေဖြင့် ဆေးပညာဘွဲ့များအပြင် ပညာရပ်ပိုင်းဆိုင်ရာ အဆင့်မြင့်ဘွဲ့များဖြစ်သည့် ဆေးပညာဘွဲ့လွန် ဒီပလိုမာအမျိုးအစားပေါင်း ၁၆ခု၊ ဆေးပညာမဟာသိပ္ပံဘွဲ့ အမျိုးအစားပေါင်း ၂၇ခုနှင့် ပါရဂူဘွဲ့အမျိုးအစားပေါင်း ၃၄ ခု တို့ကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်ပြီးဖြစ်ကြောင်း၊ ထိုသို့ တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည့်အတွက် ယခုအချိန်အထိ ဆေးပညာဘွဲ့ရရှိသူ ၄၈၄၅ဦး၊ သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့ရရှိသူ ၈၉ ဦး၊ ဒီပလိုမာဘွဲ့ရရှိသူ ၅၉၀၊ ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိသူ ၂၇၈၂ဦး၊ သွားဘက်ဆိုင်ရာ မဟာသိပ္ပံဘွဲ့ရရှိသူ ၅၀နှင့် ပါရဂူဘွဲ့ရရှိသူ ၄၂၁ ဦးရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့အပြင် နိုင်ငံတကာတက္ကသိုလ်များသို့ စေလွှတ်ပြီး အဆင့်မြင့်ဆေးပညာများကို လေ့လာသင်ကြားစေခဲ့ရာ နိုင်ငံတကာတက္ကသိုလ်များမှ ဆေးပညာမဟာသိပ္ပံ ဘွဲ့ရရှိသူ ၄၀၊ ပါရဂူဘွဲ့ရရှိသူ ၂၄ ဦးနှင့် တော်ဝင်သမားတော်ဘွဲ့ရရှိသူ ၂၂၇ ဦးတို့ ရှိခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

တပ်မတော်ဆေးတက္ကသိုလ်နည်းတူ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ်တွင်လည်း သူနာပြုနှင့် ဆေးဘက်ဆိုင်ရာဒီပလိုမာသင်တန်း ၇ မျိုး၊ သူနာပြုနှင့် ဆေးဘက်ဆိုင်ရာ ဘွဲ့လွန်သင်တန်း အမျိုးအစား ၆ ခုနှင့် ပါရဂူသင်တန်းအမျိုးအစား ၃ ခုတို့ကို တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ထိုသို့ ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှ သူနာပြုနှင့် ကျွမ်းကျင်သူ စုစုပေါင်း ၄၁၅၈ ဦး၊ ဘွဲ့လွန်ဒီပလိုမာ ရရှိသူ ၅၂၆ ဦး၊ မဟာဘွဲ့ရရှိသူ ၆၄၁ ဦးနှင့် ပါရဂူဘွဲ့ ရရှိသူ ၃၀ ရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ၎င်းအပြင် သူနာပြုနှင့် ကျွမ်းကျင်သူများကို နိုင်ငံတကာသို့ စေလွှတ်ပြီး ပညာသင်စေခဲ့ရာ နိုင်ငံတကာတက္ကသိုလ်များမှ မဟာဘွဲ့ရရှိသူ ၅ ဦးနှင့် ပါရဂူဘွဲ့ ရရှိသူ ၂ ဦး ရှိခဲ့သည်ကိုလည်း တွေ့ရှိရကြောင်း။

တက္ကသိုလ်ကြီးများက သင်တန်းသားများ၊ ကျောင်းဆင်းအရာရှိများကို အမှတ် (၁)တပ်မတော်ဆေးရုံ(ခုတင်-၇၀၀)အပါအဝင် တပ်မတော်ဆေးရုံကြီးများတွင် လက်တွေ့ ဆေးပညာဆက်လက်သင်ကြားပြီး ပြုစုပျိုးထောင်ပေးနေခြင်းကြောင့် ခေတ်မီတပ်မတော်(Standard Army) တည်ဆောက်ရေးအတွက် အရေးကြီးဆုံးဖြစ်သည့် ဆေးဘက်ပညာပိုင်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်သကဲ့သို့ မြန်မာပြည်သူပြည်သားတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးရာတွင်လည်း များစွာအထောက်အကူပြုလျက်ရှိသည်ဟု ဆိုရမှာဖြစ်ကြောင်း။

**ဓာတ်ရောင်ခြည်ဖြင့် ကုသမှုခံယူနိုင်**

ကမ္ဘာပေါ်တွင် ကူးစက်နိုင်သော ရောဂါများနှင့် မကူးစက်နိုင်သော ရောဂါများ ဖြစ်ပွားလျက်ရှိရာ မကူးစက်နိုင်သော ရောဂါများတွင် ကင်ဆာရောဂါသည် အဖြစ်အများဆုံး ရောဂါတစ်ခုပင်ဖြစ်ကြောင်း၊ ကင်ဆာရောဂါလူနာများ၏ ၆၀ ရာခိုင်နှုန်းခန့်သည် ဓာတ်ရောင်ခြည်ဖြင့် ကုသမှုခံယူနိုင်ရန် လိုအပ်ပါကြောင်း။

ကင်ဆာလူနာများအတွက် ဓာတ်ရောင်ခြည်ကုသမှုလိုအပ်ချက်သည် တစ်စတစ်စ များပြားလာသည့်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ယူချိန်မှစပြီး Linear Accelerator (LA) ဟု ခေါ်သည့် ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါ ကုသစက်ကြီးများနှင့် ခေတ်မီကုသရေးအဆောက်အဦများကိုတပ်မတော်ဆေးရုံကြီးများတွင် တိုးချဲ့ဆောက်လုပ်တပ်ဆင်ပေးခဲ့ရာမှ ယခင်က အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀) (ရန်ကုန်)နှင့် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)(အောင်ပန်း)တို့၌သာ ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသစက်ကြီးများ ကုသရာမှ ယခုအခါတွင် အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) (ပြင်ဦးလွင်) မှာပင် ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသစက်ကြီးများကို တပ်ဆင်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါစက်သစ်ကြီးများ ရှိလာသည့်အတွက် မြန်မာပြည်အထက်ပိုင်းတွင်ရှိသည့် တပ်မတော်သားများ၊ မိသားစုဝင်များနှင့် ပြည်သူများအတွက် အားကိုးအားထားပြုရမည့် ကင်ဆာကုသပေးရာ ဌာနတစ်ခုဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း။

**ပိုမိုထိရောက်စွာ ဆောင်ရွက်**

ထို့အပြင် နေပြည်တော်တွင်ရှိသည့် အမှတ်(၂) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) တွင်လည်း Cyberknife ဟုခေါ်သည့် အဆင့်မြင့်ဓာတ်ရောင်ခြည်ကုသစက် တစ်လုံး ရှိနေသည့်အတွက် ယနေ့အခါ တပ်မတော်ဆေးရုံကြီး ၄ ရုံတွင် ကင်ဆာရောဂါဝေဒနာရှင်များကို ခွဲစိတ်ခြင်း၊ ဓာတ်ရောင်ခြည်ဖြင့်ကုသခြင်း၊ ကင်ဆာဆေးများဖြင့် ကုသခြင်း အစရှိသည့် ပြီးပြည့်စုံသော ကင်ဆာကုသမှုများကို ပြုလုပ်ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ ကင်ဆာရောဂါကုသမှုလုပ်ငန်းများသည် သုတေသနလုပ်ငန်းများနှင့် ယှဉ်တွဲလုပ်ဆောင်ရခြင်း ဖြစ်သည့်အတွက် တပ်မတော်ဆေးရုံကြီး ၄ ရုံမှ ကင်ဆာသုတေသနအချက်အလက်များကို အမြဲလေ့လာသုံးသပ်နေရန် လိုကြောင်း၊ ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာနက ပြုလုပ်ထားသည့် ကင်ဆာသုတေသန အချက်အလက်များနှင့် ပေါင်းစပ်လိုက်ပါက တစ်မျိုးသားလုံး၏ ကင်ဆာရောဂါနှင့် ပတ်သက်သည့် သုတေသနအချက်အလက်များ ပိုမိုပြည့်စုံစွာ သိရှိလာနိုင်မည်ဖြစ်ကြောင်း၊ ထို့မှတစ်ဆင့် မြန်မာနိုင်ငံသားများ၏ ကင်ဆာရောဂါနှင့်ပတ်သက်သည့် ရောဂါကြိုတင်ရှာဖွေရေး၊ ကုသရေး၊ ကာကွယ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်လာမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကင်ဆာဆောင်၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် လူနာများအား ကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

*စာမျက်နှာ ၅ မှ*

နိုင်ငံတကာတွင်လည်း ကျန်းမာရေးနှင့် ပတ်သက်၍ သုတေသနရလဒ်များသည် နှစ်စဉ်တိုးတက်နေခြင်း တွေ့ရှိနေရသည့်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ထိတွေ့၍အတွေ့အကြုံဖလှယ်ပြီး မိမိနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုတိုးတက်စေရေးကို ဆောင်ရွက်သွားကြရန်လိုကြောင်း။

ဆေးဝန်ထမ်းတပ်ဖွဲ့များသည် ပြည်သူလူထုအကျိုးပြု ဆေးကုသမှုလုပ်ငန်းများကို သာမန်အချိန်များတွင်သာမက သဘာဝဘေးအန္တရာယ်များ ကျရောက်သည့်အချိန်များတွင်လည်း ရှေ့တန်းကတက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတွင် အထူးဆေးကုသအဖွဲ့ ၅ ဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် စုစုပေါင်းလူနာ ၄၁၀၆၃ ဦးကို ပြုစုကုသပေးနိုင်ခဲ့ကြောင်း၊ အလားတူ ၂၀၁၀ ပြည့်နှစ်တွင် ဖြစ်ပွားခဲ့သည့် ဂီရီဆိုင်ကလုန်းမုန်တိုင်းတွင်လည်း အထူးဆေးကုသအဖွဲ့ ၃ ဖွဲ့သည် ရခိုင်ပြည်နယ်တွင် စုစုပေါင်းလူနာ ၃၆၉၄ ဦးကို ဆေးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် ၂၀၁၁၊ ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၈ နှင့် ၂၀၂၀ ပြည့်နှစ်များတွင် ဖြစ်ပွားခဲ့သည့် ရေဘေးအန္တရာယ်များတွင်လည်း အထူးကုဆေးအဖွဲ့ ၄၃ ဖွဲ့သည် ရေဘေးသင့်လူနာ စုစုပေါင်း ၅၇၆၀၉ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ကြောင်း။

**အားကြိုးမာန်တက်ဆောင်ရွက်**

ယခုနှစ်အတွင်း မိုခါဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ရာ ရခိုင်ပြည်နယ်ရှိ မြို့နယ်ရှစ်မြို့နယ်တွင်ဆေးဝန်ထမ်းတပ်ဖွဲ့မှ အထူးဆေးကုသအဖွဲ့နှစ်ဖွဲ့နှင့် ကူညီကယ်ဆယ်ရေးဆေးအဖွဲ့ ၁၀ ဖွဲ့စေလွှတ်ပြီး ဒေသခံပြည်သူလူထု စုစုပေါင်း ၂၈၃၄၉ ဦးအတွက် ဆေးကုသမှုနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ပေးခဲ့ကြကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် နယ်လှည့်ဆေးကုသရေးလုပ်ငန်းများကို ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လာခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန်အတွက် တပ်မတော်အနေဖြင့် ရွှေ့လျားဆေးကုသယာဉ် ၆ စီး၊ အထူးစမ်းသပ်စစ်ဆေးသည့် ခွဲစိတ်ခန်းယာဉ် တစ်စီး၊ ပင်လယ်သွားဆေးရုံရေယာဉ် တစ်စင်းနှင့် မြစ်တွင်းသွား ဆေးရုံရေယာဉ်တစ်စင်းတို့ကို ဝယ်ယူဖြည့်တင်းပေးထားခဲ့ကြောင်း။

ထို့အပြင် ဆေးဝန်ထမ်းတပ်ဖွဲ့သည် ကမ္ဘာ့ကပ်ရောဂါဖြစ်သည့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည့်ကာလများတွင်လည်း ပြည်သူများအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၇၀၀)တွင် မန္တလေးတိုင်းဒေသကြီးအတွင်းတွင်ရှိသည့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည့် လူနာများကို အစွမ်းကုန် ပြုစုကုသပေးခဲ့သည့်အပြင် ခေတ်မီရောဂါရှာဖွေရေး နည်းလမ်းတစ်ခုဖြစ်သည့် PCR နည်းဖြင့် ကိုဗစ်-၁၉ ရောဂါရှာဖွေခြင်းတို့ကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ၎င်းအပြင် ရောဂါကာကွယ်ရေးအတွက် ကာကွယ်ဆေးထိုး လုပ်ငန်းစဉ်များတွင်လည်း ရှေ့တန်းက ပါဝင်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဂုဏ်ပြုမှတ်တမ်းတင်ကြောင်းကို ပြောကြားလိုပါကြောင်း။

ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် ပြည်သူအကျိုးပြုဆေးကုသမှုများ ဆောင်ရွက်ရာတွင် ဝေးလံခေါင်ဖျားဒေသများဖြစ်သည့် ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကိုလည်း သွားရောက်တာဝန်ထမ်းဆောင်ခဲ့ကြကြောင်း၊ ၂၀၁၆ ခုနှစ်မှစပြီး ပါရဂူများ၊ ဆေးမှူးအရာရှိများကို ၄ ကြိမ်တိုင်တိုင် စေလွှတ်ခဲ့ရာ ယခု စတုတ္ထအကြိမ်မြောက်တွင် ပါရဂူ/ဆေးမှူး ၁၈ ဦးသည် တိုင်းရင်းသားညီအစ်ကိုများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဦးလည်မသုန် ဆောင်ရွက်လျက်ရှိကြောင်း၊ ပထမအကြိမ်စေလွှတ်ခဲ့ချိန်တွင် ဒေသခံပြည်သူလူထု ၂၀၂၃၂ ဦး၊ ဒုတိယအကြိမ်တွင် ၁၇၁၀၈၄ ဦးနှင့် တတိယအကြိမ်တွင် ၉၃၆၀၀ စုစုပေါင်း ၄၆၇၀၁၆ ဦးတို့ကို ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း၊ ၎င်းသည် မိမိတို့တပ်မတော်၏ တိုင်းရင်းသားပြည်သူများ၏ အရေးနှင့်ပတ်သက်၍ အစဉ်အမြဲ ဦးထိပ်ထားဆောင်ရွက်ပေးနေခြင်းကို ဖော်ပြနေခြင်းပင်ဖြစ်ကြောင်း။

အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၇၀၀)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် နှစ်ပေါင်း(၁၀၀)ကာလအတွင်း တပ်မတော်မှ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့်အတွက် တပ်မတော်ရွှေရတုတံဆိပ်ရရှိသူ ၃၁ ဦး၊ တပ်မတော်စိန်ရတုတံဆိပ်ရရှိသူ ၁၁၂ ဦးရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ၎င်းအပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ချီးမြှင့်သည့် ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ သုံးဦးနှင့် သူရဲကောင်းလက်မှတ်ရရှိသူ တစ်ဦးရှိခဲ့သည်ကိုလည်း တွေ့ရှိရကြောင်း။

**ဂုဏ်ပြုအသိအမှတ်ပြု**

ထို့ကြောင့် နိုင်ငံတော်၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတစ်လျှောက်နှင့် နိုင်ငံတော်တည်ဆောက်ရေးကာလတစ်လျှောက်တွင်လည်းကောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၏ ကျန်းမာရေးစောင့်ရှောက်မှု၊ ကာကွယ်ကုသမှုများကို ဆောင်ရွက်ရာတွင်လည်းကောင်း၊ နှစ်ပေါင်း(၁၀၀) ကာလအတွင်းတွင် စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသည့် အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၇၀၀)မှ ပါရဂူ၊ ဆေးမှူး၊ သူနာပြု/ကျွမ်းကျင်သူများနှင့် စစ်သည်များအားလုံးကို ဂုဏ်ပြုအသိအမှတ်ပြုပါကြောင်း အလေးထားပြောကြားလိုပါကြောင်း။

အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၇၀၀)သည် နှစ်ပေါင်း(၁၀၀)သက်တမ်း ပြည့်မြောက်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုနှစ်ပေါင်း(၁၀၀)ကာလတစ်လျှောက်တွင် ဆေးရုံကြီးတွင်ရှိသည့် ပါရဂူ၊ ဆေးမှူး၊ သူနာပြုနှင့်ကျွမ်းကျင်သူ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် တိုင်းပြည်နှင့်လူမျိုးအကျိုး၊ တပ်မတော်အကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြကြောင်း၊ ဆေးရုံတွင်ရှိသည့် နှစ်(၁၀၀)သက်တမ်းရှိသည့် သမိုင်းဝင်အဆောက်အဦများကို ဆက်လက်ထိန်းသိမ်းထားရှိသည့်နည်းတူ ဆေးပညာရပ်ဆိုင်ရာများကိုလည်း အမြဲတစေ ခေတ်မီတိုးတက်သော နည်းပညာများအသုံးပြုနိုင်အောင် အားထုတ်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ထို့အတူပင် အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲမှ တင်ပြဆွေးနွေးကြမည့် ဆေးဘက်ဆိုင်ရာ သုတေသနတွေ့ရှိချက်များကို လက်တွေ့နယ်ပယ်တွင် ပြန်လည်အသုံးချနိုင်အောင် ကြိုးစားသွားရမည်ဖြစ်ကြောင်း၊ ဆေးတပ်ဖွဲ့ဝင်များအနေဖြင့် ယခုလို အစဉ်အလာကောင်းများကို လက်ဆင့်ကမ်းထိန်းသိမ်းရင်း ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ တပ်မတော်သားများနှင့် မိသားစုများ၏ ဆေးအကာအကွယ်ပေးရေးလုပ်ငန်းများတွင် ယခုထက်ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ပါစေကြောင်းနှင့် အမှတ်(၁)တပ်မတော် ဆေးရုံ(ခုတင်-၇၀၀)၏ နှစ်(၁၀၀)ပြည့် ကာလမှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ဆက်လက်တည်တံ့ပါစေကြောင်းကို ဆုမွန်ကောင်းပို့သပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)က အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)၊ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဆုရရှိသည့် အရာရှိတစ်ဦးအားလည်းကောင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေးက နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဆုရရှိသည့် စစ်သည်တစ်ဦးအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။


ထို့နောက် အမှတ်(၁)တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)၊ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် မှတ်တမ်းရုပ်သံ Video ကို ပြသပြီး နိုင်ငံကျော်အနုပညာရှင်များနှင့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ထံ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးက နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြု ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က တက်ရောက်လာကြသည့် အငြိမ်းစား ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကား ပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ပိုစတာများ၊ ဆေးနှင့်ဆေးပစ္စည်းပြခန်းများနှင့် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) နှစ် (၁၀၀)ပြည့်အထိမ်းအမှတ် ဆုရရှိသည့် အရာရှိတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ခင်းကျင်းပြသထားသည့် ဆေးနှင့်ဆေးပစ္စည်းပြခန်းများကို ကြည့်ရှုလေ့လာစဉ်။



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဆုရရှိသည့် စစ်သည်တစ်ဦးအား ဂုဏ်ပြုဆုပေးအပ်စဉ်။

▲ *ကျောဖုံးမှ*

အဆိုပါအခြေအနေတွင် တပ်မတော်သားများ ပါဝင်ဆောင်ရွက်နေမှုများကို သိရှိစေလို၍ ယခုကဲ့သို့လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်အဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်၊ ခရိုင်/မြို့နယ်အဆင့်အထိ အုပ်ချုပ်မှုဆိုင်ရာအဖွဲ့များ အဆင့်ဆင့်ဖွဲ့စည်း၍ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတာဝန်အရပ်ရပ်ကို နေ့ညမပြတ်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဖြစ်ပေါ်လာခြင်းသည် ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ၌ မဲမသမာမှုများနှင့် ယှဉ်တွဲအမြတ်ထုတ်လျက် နိုင်ငံတော်အာဏာသုံးရပ်ကို အဓမ္မရယူရန် ကြိုးပမ်းမှုအတွက် အဆိုပါပြဿနာရပ်များအပေါ် တပ်မတော်က ဖြေရှင်းပေးရန် အကြိမ်ကြိမ်တောင်းဆိုမှုအပေါ် တာဝန်ရှိသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ မသိကျိုးကျွံပြုလျက် ပြဿနာရပ်အပေါ် ရှောင်လွှဲမှုများကြောင့် ဖြစ်ပေါ်လာရသည်ကို အားလုံးကသိရှိပြီးဖြစ်ကြောင်း။

### ပြည်သူတို့၏ လူမှုစီးပွားဘဝမြင့်မားရေး

နိုင်ငံ့အာဏာအရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ္တထိန်းသိမ်းရာတွင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်အထိ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် ၁၂ ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော်လည်း ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၁ ရက်မှ စပြီး ပြောင်းလဲဖြစ်ပေါ်လာသော အခြေအနေများအရ ရှေ့လုပ်ငန်းစဉ်(၅) ရပ်နှင့် ဦးတည်ချက် (၉)ရပ်ကို ပြောင်းလဲချမှတ် အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ယခင်ရှေ့လုပ်ငန်းစဉ် (၅)ရပ်တွင် ဖြစ်ပေါ်နေသော မဲမသမာမှုဆိုင်ရာများ ဖြေရှင်းရန်ကိစ္စ၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ကုသ၊ ထိန်းချုပ်ရန်ကိစ္စနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် ယိုင်နဲ့နေသော စီးပွားရေးကို ပြန်လည်တည့်မတ်ရန်ဆိုသည့် အချက်သုံးချက်မှာ ယနေ့အချိန်တွင် ဖြေရှင်းဆောင်ရွက်ပြီးဖြစ်၍ ယနေ့အချိန်နှင့်ကိုက်ညီသည့် တစ်နိုင်ငံလုံး အတိုင်းအတာအရ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရန်အတွက်လည်းကောင်း၊ ပြည်သူတို့၏ လူမှုစီးပွားဘဝ မြင့်မားရေးတို့အတွက်လည်းကောင်း၊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းတို့ကို ဆောင်ရွက်ရန်အတွက်လည်းကောင်း စသည့်အချက်သုံးချက်ဖြင့် အစားထိုးပြင်ဆင်လျက် ငြိမ်းချမ်းရေးဆိုင်ရာနှင့် အထွေထွေရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကိုမူ နိုင်ငံတော်၏ မူလရည်မှန်းချက်အတိုင်း ရှေ့လုပ်ငန်းစဉ်၌ ထည့်သွင်းလျက် အဆိုပါ ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်၍ ဦးတည်ချက်(၉)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးရည်မှန်းချက် (၂) ရပ်ဖြစ်သည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံ




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများပေးအပ်စဉ်။**

ဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး၊ အမျိုးသားရည်မှန်းချက်(၂) ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စား၊ ရေ၊ ရိက္ခာဖူလုံရေးတို့ကို အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။ ပါတီစုံဒီမိုကရေစီစနစ်သည် ပြည်သူ၏ဆန္ဒအရ ရွေးချယ်ထားသောစနစ်ဖြစ်ပြီး အစိုးရသက်တမ်း ၂ ဆက်တိုင် ကျင့်သုံးဆောင်ရွက်ခဲ့သော စနစ်ဖြစ်၍ ပြည်သူ့ဆန္ဒကို မျက်ကွယ်ပြု၍ မရကြောင်း။

ထိုသို့ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံရေးအရ၊ စီးပွားရေးအရ မိမိတို့နိုင်ငံအပေါ် ပိတ်ဆို့မှုများ ရှိသော်လည်း စုပေါင်းညီညာ အောင်ကြောင်းဖြာဆိုသည့်အတိုင်း နိုင်ငံသူ၊ နိုင်ငံသားအားလုံး မိမိတို့ အစိုးရနှင့်အတူ စည်းစည်းလုံးလုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်မှုကြောင့် လက်ရှိဖြစ်ပွားနေသော နိုင်ငံတကာ ပဋိပက္ခများတွင် ကမ္ဘာ့စီးပွားရေး ထိခိုက်မှုများကို နိုင်ငံအားလုံး အနည်းနှင့်အများခံစားနေကြရသည့် အခြေအနေတွင် မိမိတို့ နိုင်ငံအနေဖြင့် ထိခိုက်မှုများရှိခဲ့သော်လည်း အထိုက်အလျောက် စီးပွားရေးတိုးတက်မှု ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

### ထာဝရငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ရေး ဖိတ်ခေါ်လျက်ရှိ

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုသည် မရှိမဖြစ်လိုအပ်ကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဖွဲ့စည်းကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်ရာတွင် လက်မှတ်ရေးထိုးထားပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား NCA နှင့်အညီ ဆက်လက်ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ပြီး (၈)နှစ်မြောက် NCA နှစ်ပတ်လည် အခမ်းအနားကိုလည်း ယခုလ အောက်တိုဘာ ၁၅ ရက် တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ထာဝရငြိမ်းချမ်းရေးအတွက်လည်း နိုင်ငံတော်နှင့်တပ်မတော်အနေဖြင့် အမြဲတမ်းပွင့်လင်းမြင်သာစွာ ဆွေးနွေးနိုင်ရေး ဖိတ်ခေါ်လျက်ရှိသကဲ့သို့ လက်မှတ်ရေးထိုးရန် ကျန်ရှိသောအဖွဲ့များနှင့် NCA လမ်းကြောင်း အပါအဝင် လွှတ်တော်လမ်းကြောင်းမှတစ်ဆင့် မိမိတို့၏ လိုအင်ဆန္ဒများကို တရားဝင်တောင်းဆိုခွင့် ရရှိရေးကိုလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ်အပြန်အလှန်ပွင့်လင်းမြင်သာစွာ ဆွေးနွေးလျက်ရှိကြောင်း။

**❑ ထာဝရငြိမ်းချမ်းရေးအတွက်လည်း နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် အမြဲတမ်းပွင့်လင်းမြင်သာစွာ ဆွေးနွေးနိုင်ရေး ဖိတ်ခေါ်လျက်ရှိသကဲ့သို့ လက်မှတ်ရေးထိုးရန် ကျန်ရှိသောအဖွဲ့များနှင့် NCA လမ်းကြောင်း အပါအဝင် လွှတ်တော်လမ်းကြောင်းမှတစ်ဆင့် မိမိတို့၏ လိုအင်ဆန္ဒများကို တရားဝင်တောင်းဆိုခွင့်ရရှိရေးကိုလည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် အပြန်အလှန်ပွင့်လင်းမြင်သာစွာ ဆွေးနွေးလျက်ရှိ**

နိုင်ငံတော်အစိုးရ၏ အဓိကရည်မှန်းချက်ဖြစ်သော အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာဖြစ်ပေါ်လာရေးအတွက် အရေးကြီးသည့် အချက်တစ်ချက်ဖြစ်သည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ပြင်ဆင်လျက်ရှိကြောင်း၊ မဲပေးနိုင်ခွင့်ရှိသူအားလုံး လွတ်လပ်စွာမဲပေးနိုင်ရန်နှင့် မှန်ကန်သော ရွေးကောက်ပွဲဖြစ်ရေးမှာ အရေးကြီးဆုံးဖြစ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

### အောက်တိုဘာ ၁ ရက်မှစ၍ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ တာဝန်ယူဆောင်ရွက်ပေးရမည့် အထွေထွေရွေးကောက်ပွဲတွင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကဲ့သို့ နိုင်ငံတော်၏ ဒီမိုကရေစီသမိုင်းကြောင်း အမဲစက်မဖြစ်စေရေး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်များမှလည်း လိုအပ်သည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေစည်းမျဉ်းများ၊ ပါတီများမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေများကို ရေပတ်မဝင် မှားယွင်းမှုမရှိစေရေး ပြင်ဆင်လျက်ရှိသကဲ့သို့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း အသည်းကြားမှ မဲတစ်ပြားကို တစ်ကြိမ်လျှင် တစ်ယောက်သာ တိတိကျကျ မဲပေးနိုင်ရေး၊ နိုင်ငံသားမှတ်ပုံတင်စိစစ်ခြင်းအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် IT နည်းပညာသုံးလျက် နိုင်ငံသားစိစစ်ရေးကတ်များ မှားယွင်းမှု၊ ထပ်နေမှု၊ ကွဲလွဲမှုစသည့် ချို့ယွင်းချက်များမရှိစေရေး ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတော်အစိုးရအဆက်ဆက်စီမံကိန်းများ အကောင်အထည်ဖော်ရန်လိုအပ်လျက်ရှိသည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကိုလည်း ၂၀၂၄ ခုနှစ်အကြိုကာလအဖြစ် ယခု ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှစ၍ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းကိုလည်း စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ် ဆောင်ရွက်နေမှုအား လိုရင်းတိုရှင်း ဆွေးနွေးပြောကြားသည်။

၎င်းနောက် တပ်မတော်၏ ပါဝင်ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ပြောကြားရာတွင် တပ်မတော်သားတိုင်း၏ တာဝန်မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင် ဒွိတာဝန်အရေးသုံးပါးကို အခြေခံ၍ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ်၊ နိုင်ငံ၏ ရည်မှန်းချက် ၂ ရပ်နှင့် အမျိုးသားရေးရည်မှန်းချက် ၂ ရပ် အကောင်အထည်ဖော်ရာတွင် တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍမှ ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ ထိုသို့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်မှာ တိုက်စွမ်းအား၊ တိုက်စွမ်းရည် တိုးတက်မြင့်မားရန် အရေးကြီးကြောင်း။

ပြင်ဦးလွင်တပ်နယ်သည် တပ်မတော်၏ လူ့စွမ်းအားအရင်းအမြစ်ကို စနစ်တကျမွေးထုတ်ပေးနေသည့် တပ်နယ်ကြီးတစ်ခုဖြစ်ပြီး အဆင့်မြင့်လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်၏ မြေပြင်၊ ရေပြင်နှင့် ဝေဟင်ပိုင်နက်များကို အပြည့်အဝကာကွယ်နိုင်ရန် အထောက်အကူပြုလျက်ရှိသည့် လက်ရုံးတပ်ဖွဲ့များအတွက်လည်း လိုအပ်သည့်သင်တန်းများကို လေ့ကျင့်မွေးထုတ်ပေးရာ တပ်နယ်တစ်ခုလည်းဖြစ်ကြောင်း၊ တပ်နယ်ရှိ သင်တန်းကျောင်းအသီးသီးမှ နည်းပြများအနေဖြင့် မိမိတို့ကိုယ်တိုင် ပညာပြည့်ဝနေအောင် မပြတ်လေ့လာဆည်းပူးနေရန် လိုအပ်သကဲ့သို့ သင်ကြား သင်ယူနေသည့် သင်တန်းသားများ အမှန်တကယ် တတ်မြောက်ကျွမ်းကျင်ရန် စေတနာထား၍ မိမိတို့ထက်တော်သည့် တတ်သည့် တပည့်များဖြစ်အောင်သင်ကြားလေ့ကျင့်ပေးရန်လည်း လိုကြောင်း။

### တပ်မတော်ကို စွမ်းရည်ထက်မြက်သော တပ်မတော်အဖြစ်တည်ဆောက်

ကွပ်ကဲကြပ်မတ်ရသည့် တာဝန်ရှိသူများအနေဖြင့်လည်း ကွပ်ကဲမှုအောက် အရာရှိ၊ စစ်သည်များကို မိမိ၏ မိသားစုများသဖွယ်ခံယူပြီး သက်သာချောင်ချိမှုကို အလေးထား ဖြည့်ဆည်းပေးနေရန်လိုကြောင်း၊ အရာရှိ၊ စစ်သည်များအနေဖြင့် လုပ်ငန်းတာဝန်များကို ရိုးသားဖြောင့်မတ်စွာဖြင့် မှန်မှန်ကန်ကန်ဆောင်ရွက်ရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် မိမိဝင်ငွေနှင့်ထွက်ငွေကို မျှတစွာသုံးစွဲတတ်ရန် လိုအပ်ပြီး တာဝန်ရှိသူများမှလည်း သက်သာချောင်ချိမှုများ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဝင်ငွေနှင့်ထွက်ငွေ မျှတစေရေး၊ ခြိုးခြံချွေတာရန်လိုအပ်သကဲ့သို့ ကုန်ကျနိုင်မည့် အရက်၊ ဆေးလိပ်၊ ကွမ်းအပါအဝင် လူမှုရေးဆိုင်ရာ ကိစ္စ၊ လောင်းကစားမှုဆိုင်ရာကိစ္စစသည့် ဆောင်ရန်၊ ရှောင်ရန်အချက်များကိုလည်း အရာရှိ၊ စစ်သည်၊ မိသားစုများ လိုက်နာရန် လိုအပ်ကြောင်း၊ ၎င်းအပြင် အပိုဝင်ငွေရရှိရေးနှင့် စားရေးအထောက်အကူပြုနိုင်သည့် မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို မူဝါဒ၊ ညွှန်ကြားချက်များနှင့်အညီ မိမိအသိစိတ်ဓာတ်ဖြင့် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ သို့မှသာ မကြောင့်မကြသောစိတ်ဖြင့် ပေးအပ်သော တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်ကို စွမ်းရည်ထက်မြက်သော တပ်မတော်အဖြစ် တည်ဆောက်ရာတွင် အရေးကြီးသော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရာ တပ်နယ်ဖြစ်၍ မိမိတို့၏ တာဝန်ထမ်းဆောင်မှုအပေါ် ဂုဏ်ယူစွာဖြင့် ကျေပွန်စွာထမ်းဆောင်ကြရန်လိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) သည် တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကိုပေးအပ်ရာ တပ်နယ်မှူးက လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီးက ထောက်ပံ့ငွေများကိုပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးကလည်းကောင်း လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၃/ ၂၀၂၃) ကြိမ်မြောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အမျိုးအစား လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းအပါအဝင် လုပ်ငန်းသစ် ၆ ခုကိုခွင့်ပြု

**နေပြည်တော် အောက်တိုဘာ ၂**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၃/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၁၈) ပြည်ထောင်စု အစိုးရအဖွဲ့ရုံး၌ကျင်းပရာ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယ ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**လုပ်ငန်းသစ် ခြောက်ခုခွင့်ပြု**

အစည်းအဝေးတွင်ဆောင်ရွက်ဆဲရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ရှစ်ခု၏ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် လျှပ်စစ်ကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ်ခြောက်ခုကို ခွင့်ပြုပေးခဲ့ပြီး အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါလာ ၇၂ ဒသမ ၉၈ သန်းနှင့် ငွေကျပ် ၃၁၄၇၃၉ ဒသမ ၁၄၁ သန်းဖြစ်ပြီး ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၆၀၀ ကျော်ကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့အစည်းအဝေးက ခွင့်ပြုခဲ့သော လုပ်ငန်းများတွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အမျိုးအစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းလည်း ပါဝင်သည်။

**ရင်းနှီးမြှုပ်နှံထား**

၂၀၂၃ ခုနှစ် ဩဂုတ်လကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ ဒေသပေါင်း ၅၂ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ/ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၄၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၄၆ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၃၈ ရာခိုင်နှုန်းဖြင့် လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

**ဥပဒေနှင့်အညီဆောင်ရွက်**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာများအား စိစစ်ခွင့်ပြုခြင်းကို လည်းကောင်း၊ လက်ရှိရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကို လည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပအိုဝ်း၊ ဓနု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့များ မြို့မိမြို့ဖများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ

တောင်ကြီး အောက်တိုဘာ ၂

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်သည် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပအိုဝ်း၊ ဓနု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ၊ တိုင်းရင်းသား စာပေယဉ်ကျေးမှုအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ယနေ့ မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့အား ချီးမြှင့်ငွေများ ပေးအပ်စဉ်။

**ဆက်လက်တင်ပြ ဆောင်ရွက်ပေးသွားမည်**

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့နှင့် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်လိုအပ်ချက်များ၊ လူမှုရေး၊ စီးပွားရေး လိုအပ်ချက်များကို မိမိတို့အနေဖြင့် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးရန်နှင့် လိုအပ်ပါက ပြည်ထောင်စုအဆင့်မှ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး ဒေသခံပြည်သူလူထုနှင့် လာရောက်တွေ့ဆုံရခြင်း ဖြစ်ပါကြောင်း၊ ဒေသ၏လိုအပ်ချက်များအပေါ် ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်ဖြင့် ဆောင်ရွက်နိုင်သည့်အပိုင်းကို ပြည်နယ်ဝန်ကြီးချုပ်က ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုမှ ဆောင်ရွက်ပေးရမည့် ကဏ္ဍများကို ပြည်ထောင်စုအဆင့်သို့ ဆက်လက်တင်ပြ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**လိုအပ်ချက်များ တင်ပြဆွေးနွေး**

ဆက်လက်၍ တက်ရောက်လာကြသော ပအိုဝ်း၊ ဓနု၊ အင်း စာပေယဉ်ကျေးမှု အဖွဲ့များနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ဆန်စက်လုပ်ငန်းရှင်များအသင်း၊ အာလူး လုပ်ငန်းရှင်များအသင်း၊ မဲနယ်တောင်ဒေသ ကော်ဖီစိုက် အစုအဖွဲ့၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီလုပ်ငန်းရှင်များနှင့် မြို့မိမြို့ဖများက ဒေသလိုအပ်ချက်များ တင်ပြဆွေးနွေးကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက တိုင်းရင်းသား စာပေယဉ်ကျေးမှုအဖွဲ့နှင့် စီးပွားရေး လုပ်ငန်းရှင်များ၏ လိုအပ်ချက်တင်ပြမှုအပေါ် ဖြေရှင်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးအောင်ကြည်ဝင်းတို့က တိုင်းရင်းသား စာပေယဉ်ကျေးမှုအဖွဲ့များအား ချီးမြှင့်ငွေများ ပေးအပ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေတောင်မြို့နယ်ရှိ ဒေသခံပြည်သူများအား အထူးကုဆရာဝန်ကြီးများက အခမဲ့ကွင်းဆင်းဆေးကုသ

**ရွှေတောင် အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်၌ ယမန်နေ့ နံနက်ပိုင်းက ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ခရိုင်ကုသရေးဦးစီးဌာနမှူးတို့၏ စီစဉ်မှုဖြင့် ပြည်မြို့ခုတင် (၅၀၀) ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာသီတာစိုး ဦးဆောင်၍ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက ရွှေတောင်မြို့နယ်ကွေ့မတိုက်နယ်ဆေးရုံ၌ ဒေသခံပြည်သူများအား အခမဲ့ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ခဲ့ကြသည်။



အဆိုပါ အခမဲ့ကွင်းဆင်းဆေးကုသမှု ပြုလုပ်ဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ အောင်မျိုးသန့်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်ခဲ့ရာ ကုသမှုခံယူသူ စုစုပေါင်း ၃၁၃ ဦးတို့အား အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**

## ရေကြီးခြင်းသတိပေးချက်

**နေပြည်တော် အောက်တိုဘာ ၂**

ယနေ့ နံနက် ၇နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေကျော် (၃၅ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)(၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော်  အောက်တိုဘာ  ၂**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ NCA နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဦးစီးကော်မတီတွင် ပါဝင်သည့် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

**ဘဏ္ဍာငွေသုံးစွဲမှု ခြိုးခြံချွေတာ ဆောင်ရွက်သွားရန်လို**

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အဖွင့်အမှာစကားပြောကြားရာတွင် NCA (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားနှင့်ပတ်သက်၍ လုပ်ငန်းကော်မတီအလိုက် မိမိတို့တာဝန်ယူရမည့် လုပ်ငန်းများ လစ်ဟာမှုမရှိစေရေး စနစ်တကျ စိစစ်ကြပ်မတ် ဆောင်ရွက်ကြရန်၊ လုပ်ငန်းများအောင်မြင်ပြီးမြောက်အောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန်နှင့် ကော်မတီအလိုက် ဘဏ္ဍာငွေသုံးစွဲမှု ခြိုးခြံချွေတာ ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။ ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင် ဗိုလ်မှူးကြီးဝဏ္ဏအောင်က အခမ်းအနား ကျင်းပရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**လိုအပ်သည်များ အကြံပြုဆွေးနွေး**

ဆက်လက်၍ တက်ရောက်လာသည့် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များက မိမိတို့ လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**



NCA နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ MSME များ လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော်  အောက်တိုဘာ  ၂**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ အဂ္ဂဂေဟာ မြန်မာမှုပန်းပုလုပ်ငန်း၊ ဇမ္ဗူသီရိမြို့နယ် မြို့မဈေးရှိ အိမ်ရှင်မ ဆန်၊ ဆီ လက်လီ/လက်ကား ရောင်းဝယ်ရေးလုပ်ငန်း၊ သပြေကုန်းဈေးပွဲရုံတန်းရှိ စောနေလ စားသောက်ကုန်လုပ်ငန်းနှင့် နေပြည်တော် ပုံရိပ်သစ် သစ်ထွင်းလေဆာပန်းချီလုပ်ငန်း၊ ဒက္ခိဏသီရိမြို့နယ်ရှိ April Four Co., Ltd. ၏ ရဲယိုဖျော်ရည် ထုတ်လုပ်မှုလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)



ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် MSME များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် MSME စတင်ဆောင်ရွက်မည့် လုပ်ငန်းများ၊ လုပ်ငန်းတိုးချဲ့ ဆောင်ရွက်မည့် လုပ်ငန်းရှင်များအတွက် ငွေကျပ် ဘီလီယံ ၁၇၀ ကို MSME အထူးရန်ပုံငွေအဖြစ် ထူထောင်၍ ထုတ်ချေးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ MSME များသည် သွင်းကုန်အထွက်တိုး လုပ်ငန်းများဖြစ်၍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ငန်းရှင်များကလည်း ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ MSME များ၏ ထုတ်ကုန်များ တွင်ကျယ်စွာ ရောင်းချနိုင်ရန်နှင့် ထုတ်ကုန်ပစ္စည်းများအား သုံးစွဲသူပြည်သူများ လွယ်လင့်တကူသိရှိနိုင်ရေးအတွက် ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဆိုင်ရာ အဆင့်မြှင့်တင်နိုင်ရန် စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေး ဒစ်ဂျစ်တယ်စီးပွားရေးစနစ်နှင့်ပတ်သက်သည့် နည်းပညာသင်တန်းကိုလည်း မိတ်ဖက်အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုဖြင့် ဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးပြီးဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနရှိ ဓာတ်ခွဲခန်းများမှ MSME များ၏ ထုတ်ကုန်များအနက် စားသောက်ကုန်ပစ္စည်းများကို ပြည်သူများ ဘေးကင်းလုံခြုံစွာ အသုံးပြုနိုင်ရေးအတွက် စစ်ဆေးပေးခြင်း၊ လိုအပ်သည့်အကြံဉာဏ်များပေးခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း၊ MSME လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်မှ သတ်မှတ်ထုတ်ပြန်ထားရှိသည့် အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များနှင့်ပတ်သက်၍ ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ လက်ထောက်အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယအထွေထွေ မန်နေဂျာများ တက်ရောက်ကြပြီး စက်ရုံမှူးများ၊ တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဦးစီးဌာနမှူးများ၊ စိုက်ကွင်း/ စိုက်ခြံ တာဝန်ခံများ၊ စက်မှု သင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများက Virtual စနစ်ဖြင့် သတ်မှတ်နေရာအသီးသီးမှ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်တင်ဘာ ၂၉ ရက်က ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၃) တွင် နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ခဲ့သည့် အချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ဖျာပုံမြို့နယ်၌ ခရိုင်/ မြို့နယ်မီးသတ်ဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂ ရက်က မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပရာ ဖျာပုံမြို့နယ် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲလင်းဦးက အမှာစကားပြောကြားစဉ်။ (အဆိုပါ သင်တန်းကို အောက်တိုဘာ ၂၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။) အောင်ဝင်းနိုင် (ပြန်/ဆက်)

# လူမှုသဟဇာတနှင့် လူမှုပေါင်းစည်းရေးဆိုင်ရာ သင်တန်းဆင်းပွဲကျင်းပ

**ပဲခူး  အောက်တိုဘာ  ၂**

လူမှုသဟဇာတနှင့် လူမှုပေါင်းစည်းရေးဆိုင်ရာသင်တန်းဆင်းပွဲကို ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သန္တာထွေးက သင်တန်းတက်ရောက်ခြင်းကြောင့် သိရှိ ရရှိပြီးသွားသော အသိပညာဗဟုသုတများကို မိမိတို့လုပ်ငန်းခွင်၊ ရပ်ရွာလူမှု အသိုင်းအဝိုင်းနှင့် ပေါင်းစပ်ညှိနှိုင်းသည့်အခါတွင် လက်တွေ့အကျိုးရှိစွာ ပြန်လည်အသုံးချပါက ပြည်သူလူထုနှင့် ဌာနဆိုင်ရာများအကြား ယခင်ကထက် ချိတ်ဆက်မှု ပိုမိုအားကောင်းလာမည် ဖြစ်ကြောင်း၊ သင်တန်းမှ ပို့ချလိုက်သည့် သင်ခန်းစာများကို မိမိတို့လက်လှမ်းမီသော ပတ်ဝန်းကျင်၊ ပြည်သူလူထုများထံ လက်ဆင့်ကမ်း မျှဝေပေးရန်လိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို နယ်မြေဒေသအမျိုးမျိုး၊ အုပ်စုအမျိုးမျိုးနှင့် နောက်ခံအမျိုးမျိုးရှိသော သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ၎င်းတို့ဆောင်ရွက်သည့် လုပ်ငန်းတိုင်းတွင် လူမှုကျွမ်းဝင်ရင်းနှီးပေါင်းစပ်မှုများအား ထည့်သွင်းစဉ်းစားလာနိုင်ပြီး အသိပညာ အတတ်ပညာနှင့် အဓိကကျွမ်းဝင်မှုများရရှိကာ ပဋိပက္ခပြဿနာများကို ခွဲခြားစိတ်ဖြာ၍ ဖြေရှင်းရမည့်နည်းလမ်းကောင်းများ ချမှတ်ကာ ခိုင်မာအားကောင်းသော လူမှုအသိုင်းအဝိုင်းများ ဖြစ်လာစေရန် ရည်ရွယ်၍ စက်တင်ဘာလ ၂၇ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ပဲခူးမြို့ပေါ်ရပ်ကွက်များမှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သက်ထက်**

ကမ္ဘာ့ဆရာများနေ့ဂုဏ်ပြုဆောင်းပါး

# ပညာရေးမျှော်မှန်းချက်နှင့် မြတ်ဆရာတို့၏အခန်းကဏ္ဍ

**ဒေါက်တာမောင်ကျော် ပါမောက္ခချုပ်(ငြိမ်း)**

ဆရာများ၏ ကြီးမားသောတာဝန်နှင့် အခန်းကဏ္ဍကို ဖော်ညွှန်းရန် ရည်ရွယ်ပြီး ကမ္ဘာ့ဆရာများနေ့ကို ၁၉၉၄ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့မှ စတင်ပြီး ကျင်းပခဲ့ပါသည်။ ယခုနှစ်ဆိုလျှင် (၂၉) ကြိမ်မြောက်ရှိပြီဖြစ်ရာ ကမ္ဘာ့အရပ်ရပ်မှ နိုင်ငံပေါင်း ၁၀၀ ကျော်က ဆရာများကို လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုနေကြပါသည်။

- “ဆရာတို့သည် မျက်စိနှင့်စိတ်ကို ပညာဖြင့် ဖွင့်ပေးကြသူများဖြစ်သည်။ ကမ္ဘာ့ဆရာများနေ့သည် အောက်တိုဘာလ ၅ ရက်နေ့ ဖြစ်ပါသည်။ ကျွန်ုပ်တို့အတွက်မူ နေ့တိုင်းဖြစ်သည်။”
- “ကျွန်တော်အသက်ရှင်နေရသည့်အတွက် အဖေ့ကိုကျေးဇူးတင်ရပါသည်။ ကျွန်တော့်ဘဝ သာယာဝပြောရသည့်အတွက် ဆရာ့ကိုကျေးဇူးတင်မဆုံး ဖြစ်ရပါသည်” (Alexander the Great)
- “ကျွန်တော်တို့သည် တစ်သက်တာ သင်ယူလိုကြသူတွေဖြစ်ပါသည်။ ဆရာရှိနေပါက ထာဝရတပည့် ဖြစ်လိုပါတယ်။” (Elisabeth Rohm) တို့၏ ဂုဏ်ပြုစကားများဖြင့် ဆရာများအား ဂုဏ်ပြုလိုက်ပါသည်။

**ဆရာဆိုသည် အနန္တငါးပါးစလုံး အကျုံးဝင်သော ဂုဏ်ရှိသည့် ပုဂ္ဂိုလ်**


ဘုရားရှင်၏ သတ္တမမြောက်ဂုဏ်တော်သည်–

- ‘သတ္တာဒေဝ မနုဿာနံ’ လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် လူနတ်တို့၏ ဆရာဖြစ်သည်။
- ‘ဘုရားရှင်ဟောကြားခဲ့သော’ တရားတော်များသည် လူတို့ကို ဆရာအဖြစ် ဆုံးမလမ်းညွှန်သည့်အတွက် ‘တရား’သည် ဆရာဖြစ်သည်။
- ‘သံဃာတော်များ’သည် ဒကာ၊ ဒကာမတို့၏ ကိုးကွယ်ရာ ဆရာများဖြစ်သည်။
- ‘ပုဗ္ဗာစရိယ မိနှင့်ဖ’ဟူသော စကားအရ၊ မိဘသည်လည်း သားသမီးတို့၏ ဆရာပင်ဖြစ်သည်။

**ဆရာသည်**

- အသိပညာကို မြှင့်တင်သူ၊ ကျွမ်းကျင်မှုတစ်ခုခုကို မြှင့်တင်ပေးနိုင်သူ၊ ဗြဟ္မစိုရ်တရားထွန်းကားအောင် (မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာပွားများတတ်အောင်) လုပ်ပေးနိုင်သူ၊ စိတ်ဓာတ်ရေးရာပြုပြင်ပေးသူ၊ ဘဝခရီးတစ်လျှောက်မှာ ဖြောင့်တန်းအောင် လျှောက်လှမ်းနိုင်ဖို့ စာပေကျမ်းဂန်များ၊ သိပ္ပံနှင့် လူမှုရေးသိပ္ပံပညာရပ်များကို သင်ကြားပို့ချရင်း–
  - အမှားနဲ့အမှန် ခွဲခြားနိုင်ဖို့၊ အကောင်းနဲ့အဆိုး၊ အကြောင်းနဲ့ အကျိုးကို မှန်ကန်စွာ နားလည်ပြီး အမှောင်တွင်းမှ လွတ်မြောက်အောင် အမှောင်ထုအတွင်း မရောက်အောင် ဆောင်ရွက်ပေးသူတို့သည် ဆရာကောင်း သမားကောင်းများဖြစ်သည်။

ဆရာသည် လူသားအချင်းချင်း ချစ်မြတ်နိုးအောင် လုပ်ပေးနိုင်သူ၊ တပည့်တွေ၏ ဘဝနှင့်လောက၏ အလှကိုဆင်သူ၊ သောကကို ဖြေဖျောက်ပေးသူများဖြစ်လို့ လူ့အဖွဲ့အစည်း၏ခေါင်းဆောင်ဟု တင်စားကြပါသည်။




**ဆရာ့ဝတ္တရားငါးပါး**

“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာသင်ရာအပ်ပို့၊ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ” ဆရာ့ဝတ္တရားငါးပါးကို ကျေပွန်အောင်ထမ်းဆောင်ရမှာက မူလတာဝန်ဖြစ်သည်။ ဤဝတ္တရားငါးပါးကို အပြည့်အဝ ထမ်းဆောင်ခြင်းဖြင့် မြတ်ဆရာမည်ပေမည်။ အခြေခံပညာမှသည် အဆင့်မြင့်ပညာအထိ ဆရာတို့၏ ဝတ္တရားငါးပါးသည် သင်ယူသူတပည့်တို့အတွက် ဗလငါးတန်ပြည့်စုံစေမည် ဖြစ်သည်။ ဆရာသမားတို့က ပညာရေးမျှော်မှန်းချက် ပညာရေးအစီအစဉ်များကို အကောင်အထည်ဖော်သည့်နေရာတွင် ဗဟိုချက်မသည် ဆရာ။ (၂၁)ရာစုပညာရေးသည် အလွန်အရေးပါသော ဆရာများ၏ တာဝန်များသည်လည်း ပို၍ကျယ်ဝန်းနက်ရှိုင်းလာသည်။ အသိပညာ အတတ်ပညာပိုင်ဆိုင်မှု (၂၁) ရာစုတွင် ဝင်ဆံ့နိုင်မည်။ ရှင်သန်ကြီးထွားနိုင်မည်။ ဆရာသည် အလွန်အားထုတ်ပေးရမည့်နေရာမှာ ရောက်ရှိနေပါသည်။

**ကမ္ဘာ့ဆရာများနေ့**

၁၉၆၆ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့က ILO/UNESCO ၏ နှစ်ပတ်လည်နေ့တွင် ဆရာတို့၏ တာဝန်၊ ဝန်ဆောင်မှုကို ဂုဏ်ပြုရန်၊ ဆရာဆိုသော ပုဂ္ဂိုလ်များ၏ ဘဝမြင့်မားတိုးတက်ရေးကို အကြောင်းပြုပြီး ကမ္ဘာ့ဆရာများနေ့ကျင်းပရန် ဆုံးဖြတ်အကြံပြုချက်ကြောင့် ပထမဆုံး ကမ္ဘာ့ဆရာများနေ့ကို ၁၉၉၄ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ UNESCO ၏ မူအရ ဆရာတစ်ဦးသည် ပြဋ္ဌာန်းထားသော ပညာအရည်အချင်းနှင့် ပြည့်ဝနေရမည်။ ပက်ဒါဂေါ်ဂီ (Pedagogic) ဆရာဖြစ်သင်တန်းဆင်းလက်မှတ်ရရှိသူ၊ နိုင်ငံတစ်နိုင်ငံ၌ ထက်လယ်မှုအဆင့်အတွက် သင်ကြားမှုပြုနိုင်သူ၊ အရည်အချင်းရှိသူဖြစ်ရမည်။

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့က ကျင်းပသည့် UNESCO ၏ (၂၉) ကြိမ်မြောက် အစည်းအဝေးမှ အခြေခံပညာ ဆရာများသာမက အဆင့်မြင့်ပညာကဏ္ဍတွင် သင်ကြားရေးနှင့် သုတေသနပြုသူတို့အားလည်း ဖြည့်စွက်ဂုဏ်ပြုရန် ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ပါသည်။

❒ ဆရာသည် အမြဲတမ်းဆန်းသစ်သော အယူအဆရှိနေရမည်။ အတွေးအခေါ်အယူအဆ လုံးဝရှင်သန်နေရမည်။ လူ့စွမ်းအားအရင်းအမြစ်ကို ဖန်တီးပေးနေရသောဆရာသည် ခေတ်နောက်ကျနေခဲ့လျှင် မြန်မာ့ပညာရေးမြှင့်တင်မှုသည် မျှော်လင့်ချက်မရှိနိုင်။ သူမွေးထုတ်ပေးလိုက်သော လူ့စွမ်းအားအရင်းအမြစ်သည် ဘယ်နည်းနဲ့မှအနာဂတ်ကို ရင်ဆိုင်နိုင်မည်မဟုတ်။ လူငယ်မျိုးဆက်သစ်များ၏ ပညာရည်မြင့်မားဖို့ မျက်ခြည်မပြတ် အားထုတ်ကြရလို့ ဆရာ ဆရာမများကို ဂုဏ်ပြုရခြင်း ဖြစ်သည်

ကိုဗစ်–၁၉ ရောဂါဆိုးကြီးကြောင့် ကမ္ဘာ့အရပ်ရပ်မှကျောင်းများ၊ စာသင်ခန်းများ၊ လှုပ်လှုပ်ရှားရှား တက်တက်ကြွကြွ မရှိပြီးသော်လည်း ဆရာတို့သည် ကလေးငယ်များအား စာသင်ကြားနိုင်အောင် ကြိုးစားခဲ့သည်ကို တွေ့ခဲ့ရသည်။

- ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ဆရာများနေ့ ဆောင်ပုဒ်သည် “Teachers: Leading in crisis, re–imagining the future”.
- ၂၀၂၁ ခုနှစ် ကမ္ဘာ့ဆရာများနေ့ဆောင်ပုဒ်သည် “Teachers at the Heart of Education Recovery” ဟု သတ်မှတ်၍ ကျင်းပခဲ့သည်။
- ၂၀၂၂ ခုနှစ် ယခုနှစ် ကမ္ဘာ့ဆရာများနေ့၏ ဆောင်ပုဒ်သည် ‘The teachers we need for the education we want’ ဖြစ်သည်။ “ပညာရေးလိုအင်မျှော်မှန်းချက်အတွက် ဆရာလိုအပ်ချက်သည် အဓိက၊ ဆရာ့ကဏ္ဍသည် အဓိကကျသည်” ဟု အဓိပ္ပာယ်ရပါသည်။

လူငယ်မျိုးဆက်သစ်များအား ဆရာလောကသို့ ပိုမိုရောက်ရှိလာစေရန် ကမ္ဘာ့ဆရာများနေ့ကို ကျင်းပခြင်းဖြစ်သည်။ အလွန်တာသွားသောဆောင်ပုဒ်ဖြစ်သည်။ ကုလသမဂ္ဂ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်(၁၇)ခုအနက် ပန်းတိုင်(၄)သည် အရည်အသွေးပြည့်ပညာရေး “Quality Education” ဖြစ်ပေါ်ရေးဖြစ်သည်။ အရည်အသွေးပြည့် ပညာရေးဖြစ်ရေးအတွက် ဆရာကောင်းသမားကောင်းရရှိရေးသည် အဓိကကျလှသည်။

ဆရာသည် အမြဲတမ်းဆန်းသစ်သော အယူအဆရှိနေရမည်။ အတွေးအခေါ်အယူအဆ လုံးဝရှင်သန်နေရမည်။ လူ့စွမ်းအားအရင်းအမြစ်ကို ဖန်တီးပေးနေရသောဆရာသည် ခေတ်နောက်ကျနေခဲ့လျှင် မြန်မာ့ပညာရေး မြှင့်တင်မှုသည် မျှော်လင့်ချက်မရှိနိုင်။ သူမွေးထုတ်ပေးလိုက်သော လူ့စွမ်းအားအရင်းအမြစ်သည် ဘယ်နည်းနဲ့မှ အနာဂတ်ကို ရင်ဆိုင်နိုင်မည်မဟုတ်။ လူငယ်မျိုးဆက်သစ်များ၏ ပညာရည်မြင့်မားဖို့ မျက်ခြည်မပြတ် အားထုတ်ကြရလို့ ဆရာ ဆရာမများကို ဂုဏ်ပြုရခြင်း ဖြစ်သည်။

**သိပ္ပံပညာရှင်များ**

ရှေးယခင်က သဘာဝသိပ္ပံ ဇီဝသိပ္ပံများကို အထူးလိုက်စားခဲ့တဲ့ လူးဝစ်ပါစချာ၊ နယူတန်၊ ဂရီဂိုမင်ဒယ်လ်၊ ဒါဝန်၊ ဂျွန်ဒေါ်လတန်၊ ဂျိမ်းစ်ဝပ်(တ်)ဆန်၊ ဖရန်စစ်ခရစ်(က်) အက်ဒီဆင်၊ အိုင်းစတိုင်း၊ ရိုက်ညီနောင်တို့ကဲ့သို့သော ပုဂ္ဂိုလ်များသည် ဆရာများ ဖြစ်ကြပါသည်။ ကမ္ဘာကိုစံနမူနာတွေပြခဲ့ကြပါသည်။ ထိုသူတို့တစ်ဦးချင်း၏ သုတေသနတွေ့ရှိချက်များသည် ထပ်ဆင့်တည်ဆောက်မှုများ၊ တီထွင်ဆန်းစစ်မှုများသည် လူ့ယဉ်ကျေးမှုကြီး ဖြစ်ပေါ်ပုံမှာ စိတ်ဓာတ်ခွန်အားများ ဖြစ်ခဲ့ပါသည်။ သိပ္ပံနှင့် နည်းပညာနယ်ပယ်ထဲမှ သုတေသနများကြောင့်၊ လေ့လာမှုရလဒ်များကြောင့်

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ထွန်းကားလာမှုသည် သဘာဝတရား၏နိယာမတွေကို ပိုနားလည်လာပြီး လူသားကောင်းကျိုးအတွက် အသုံးချနိုင်မှုများ ရရှိခြင်း ဖြစ်ပါသည်။

**ဆရာ့ကဏ္ဍသစ်**

ကျွန်တော်တို့ငယ်စဉ်ကစ ကြီးပြင်းလာသည်အထိ ပညာသင်ကြားကြသည့်အခါ

- သိဖို့ ၊ (learning to know)
- ကျွမ်းကျင်ဖို့၊ (learning to do and be skillful)
- ကိုယ်ကျင့်တရားကောင်းဖို့၊ (learning to be)
- အတူတကွ နေထိုင်ကြဖို့၊ ခွဲခြားမှုမရှိဖို့ (learning to live peacefully together, with no discrimination) ကိစ္စတွေ ပါဝင်ပါသည်။ နောက်ဆုံးတစ်ချက်ဖြစ်သည့် ပတ်ဝန်းကျင် အသိုင်းအဝိုင်း၊ လူ့အဖွဲ့အစည်းတို့နှင့် ညီညွတ်မျှတစွာ နေတတ်ရန်သည် အလွန်အရေးကြီးလှပါသည်။

ပုံမှန်သင်ကြားရေးကြားထဲမှ ဆရာသည် ကျောင်းသားများနှင့်အတူ ကိုယ့်ကျောင်းမှာကိုယ် သစ်ပင်စိုက်နေရင်တောင် စိုက်ထားသည့်အပင် ကြီးထွားရှင်သန်အောင်လုပ်နေရင် ဒါလုပ်ငန်းတစ်ခုပဲ။ လူတွေအမှီသဟဲပြုရသည့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန် လမ်းညွှန်ပေးနေရမည်။ ရေမြေတောတောင်ကို အလှဆင်ပေးနေရမည်။ ကလေးမှအစ မိဘများအထိ သတိရှိအောင် အသိပေးနေရမည်။ ဒါဆိုလျှင် ဆရာ၏ကဏ္ဍသစ်သည် ပြဌာန်းစာအုပ် (Textbook)ကို သင်ရုံ စာမေးပွဲအောင်ရုံ၊ နောက်တစ်တန်းတက်ရုံ အဆင့်ထက် မြင့်မားပြီး ထူးခြားလာပါလိမ့်မည်။ ဆရာသည် လူထု၏ခေါင်းဆောင်ဆိုသည့် ရုပ်လုံးပေါ်လာပါလိမ့်မည်။

မြန်မာနိုင်ငံ၏ မည်ကဲ့သို့သော ဒေသမှာရှိနေသည့်ကျောင်း၊ တက္ကသိုလ်က ဆရာသည် မိမိရောက်နေသည့်ဒေသ၏ သင်ကြားသင်ယူမှုဝန်းကျင်ကို ကောင်းမွန်အောင်၊ လူများစုသင်ယူလေ့လာနိုင်သည့် ပတ်ဝန်းကျင်ကောင်းဖြစ်သည်အထိ မျှော်မှန်းပြီး ဆောင်ရွက်ရန် အတွေးအခေါ်အယူအဆများ၊ နည်းစနစ်များ ပြောင်းလဲကောင်း ပြောင်းလဲမည်။ ကျွမ်းကျင်မှုအတတ်ပညာများ မြှင့်တင်ရတာရှိကောင်းရှိမည်။ တစ်ကမ္ဘာလုံး ပညာရေးသည် ဝေဖန်သုံးသပ်နိုင်ခြင်း၊ တီထွင်ကြံဆဖန်တီးပေးနိုင်ခြင်း လေ့လာစရာ နယ်ပယ်သစ်တွေဘက်ကို ရွေ့လျားနေသော ပညာရေးစနစ်ကြီး ဖြစ်သည်။

ထူးချွန်ပြောင်မြောက်သော၊ တီထွင်ကြံဆနိုင်သော လူမဖြစ်လင့်ကစား၊ စိတ်ထားမြင့်မြတ်သော၊ မေတ္တာတရားရှိသော လူတော့ အနည်းဆုံး ဖြစ်သွားစေရမည်။ ဆိုးသွမ်းလူငယ်များမဖြစ်ဘဲ တစ်ဦးနှင့်တစ်ဦး တန်ဖိုးထားလေးစားမှု၊ ရိုးသားဖြူစင်မှု၊ အမျိုးချစ်စိတ် နိုင်ငံချစ်စိတ်ရှိသော စည်းကမ်းရှိသော နိုင်ငံသားများ အနည်းဆုံး ဖြစ်သွားစေရပါမည်။ ထို့ကြောင့် တပည့်တို့သည် ဆရာပေါင်းများစွာက ပညာအမွေပေးသည့် အစဉ်အလာနှင့်အညီ ဆရာ့ကျေးဇူး၊ ဆရာ့ဂုဏ်ဟာမည်မျှကြီးမားကြောင်း ဆင်ခြင်ကြည့်နိုင်ပါသည်။

**တပည့်များ**

ကျွန်တော်တို့တစ်တွေသည် လူမှုအသိုက်အဝန်းအတွင်းမှ ပုဂ္ဂိုလ်များဖြစ်ရာအားလုံးသည် ဆရာကောင်းသမားကောင်း ဖြစ်နိုင်မည်မဟုတ်၊ သို့သော် အားလုံးသည် တပည့်များ ဖြစ်ခဲ့ကြပါလိမ့်မည်။ ကြားဆရာ၊ မြင်ဆရာများ၏ တပည့်များလည်း ရှိကြပါမည်။ တပည့်တို့သည် ဆုံးမနာယူမှု ရှိကြရပါမည်။ ညီညာထကြွ တလေးတစား ကြိုဆိုခြင်း၊ သင်ယူခြင်း၊ တွေးတောကြံဆနိုင်ရန် ဆရာတို့ပေးသော သင်ခန်းစာဆိုင်ရာများ ရွတ်ဖတ်ခြင်း၊ အမေးပုစ္ဆာများ ဖြေဆိုခြင်းတို့ကို လုပ်ကြခြင်းဖြင့် အဆင့်တိုင်းအဆင့်တိုင်း၌ တတ်မြောက်မှုတစ်ခုကို ရရှိသွားကြပေလိမ့်မည်။

မြန်မာ့လူမှုအသိုင်းအဝိုင်းမှာ တပည့်တို့ဆိုသည် –

- ကတညုတ – ကျေးဇူးရှိမှန်း သိမြင်ခြင်း၊
- ကတဝေဒီ –သိသည့်အတိုင်း ကျေးဇူးတရားကို အောက်မေ့ဆပ်တဲ့သူတွေ၊ လူတော် လူကောင်းတွေမို့ – ပီတိဖြစ်ကြရပါသည်။

အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍများတွင် ပညာရေးလုပ်ငန်းစဉ်များဖြစ်သော သင်ကြားသင်ယူမှု၊ ပရိဂျက်နှင့် သုတေသနနယ်ပယ်အထိ၊ တပည့်များကောင်း၍ တပည့်များတော်သော မျိုးဆက်သစ်လူငယ်လူကြီးများ၊ လူပုံအလယ်တင့်တယ်သော ပုဂ္ဂိုလ်များ၊ ပညာတတ်များအဖြစ် မွေးထုတ်နေကြသူများသည် ဆရာများဖြစ်လို့ ဂုဏ်ယူရပါသည်။

**မြစ်ချောင်းများသဖွယ်စုန်ရေလို**

ဆရာများသည် ပညာရေးမျှော်မှန်း ပန်းတိုင်ရောက်ဖို့လမ်းညွှန်ရာတွင် ကြိုးစားပမ်းစား ပညာပေး၍ လူထု၏အားကိုးရာ ဖြစ်သည်။ ဆရာ၏တွေးခေါ်ပုံ၊ ပြောပုံဆိုပုံ၊ ပြုမူပုံများသည် ကျောင်းသားတပည့်များဆီ စီးဆင်းပါသည်။ ကျောင်းသားဆီကို ရောက်သွားခြင်းကြောင့် အကောင်းအဆိုး အကြောင်းအကျိုး အထူးသတိမူရပါမည်။ ဆရာ ဆရာမများသည် အဖိုးတန်လူငယ် လူရွယ် လူရည်ချွန် လူရည်မွန်တွေဖြစ်အောင် အားထုတ်ကြရမည်။

မိမိနေအိမ်၊ ရပ်ရွာဒေသကို ကောင်းသထက်ကောင်းအောင် တည်ဆောက်ကြရမည် ဖြစ်သည်။ လူ့အဖွဲ့အစည်း လူထုလိုအပ်ချက်၊ စက်ရုံများလိုအပ်ချက်၊ တစ်ဦးကိုတစ်ဦး ကျွန်းကိုင်းမှီကိုင်းကျွန်းမှီ ဖြည့်ဆည်းသွားကြရမည် ဖြစ်သည်။ ပို့ချသူ ဆရာ ဆရာမများသည် မည်သည့်အဆင့်မှာပင်ရှိစေ ပညာရေးကို မိမိကျောင်းဝင်းထဲက ကိစ္စလောက်ဟုသဘောမထားတော့ဘဲ လူ့အဖွဲ့အစည်း၏ အရေးကိစ္စဖြစ်သည့်အတွက် ဆရာ ဆရာမ အပေါင်းသည် အမျိုးသားရေး တာဝန်ကို ထမ်းဆောင်နေသူများ ဖြစ်သည်။

(၂၁) ရာစု၌ ကမ္ဘာအရပ်ရပ် အထူးသဖြင့် အနောက်နိုင်ငံများမှာ ဆရာလုပ်ငန်းသည် ပျော်ရွှင်နှစ်မြို့ဖွယ်ဟု သဘောမထားကြသည်ကို ကြုံတွေ့နေရသည်။ အတတ်လည်းသင်၊ သိပ္ပမချန် သင်ကြားမည့် ဆရာအင်အားပင် လိုအပ်ချက်ရှိနေသည်ဟု ဆိုသည်။ ဆရာ့ဘဝသည် ခေးသွေးကျောက်ဟု သူတို့မြင်ကြသည်မှာ မြန်မာဆရာတို့ နှင့် ကွာလှသည်။ ဆရာအပေါင်းသည် မြစ်ချောင်းများသဖွယ် စုန်ရေလိုပါပဲ၊ ပညာအမွေပေးခြင်းသာဖြစ်သည့်အတွက် သမ္မာအာဇီဝ အလွန်ဆန်သောပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။

**ချီးမွမ်းဂုဏ်ပြုစကားများ**

ဆရာများအား ချီးမွမ်းထောမနာဂုဏ်ပြုစကားတွေ အများအပြားရှိရာ– ကွန်ဖြူးစီယပ်၏အမြင်က – “ကျွန်တော်ဟာ လူနှစ်ယောက်နဲ့အတူ လမ်းလျှောက်ဖြစ်ခဲ့ရင် သူတို့တစ်ဦးစီတစ်ဦးစီဟာ ကျွန်တော့်ဆရာများလို့ ခံယူပါတယ်။ တစ်ယောက်သောသူဆီက ကောင်းခြင်းကြံအင်လက္ခဏာကို ရွေးယူပြီး အတုယူကျင့်သုံးပါမယ်။ အခြားတစ်ယောက်ဆီက မကောင်းတဲ့အချက်တွေကိုလည်း ရယူပြီး မိမိကိုယ်စိတ်နှလုံးမှာ ပြင်ယူလိုက်ပါမယ်။”

- ဆရာများ၏ တာဝန်မှန်က တောတောင်ချုံပုတ်များ ရှင်းလင်းရန်မဟုတ်၊ သဲကန္တာရထဲ ရေသွင်းနိုင်ရန်ဖြစ်သည်ဟု ဆိုပါသည်။ (C.S Lewis)
- “ကျွန်တော်သိသော အကောင်းဆုံး CEOs (Chief Executive Officers)တို့သည် ဆရာများ ဖြစ်ကြသည်။ သူတို့သည် မဟာဗျူဟာ (Strategy)ကို အဓိက သင်ကြားပေးသည်” (Micheal Porter)
- “ပုံမှန်ဆရာတစ်ဦးသည် ပြဿနာပုစ္ဆာများကို ခက်ခက်ခဲခဲ ရှင်းပြလေ့ရှိသည်။ ပါရမီရှင် ဆရာကမူ ပြဿနာပုစ္ဆာများကို လွယ်လွယ်ကူကူ ဖော်ထုတ်၍ ရှင်းလင်းပြနိုင်သည်။” (Robert Brault)
- “ကျွန်တော်သည် စကားများများပြောသူထံမှ တိတ်ဆိတ်စွာ နားထောင်လိုက်ပါမည်။ သည်းညည်းခံနိုင်ဖွယ် မရှိလောက်အောင်ဖြစ်သည့်တိုင် ထိုသူများအား သည်းညည်းခံနိုင်စွမ်း ရှိအောင် ကြိုးစားနိုင်ပါသည်။ အကြင်နာကင်းသူတို့အား ကြင်နာမှုပေးလိုက်ပါမည်။ သို့သော် ထူးဆန်းနေသည်မှာ ထိုထိုဆရာတို့၏ ကျေးဇူးတရားကို မအောက်မေ့နိုင်ခြင်း ဖြစ်သည်။” (Khalid Gibran)
- Bill Gates ၏ ဘွဲ့ရမောင်မယ်များအတွက် စကားကြီးနှစ်ခွန်းကတော့–
    - ❐ ကျောင်းက ဆရာတွေကို ဆိုးတယ်လို့ထင်ခဲ့ရင် ခင်ဗျားတို့ တစ်နေ့ကုမ္ပဏီသူဌေးကြီးတွေဖြစ်လာတဲ့ အချိန်ကျရင် သိလိမ့်မယ်။ သူဌေးဖြစ်လာသူတွေဟာ အလုပ်ကို အကြွေးမထားဘူး၊ ကျောင်းမှာ အိမ်စာ (Home Work) တွေ လုပ်ရသလိုပဲ၊ ဆရာတွေက အိမ်စာတွေပြီးအောင် အိမ်စာကိုအကြွေးမထားပြီးအောင်လုပ်တဲ့အကျင့်ရအောင် အော်ဟောက်တာဟာ လုပ်ငန်းခွင်မှာ အလုပ်ကို အချိန်မဆွဲ ပြီးအောင်လုပ်တဲ့ အလေ့အထကျင့်စဉ်ဟာ သူဌေးဖြစ်ဖို့ပဲ။
    - ❐ လူ့ဘဝမှာ သင်ကြားချိန် မသတ်မှတ်ဘူး၊ ပိတ်ရက်မရှိ၊ ဘယ်အလုပ်ရှင်ကမှ ခင်ဗျားလုပ်ချင်တာကို အမြဲတမ်း ညှိနှိုင်းပေးမှာမဟုတ်၊ ဒါကိုအကြောင်းပြုပြီး လူ့ဘဝဟာ မမျှတဘူးလို့ ပြောကြပေမယ့် ဒါကို လက်ခံနိုင်အောင် မိမိဘက်က ဘက်ပေါင်းစုံတော်အောင် ကြိုးစားအားထုတ်ရလိမ့်မယ်” လို့ Bill Gates က မှာပါတယ်။
    - ❐ “ကျွန်မ နှစ်သက်သော ဆရာဆိုသည် အိမ်စာပေးလိုက်သည်သာမက စဉ်းစားစရာများကို အိမ်စာနှင့်အတူ ပေးလိုက်သူတို့ဖြစ်သည်။” Lily Tomlin

**အနာဂတ်ပညာရေး**

အနောက်နိုင်ငံများတွင် ဆရာများ၏ ပညာအရည်အသွေး ဉာဏ်ရည်ဉာဏ်သွေး (intelligence level) ကို ဆန်းစစ်သောစစ်ဆေးမှုတွေရှိပါသည်။ အရည်အသွေးကို တိုင်းတာသော သတ်မှတ်ချက်တွေ ပြဌာန်းရပါသည်။ သူ့အဆင့်နှင့်သူ သတ်မှတ်ချမှတ်သည့် အရည်အသွေးများပြည့်မီလျှင် ရာထူးတစ်ဆင့်တိုးခြင်း ဖြစ်ပါသည်။ ဝန်ထမ်းတိုင်း ရာထူးတိုးချင်တာချည်းပဲ ဖြစ်သည်။ စစ်ဆေးမှုများကို ဖြတ်ကျော်နိုင်ရန် ဆရာများသည် အမြဲလေ့လာမှု လုပ်ကြရပါသည်။ သင်ကြားမှုအဆင့်မြင့်နေဖို့က၊ ကိုယ့်ကိုယ်ကိုလည်း ဆန်းစစ်ရမည်။ သူများစစ်ဆေးမှုကိုလည်း ခံနိုင်ရည်ရှိရပါမည်။

ဆရာသည် အမြဲတမ်းဆန်းသစ်သော အယူအဆရှိနေရမည်။ အတွေးအခေါ် အယူအဆ လုံးဝရှင်သန်နေရမည်။ လူ့စွမ်းအားအရင်းအမြစ်ကို ဖန်တီးပေးနေရသော ဆရာသည် ခေတ်နောက်ကျနေခဲ့လျှင် မြန်မာ့ပညာရေး မြှင့်တင်မှုသည် မျှော်လင့်ချက်မရှိနိုင်။ သူမွေးထုတ်ပေးလိုက်သော လူ့စွမ်းအားအရင်းအမြစ်သည်လည်း ဘယ်နည်းနှင့်မျှ အနာဂတ်ကို ရင်ဆိုင်နိုင်မှာမဟုတ်။ လူငယ်မျိုးဆက်သစ်များ၏ ပညာရည်မြင့်မားဖို့ မျက်ခြည်မပြတ်အားထုတ်ကြရလို့ ဆရာ ဆရာမများကို ဂုဏ်ပြုရခြင်းဖြစ်သည်။

ယှဉ်ပြိုင်မှုကြီးမားသည့် (၂၁) ရာစုခေတ်တွင် ပညာရေးသည် ဝေဖန်သုံးသပ်နိုင်ခြင်း၊ တီထွင်ကြံဆနိုင်ခြင်း လေ့လာစရာ နယ်ပယ်သစ်များကို ဖြစ်နိုင်စွမ်းရှိအောင် မျှော်မှန်းပြီး ဆောင်ရွက်ကြရမည့် ခရီးဖြစ်သည်။ မြန်မာ့လူ့ဘောင်ကို ပညာလွှမ်းမိုးသော လူ့ဘောင်ဖြစ်ထွန်းရေးထဲတွင် လုပ်သားအင်အားတစ်ခုလုံး သင်ယူနေသော အင်အားဖြစ်ဖို့ကတစ်ကြောင်း၊ အနာဂတ်တွင် သင်ယူလေ့လာမှု လူ့အဖွဲ့အစည်းကြီးသည် ကြီးမားကျယ်ပြန့်လျက်ရှိသည်ကတစ်ကြောင်း၊ ဒေသမရွေးသင်ယူမှု အခွင့်အလမ်းပေးနိုင်မည့် ပညာရေးစနစ်ကို တည်ထောင်လျက်ရှိပါသည်။ လူ့ဘောင်က လိုအပ်သည့် ပညာရပ်များကိုပေးနိုင်မည့် အနေအထားဖြစ်အောင် လူတိုင်းနီးကြားတက်ကြွစွာ ပါဝင်ကြိုးပမ်း နိုင်မည်ဆိုလျှင် အနာဂတ်ပညာရေးသည် အလွန်စိတ်ချနိုင်သော အခြေအနေ ဖြစ်ပါမည်။

**စိန်ခေါ်မှုတွေကြီး**

ယနေ့ခေတ်ကြီးတွင် ပြောင်းလဲလာပုံများသည် စိန်ခေါ်မှုများချည်းပါပဲ။ ပညာရေးမြှင့်တင်ရုံမက အပြောင်းအလဲတစ်ခု ဖြစ်ပါသည်။ အထူးသဖြင့် ဆရာများအတွက် စိန်ခေါ်မှု ဖြစ်ပါသည်။ အောင်မြင်တိုးတက်နေသော နိုင်ငံတို့၌ ဆရာတို့သည်၊ တောင့်တင်းကြံ့ခိုင်သည့် မဏ္ဍိုင်ဖြစ်သော်လည်း နွေးထွေးမှုနှင့် “နာသုံးနာ” တို့ကို ချီးမွမ်းဂုဏ်ပြု အသိအမှတ်ပြုရာမှာ အေးစက်စက် ဖြစ်နေသည်ဟု ဆိုသည်။

ဆရာတို့၏ ဝတ္တရားငါးပါးကို အတိတ်က မြင့်မားစွာ တန်ဖိုးထားလေးစားမှု ရှိခဲ့သည်။ ဆရာများ၏ ဂုဏ်ကိုအကြောင်းပြု၍ ဆရာတို့အား ကြောက်ချစ်ရိုသေ လေးစားကြည်ညိုမှု၊ တန်ဖိုးထားမှု၊ လူငယ်တို့၏ လေးစားဂုဏ်ယူခြင်းခံရသည်။ (၂၁) ရာစုတွင် ကမ္ဘာအရပ်ရပ်၌ ဆရာကောင်း၊ သမားကောင်းဖြစ်ဖို့ အခက်အခဲစိန်ခေါ်မှုများ ရှိလာသည်ကိုတွေ့ရသည်။ ဉာဏ်ရည်ဉာဏ်သွေးမြင့်သော ဆရာများအား ဆွဲဆောင်မှုရှိရှိ ခန့်ထားနိုင်ရေးမှာ ယခင်ကလိုထင်သလောက် မလွယ်ဟုဆိုသည်။ လစာနည်းခြင်း၊ တန်ဖိုးထား လေးစားမှု၊ အသိအမှတ်ပြုခံရမှုနည်းလာခြင်းအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ဆရာများ လုပ်ငန်းခွင်၌ မပျော်မရွှင်၊ မပြေမလည်ဖြစ်ရသည်ဟု ဆိုပါသည်။

**ကောင်းပါပြီ၊ ဒီဆောင်းပါးကို ဒီလိုနိဂုံးချုပ်ချင်ပါတယ်။**

ပညာရေးမျှော်မှန်းချက်ဆန္ဒဖြစ်သည့် အရေးအဖတ်အတွက် တတ်မြောက်မှုတိုးတက်မြင့်မားရေး လူတိုင်းစာတတ်မြောက်ရေး၊ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀)တွင် နိုင်ငံသားတိုင်း အနည်းဆုံး KG+9 ပြီးဆုံးသည်အထိ အခမဲ့ ပညာသင်ယူနိုင်ရေး၊ တစ်သက်တာသင်ယူမှု၊ တစ်နိုင်ငံလုံး အသိပညာ၊ သိပ္ပံပညာ တိုးတက်မြင့်မားရေးကို အစိုးရပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရန်တို့ ဖြစ်ပါကြောင်း၊ မြန်မာ့လူ့ဘောင်အဖွဲ့အစည်း အရည်အသွေးရရှိသွားရန် အာမခံချက်အပေးဆုံးသည် မြတ်ဆရာများ ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး အသိပညာ အတတ်ပညာ မြင့်မားလာသည်နှင့်အတူ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်လာမည်ဖြစ်ပါကြောင်း မေတ္တာဖြင့် ရေးသားအပ်ပါသည်။ ။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းပြုလုပ်



**နေပြည်တော် အောက်တိုဘာ ၂**
ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမနှင့် တိုင်းစစ်ဌာနချုပ်ရှိ အောင်ငြိမ်းအေးခန်းမတို့၌ ပြုလုပ်ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားပြီး စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ကြသည်။ ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က လက်တွေ့ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် Package Tour အစီအစဉ်ဖြင့် လာရောက်သော တရုတ်နိုင်ငံသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအား ကြိုဆိုတွေ့ဆုံ




**နေပြည်တော် အောက်တိုဘာ ၂**
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်သည် မြန်မာနိုင်ငံရှိ International Travel Asia Travels and Tours နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တက်ဟုန်းပြည်နယ်ရှိ Dehong Travel ကုမ္ပဏီတို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်လာသော တရုတ်နိုင်ငံသား ခရီးသွားဧည့်သည်များကို ယနေ့ နံနက်ပိုင်းက အဆိုပါ ဝန်ကြီးဌာန နီလာခန်းမ၌ ကြိုဆိုလက်ခံတွေ့ဆုံသည်။

**အမှန်သတင်းများ ဖြေကြားပေးလျက်ရှိ**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအနေဖြင့် တရုတ်ခရီးသွားများ ပြည်ပသို့အဖွဲ့လိုက် ခရီးသွားခွင့်ပြုသည့် နိုင်ငံများစာရင်း၌ မြန်မာနိုင်ငံပါရှိသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ အွန်လိုင်းလိမ်လည်မှုများနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံပူးပေါင်း လုံခြုံရေးအဖွဲ့များ၏ ဆောင်ရွက်မှုများဖြင့် ဖမ်းဆီးနှိမ်နင်းမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ သတင်းတုသတင်းမှားများနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနအနေဖြင့် တရုတ်သတင်းဌာနများသို့ အမှန်သတင်းများရရှိအောင် ဖြေကြားပေးလျက်ရှိကြောင်း၊ ယခု လာရောက်သူများအနေဖြင့်လည်း ခရီးစဉ်အတွင်း လက်တွေ့အမှန်တကယ် မြင်တွေ့ရသည်များကို ပြန်လည်ဖြန့်ဝေပေးစေလိုကြောင်း၊ ခရီးသွားများသွားလာလည်ပတ်သင့်သော ခရီးစဉ်ဒေသ(၁၄)ခုကို ကြော်ငြာထားရှိကြောင်းနှင့် ပျော်ရွှင်ချမ်းမြေ့သာယာသော ခရီးစဉ်ဖြစ်ကြပါစေကြောင်း ဆုတောင်းစကား ပြောကြားသည်။

**ခရီးသွားများ ပိုမိုလာရောက်ရေး ဆောင်ရွက်သွားမည်**

ထို့နောက် တရုတ်ခရီးသွားအဖွဲ့ခေါင်းဆောင် Mr. Dao Chengfu က တရုတ်နိုင်ငံ၏ လူမှုကွန်ရက်စာမျက်နှာများတွင် မြန်မာနိုင်ငံနှင့် ပတ်သက်သော သတင်းတုသတင်းအမှားများကို ချေဖျက်လိုသောကြောင့် ယခုခရီးစဉ်ကို စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခုခရီးစဉ် ပြီးဆုံးသွားပါက မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများ၏ ကောင်းမွန်သော အတွေ့အကြုံများနှင့် အေးချမ်းသာယာမှုရှိကြောင်း သတင်းစကားများ ဖြန့်ဝေပေးသွားမည်ဖြစ်ပြီး ခရီးသွားများ ပိုမိုလာရောက်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်-မြန်မာနှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးခိုင်မြဲသည့်အတွက် တရုတ်ခရီးသွားများ မြန်မာနိုင်ငံသို့ ပိုမိုဝင်ရောက်လာမည်ဟု ယုံကြည်ပါကြောင်း ပြန်လည်ပြောကြားသည်။

အဆိုပါ တရုတ်နိုင်ငံသား ခရီးသွားအဖွဲ့အနေဖြင့် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၃၀ ရက်က တရုတ်နိုင်ငံ မန်စီမြို့မှ မန္တလေးမြို့သို့ လေကြောင်းခရီးဖြင့်ရောက်ရှိလာပြီး ခရီးစဉ်ဒေသများသို့ သွားရောက်လည်ပတ်ကြမည်ဖြစ်ကြောင်းနှင့် အဆိုပါ ကုမ္ပဏီများအနေဖြင့် Golf Tour များအပါအဝင် ယူနန်၊ ရွှေလီ၊ ကူမင်း၊ ရှမန်၊ ပေကျင်း၊ ဟောင်ကောင်တို့မှ တရုတ်ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်၏ ဒေသဝမ်းစာဖူလုံရေး၊ လယ်ယာကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၂**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက မွန်ပြည်နယ်ဧည့်ရိပ်သာ၌ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တွေ့ဆုံ၍ ဒေသဝမ်းစာဖူလုံစေရေး၊ ပြည်တွင်းပြည်ပ ဈေးကွက်ရှိနေသည့် နှစ်ရှည်သီးနှံ ရော်ဘာ၊ သီဟိုဠ်၊ ကျွဲကော၊ ဒူးရင်း စသည့် ဥယျာဉ်ခြံသီးနှံနှင့် မြေပြန့်ကော်ဖီများကို ဒေသနေတောင်သူများ စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်လာစေရေး တိုးချဲ့ဆောင်ရွက်ရန်၊ ဒေသနှင့်ကိုက်ညီပြီး အလားအလာရှိသည့် ငါးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်၊ တိရစ္ဆာန်အစာ စိုက်ပျိုးကျွေးမွေးခြင်း အလေ့အထ ထွန်းကားလာရေးနှင့် နွား မွေးမြူရေးဇုန် တည်ထောင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မော်လမြိုင်မြို့ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မွန်ပြည်နယ်၏ ဆန်စပါး တိုးတက်စိုက်ပျိုး ထုတ်လုပ်နိုင်ရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် စီမံချက်ရေးဆွဲဆောင်ရွက်ရန်၊ သက်ဆိုင်ရာဒေသ၏ ထူးခြားသော ဝိသေသလက္ခဏာများ ပါဝင်သည့်လယ်ယာစီးပွားအခြေခံသော စီးပွားရေးဇုန်များ ပေါ်ထွန်းလာရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးလာစေရေး ဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက်တက်ရောက်လာသည့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် တင်ပြကြပြီး မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် သယံဇာတရေးရာဝန်ကြီးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မော်လမြိုင်မြို့ ငန်းတေးရပ်ကွက် မွေးမြူရေးတောင်သူ ဦးသန်းထွန်းဝင်း၏ ဥစားကြက်မွေးမြူရေးခြံကို လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ နှစ်ရှည်သီးနှံဌာနခွဲ၊ နှစ်ရှည်ပင်များ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာန (မော်လမြိုင်) တွင် ရော်ဘာစပ်မျိုးသစ်ထုတ်လုပ်နေမှု၊ မျိုးကောင်းမျိုးသန့် ရော်ဘာပျိုးပင်ထုတ်လုပ်ဖြန့်ဖြူးမှု၊ ပြည်တွင်းရော်ဘာစပ်မျိုးနှင့် အိန္ဒိယရော်ဘာမျိုးယှဉ်ပြိုင်စမ်းသပ် ဆောင်ရွက်ထားရှိမှု၊ ရော်ဘာပင်ပျိုး စိုက်ခင်းတွင် သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ တွဲဖက်အသုံးပြုပြီး အပင်ကြီးထွားမှုကို လေ့လာခြင်းနှင့် ရော်ဘာမျိုးအလိုက် ကျရောက်တတ်သောရောဂါများ သုတေသနပြုလုပ်ခြင်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်း မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ မူလတန်းကြိုကျောင်း၊ ဘိုးဘွားရိပ်သာနှင့် မျက်မမြင်ကျောင်းတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ခရိုင်လူမှုဝန်ထမ်းရုံးနှင့် မူလတန်းကြိုကျောင်းသို့ သွားရောက်ပြီး ကလေးငယ်များအား ပြုစုပျိုးထောင်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။**



မူလတန်းကြိုကျောင်းအား ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက မူကြိုအရွယ် ကလေးသူငယ်များသည် အနာဂတ်၏ အဖိုးတန်ရတနာများဖြစ်သဖြင့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးနည်းလမ်းများနှင့်အညီ စနစ်တကျပြုစုစောင့်ရှောက်ရန်လိုအပ်ကြောင်း တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လူမှုဝန်ထမ်းဦးစီးဌာနက တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးထားသော ချယ်ရီမြေဘိုးဘွားရိပ်သာသို့ သွားရောက်၍ ထောက်ပံ့ငွေများပေးအပ်ကာ ဘိုးဘွားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့ ပရဟိတမျက်မမြင်ဘက်စုံပညာသင်ကျောင်းသို့ သွားရောက်၍ ဆရာတော်ဦးဧ ယျအား ဖူးမြော်ကန်တော့ကာ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမျိုးလှိုင် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲများသို့ တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၂**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲများကို သတ်မှတ်နေရာများ၌ ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် အုပ်ချုပ်မှုအဖွဲ့ တာဝန်ရှိသူများသည် ယနေ့နံနက် ဒေသစံတော်ချိန် ၉ နာရီတွင် ကျင်းဟွာမြို့ Jinhau Sports Center ၌ ကျင်းပသည့် ပိုက်ကျော်ခြင်း အားကစားနည်းပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။



ပြိုင်ပွဲများအပြီးတွင် ဒုတိယဝန်ကြီးသည် အာရှပိုက်ကျော်ခြင်း ဥက္ကဋ္ဌ Mr.Dato Abdul Halim Kader နှင့် တွေ့ဆုံ၍ **(အပေါ်ပုံ)** မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အားကစားနည်း ပိုမိုတိုးတက်စေရေး ညှိနှိုင်းဆွေးနွေးကြသည်။

ပိုက်ကျော်ခြင်း အားကစားနည်းပြိုင်ပွဲများအဖြစ် နံနက်ပိုင်းတွင်ကျင်းပသည့် အမျိုးသား လေးယောက်တွဲပြိုင်ပွဲ၌ အင်ဒိုနီးရှားအသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားရာ အင်ဒိုနီးရှားအသင်းက မြန်မာအသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိသွားသည်။

မွန်းလွဲပိုင်းတွင် ကျင်းပသည့် အမျိုးသား လေးယောက်တွဲပြိုင်ပွဲ၌ မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းက (၂)ပွဲ (၁)ပွဲဖြင့် အနိုင်ရရှိပြီး အုပ်စုဒုတိယဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီး အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲ ပွဲစဉ်အဖြစ် အင်ဒိုနီးရှားအသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းသည် (၂)ပွဲပြတ်ဖြင့် ရှုံးနိမ့်ပြီး အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရသည်။

ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် Fuyang Yinhu Sports Center ၌ ကျင်းပသည့် မြားပစ်အားကစားနည်း အမျိုးသား Recurve ပြိုင်ပွဲတွင် နီပေါအသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းသည် (၇) မှတ် (၁)မှတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီး အမျိုးသမီး Recurve ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် UAE အသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ မြန်မာအသင်းက (၆)မှတ် (၅)မှတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ထို့အတူ အမျိုးသမီး Recurve ပြိုင်ပွဲတွင် တရုတ် (တိုင်ပေ) အသင်းနှင့် မြန်မာအသင်းတို့ ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းသည် (၆)မှတ်၊ (၂) မှတ်ဖြင့် ရှုံးနိမ့်၍ အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

**သတင်းစဉ်**

# အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း (Online Sales) လုပ်ငန်းမှတ်ပုံတင်နိုင်ရေး အသိပညာပေးခြင်းနှင့် eComReg System စနစ်ဖွင့်လှစ်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂**

အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ၂၀၂၃ ခုနှစ် ဇူလိုင် ၂၁ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၃) နှင့် (၅၁/၂၀၂၃) အရ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများ မှတ်ပုံတင်လက်မှတ်လျှောက်ထားနိုင်ရေးအတွက် မှတ်ပုံတင်လျှောက်ထားသည့်စနစ် မိတ်ဆက်ခြင်းနှင့်အသိပညာပေးအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနား၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအောင်ဇေယျာလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်ပြီး စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထက်ဝင်းအောင်က အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၂၃) ထုတ်ပြန်ထားရှိမှုအခြေအနေနှင့် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များနှင့် ကုန်သွယ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွယ်နီဝင်းက အွန်လိုင်းစနစ်ဖြင့် ရောင်းချသူများ မှတ်ပုံတင်လက်မှတ် လျှောက်ထားရမည့် e – Commerce Registration (Online) System နှင့်စပ်လျဉ်း၍ မှတ်ပုံတင်လက်မှတ် လျှောက်ထားရာတွင် လိုက်နာရမည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ဇေယျာလွင်က အွန်လိုင်းစနစ်ဖြင့် ရောင်းချသူများ (Online Sales) မှတ်ပုံတင်နိုင်ရေး ကူညီဆောင်ရွက်ပေးနိုင်မည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၂၃) အရ အွန်လိုင်းစနစ်ဖြင့် ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုရောင်းချသူများ အားလုံးသည် မှတ်ပုံတင်လက်မှတ် လျှောက်ထားရန် အကျုံးဝင်ပြီး မှတ်ပုံတင်လက်မှတ် လျှောက်ထားလိုသူများသည် ရုံး၊ ဌာနများသို့ လူကိုယ်တိုင် လာရောက် ဆောင်ရွက်ရန်မလိုအပ်ဘဲ www.ecomreg.gov.mm မှ တစ်ဆင့် ယနေ့မှစတင်၍ အွန်လိုင်းစနစ်ဖြင့် လျှောက်ထားဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများစွမ်းဆောင်မှု အရည်အသွေးတိုးတက်မြင့်မားစေရေး မွမ်းမံသင်တန်းများ ဖွင့်လှစ်

နေပြည်တော် အောက်တိုဘာ ၂

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ဝန်ထမ်းများစွမ်းဆောင်မှု အရည်အသွေးတိုးတက်မြင့်မားစေရေး မွမ်းမံသင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း၌ ကျင်းပသည်။**

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနအကြီးအကဲများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ သင်တန်းများ ဖွင့်လှစ်ပို့ချဆောင်ရွက်ပေးနေသကဲ့သို့ နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် မရှိမဖြစ်လိုအပ်သည့် လျှပ်စစ်မီးစဉ်ဆက်မပြတ်ရရှိရေးကိုလည်း ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းမှ သင်ကြားပို့ချချက်များ၊ အပြန်အလှန်ဆွေးနွေးခြင်းများမှရရှိသည့် အသိပညာများ၊ အတွေ့အကြုံများဖြင့် လုပ်ငန်းတာဝန်များကို တက်ကြွစွာ ဆောင်ရွက်ကြရန်နှင့် ဝန်ကြီးဌာန၏ မူဝါဒချမှတ်ထားသည့် စည်းကမ်းများနှင့် သင်တန်းကာလတစ်လျှောက်တွင် သင်ကြားပေးခဲ့သည့် ဘာသာရပ်များကို ဆက်လက်ဆည်းပူးလေ့လာပြီး ဝန်ထမ်းကောင်းများအဖြစ် ဌာနအကျိုး၊ အများပြည်သူအကျိုးကို စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။ **(ယာပုံ)**



လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ဓာတ်အားခွဲရုံများ တည်ဆောက်၊ မောင်းနှင်၊ ထိန်းသိမ်း ပြုပြင်ခြင်း သင်တန်းအမှတ်စဉ်(၄/၂၀၂၃)နှင့် အင်ဂျင်နီယာများ စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ်(၄/၂၀၂၃) တို့ကို ရက်သတ္တငါးပတ်ကြာ ဖွင့်လှစ်ပြီး စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ရုံးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှု မွမ်းမံသင်တန်းအမှတ်စဉ် (၃/၂၀၂၃)ကို ရက်သတ္တ ရှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဦးစီးအရာရှိ၊ စာရင်းစစ်မှူး၊ ဒု-စာရင်းစစ်မှူးနှင့် လက်ထောက်စာရင်းစစ်မှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး မွမ်းမံသင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂**

ဦးစီးအရာရှိ၊ စာရင်းစစ်မှူး၊ ဒု-စာရင်းစစ်မှူးနှင့် လက်ထောက် စာရင်းစစ်မှူးများ လုပ်ငန်း စွမ်းဆောင်ရည် မြှင့်တင်ရေးမွမ်းမံ သင်တန်း အမှတ်စဉ် (၄/၂၀၂၃)



သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦးက စာရင်းစစ်ဝန်ထမ်းများသည် ပြည်သူ့ဘဏ္ဍာ လေလွင့်ဆုံးရှုံးမှု မရှိစေရေး စစ်ဆေးထိန်းကျောင်းပေးကြရသူများဖြစ်သဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျင့်ဝတ်သိက္ခာများအညီ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာ တန်ဖိုးထားထမ်းဆောင်ကြခြင်းဖြင့် ရုံး၏အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းနိုင်သည့် အရည်အချင်းပြည့်ဝသော ဝန်ထမ်းကောင်းများ ဖြစ်စေရေး ကြိုးစားကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။ **(ဝဲပုံ)**

ဆက်လက်၍ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော် တာဝန်ခံက သင်တန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် ရုံးချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများမှ သင်တန်းသားများကို စာသင်ခန်းရောက် (Face to Face) ဖြင့် ၇၀၊ Online ဖြင့် ၁၄ ဦး စုစုပေါင်းသင်တန်းသား ၈၄ ဦးကို ရက်သတ္တ သုံးပတ်ကြာ ဖွင့်လှစ်သင်ကြား ပို့ချသွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြပြီး သင်တန်းသား ၁၄ ဦးတို့က Online ဖြင့် တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သင်တန်းအမှတ်စဉ် (၁၄) နှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ် (၁၆) သင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သင်တန်းအမှတ်စဉ်(၁၄) နှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၁၆)တို့၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီက အဆိုပါ တက္ကသိုလ်နီလာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား/ စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက သင်တန်းတွင် နိုင်ငံတော်၏ ဦးတည်ချက်၊ ရည်မှန်းချက် ရှေ့လုပ်ငန်းစဉ်နှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအပေါ် ပိုမိုသိမြင်ပြီး အဆင့်မြင့်တာဝန်များ ထမ်းဆောင်ရာတွင် အရေးအကြီးဆုံးဖြစ်သည့် ဘက်ပေါင်းစုံ တွေးခေါ်မြော်မြင်မှု၊ ညှိနှိုင်းပေါင်းစပ်တတ်မှု၊ ပြည်တွင်း၊



ပြည်ပဗဟုသုတနှင့် သတင်းအချက်အလက်နည်းပညာအသုံးချပြီး ပိုမိုကောင်းမွန်သည့် ပညာရပ်အတွေ့အကြုံ သင်ခန်းစာနှင့် နမူနာများကို လေ့လာသုံးသပ်တတ်သည့် အလေ့အထများရရှိအောင် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးမှ အဆင့်မြင့်အရာရှိကြီးများ၊ ပြင်ပကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်မှ ဆရာ၊ဆရာမများ ပို့ချဆွေးနွေးမှုများအပေါ် သင်ကြားမှုပိုမိုထိရောက်စေရေး၊ အတွေ့အကြုံများ အချင်းချင်း ဖလှယ်ခွင့်ရရှိရေးတို့အတွက်မိမိတို့တာဝန်ထမ်းဆောင်ရာတွင် ကြုံတွေ့ခဲ့ရသော အတွေ့အကြုံများကို အပြန်အလှန်ဆွေးနွေးကြရန် တိုက်တွန်းမှာကြားသည်။

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သင်တန်းအမှတ်စဉ်(၁၄)သို့ ဝန်ကြီးဌာန/ အဖွဲ့အစည်း ၁၆ ခုမှ သင်တန်းသား ၁၆ ဦး၊ သင်တန်းသူ ခုနစ်ဦး စုစုပေါင်း ၂၃ ဦးနှင့် အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၁၆)သို့ဝန်ကြီးဌာန/အဖွဲ့အစည်း ၂၈ ခုတို့မှ သင်တန်းသား ၂၈ ဦး၊ သင်တန်းသူ ၁၄ ဦး စုစုပေါင်း ၄၂ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂ ရက်မှ နိုဝင်ဘာ ၂၄ ရက်အထိ ရက်သတ္တရှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အာရှအားကစားပြိုင်ပွဲတွင် မြန်မာအမျိုးသားပိုက်ကျော်ခြင်းအသင်း ဆီမီးဖိုင်နယ် တက်ရောက်

**ရန်ကုန် အောက်တိုဘာ ၂**

တရုတ်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် (၁၉)ကြိမ်မြောက် အာရှ အားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်း လေးယောက်တွဲပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို အောက်တိုဘာ ၂ ရက်က ဆက်လက်ကျင်းပရာ မြန်မာအမျိုးသားအသင်း ဆီမီးဖိုင်နယ်တက်ရောက်သွားသည်။

မြန်မာပိုက်ကျော်ခြင်းအသင်းသည် လေးယောက်တွဲ အမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲနှစ်မျိုးစလုံး ဝင်ရောက်ယှဉ်ပြိုင်ရာ အမျိုးသားအသင်းက ဆီမီးဖိုင်နယ်တက်ရောက်နိုင်သော်လည်း အမျိုးသမီးအသင်းမှာမူ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

အမျိုးသားပြိုင်ပွဲတွင် မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းကို နှစ်ပွဲပြတ်ရှုံးနိမ့်သော်လည်း ဗီယက်နမ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရသဖြင့် ဆီမီးဖိုင်နယ် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အင်ဒိုနီးရှားကို ၂၂-၂၀ မှတ်၊ ၂၁-၁၉ မှတ်ဖြင့် နှစ်ပွဲပြတ်အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဆီမီးဖိုင်နယ်တက်ရောက်ရေး အဆုံးအဖြတ်ပွဲတွင် မြန်မာအသင်းသည် ဗီယက်နမ်ကို အနိုင်ကစားနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပွဲငယ်တွင် ၂၂-၂၀ မှတ်ဖြင့် အရေးနိမ့်သော်လည်း ဒုတိယပွဲငယ်တွင် ၂၁-၁၉ မှတ်၊ တတိယပွဲငယ်တွင် ၂၁-၁၉ မှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများတွင် လာအိုနှင့် ဗီယက်နမ်ကို အနိုင်ရပြီး အင်ဒိုနီးရှားကို အရေးနိမ့်သဖြင့် အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို အောက်တိုဘာ ၃ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်သည်။ အခြားအုပ်စု နောက်ဆုံးပွဲများကို အောက်တိုဘာ ၃ ရက် နံနက်ပိုင်းမှ ကျင်းပမည်ဖြစ်သောကြောင့် ယင်းပွဲစဉ်ပြီးဆုံးမှသာ မြန်မာအသင်းနှင့် တွေ့ဆုံမည့်ပြိုင်ဘက် ထွက်ပေါ်မည်ဖြစ်သည်။

အမျိုးသမီးပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့တွင် မြန်မာအသင်းသည် အင်ဒိုနီးရှားကို နှစ်ပွဲပြတ်အရေးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် အုပ်စုသုံးပွဲ ယှဉ်ပြိုင်ရာတွင် တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ခဲ့သဖြင့် ဆီမီးဖိုင်နယ်နှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

**ရဲရင့်လွင်**

# ရှင်မဟာသီလဝံသမထေရ်မြတ် နှစ် (၅၅၀) ပြည့် အင်းဝခေတ် မြန်မာစာပေသမိုင်းတစ်ဆစ်ချိုးကို လေ့လာခြင်း


စလင်း-စည်သူကျော်ထင်

*(ယမန်နေ့မှအဆက်)*

ရာဇဝင်ကျော်ကိုလေ့လာရာတွင် **"မင်းတို့၏ ရာဇဝင်ကိုသာမက** တိုင်းပြည်မြို့ရွာ စည်ကားကြောင်း ဥပမာကိုလည်း ပြဆိုထားသည်။ ထိုသို့ပြဆိုရာတွင် ရာဇဝင်ကျော် အခန်း(၃)၌ မြတ်စွာဘုရားကား တပည့်သားတော်တို့ကို ပြည်ရွာ စီးပွားရာသော ဥပမာနည်းနာတို့ဖြင့်ဆုံးမတော်မူ၏။ မြို့ထုံးဥပမာဖြင့်လည်း ဆုံးမတော်မူ၏။ မင်းတို့ စီးတန်သော ဆင်ပြောင်ရတနာ၊ မြင်းရတနာ ဥပမာတို့ဖြင့်လည်း ဆုံးမတော်မူ၏။ မင်းထိုက်မင်းတန်ဖြစ်သော သူရဲကြီးဥပမာ၊ လေးသည်ကြီး ဥပမာတို့ဖြင့်လည်း ဆုံးမတော်မူ၏။ ရေမြေသနင်းမင်းတို့သည် သက်တော်ရှည်သရွေ့ အောက်မေ့ရာသော အကျင့်တို့၌ ဥပမာတို့ဖြင့် တပည့်သားတော်တို့ကို အသက်ရှိသရွေ့ အောက်မေ့စေ၏" ဟူ၍ပြဆိုထားသည်။

ထိုအဆုံးအမတို့အနက်မှ မြို့ထုံးဥပမာတစ်ခုကို ကောက်နုတ်ဖော်ပြရသော် မြို့အစာ (၄) ပါး ရှိကြောင်း ပြဆိုထားသည်။ **"မြို့အစာ(၄)ပါးမှာ - (၁) သစ်၊ ဝါး၊ သက်ငယ်၊ ထင်း၊ မြက်၊ ရေ ဟူသော မြို့အစာလည်းတပါး၊ (၂) ဆန်စပါးအစာလည်းတပါး၊ (၃) ပဲကြီး၊ ပဲလွန်း၊ ပဲနောက်၊ နှမ်း အစဟိသော ဟင်းလျာလည်းတပါး၊ (၄) ဆား၊ ပျား၊ ဆီ၊ နွားနို့၊ ထောပတ်၊ စတုမဓုဟူသော ဆေးဝါးအစာလည်း တပါး၊ ဤသို့သော အစာ ၄-ပါးကိုလည်း များစွာ သိုမှီးရာ၏။ ဤသို့သောမြို့ကား အတွင်းသားကိုလည်း မွေ့လျော်စေနိုင်၏။ ပြင်သားရန်သူကိုလည်း လုပ်ကြံခွင့် မအားနစ်စေနိုင်သည် မည်၏။"** ဟူ၍ ပြဆိုထားသည်။ ထိုကဲ့သို့ ပြဆိုထားသော အချက်များသည် ခိုလှုံရာ အဆောက်အအုံ၊ စားရေရိက္ခာနှင့် ဆေးဝါးများ စုဆောင်းထားရှိရန် လမ်းညွှန်ချက်များပင်ဖြစ်ရာ လက်ရှိအချိန်အထိပင် တိုင်းပြည်မြို့ရွာ စည်ကားကြောင်း လုပ်ဆောင်ရမည့် အချက်များ ဖြစ်နေဆဲပင်ဖြစ်သည်။ ထိုကဲ့သို့သော အချက်များကပင် ရာဇဝင်ကျော်ကို နိဿယကျမ်းအဖြစ်လည်း ကောက်ချက်ချခြင်းဖြစ်နိုင်ပေသည်။




### ရှေးအကျဆုံး စကားပြေ ပါရာယနဝတ္ထု

ပါရာယနဝတ္ထုသည် သာသနာနှစ် ၂၀၅၅ တွင် စီရင်ပြီးစီးကြောင်း နိဂုံး၌ ဆိုထားရကား ယခု သာသနာ ၂၅၆၆ နှစ်သို့ ရောက်၍ နှစ်ပေါင်း ၅၁၁ နှစ်ခန့် ရှိလေပြီ။ ရှင်မဟာသီလဝံသထေရ်သည် ကဗျာ၊ လင်္ကာ အသီအကုံး ဝါသနာထုံ၍ ကျွမ်းကျင်သည့်အလျောက် စကားပြေရေးသားရာတွင်လည်းကောင်း၊ ပါဠိဂါထာများ အနက်ပေးရာတွင်လည်းကောင်း ချိတ်ဆက်ကာရန် လင်္ကာသံများ ပါဝင်နေလိမ့်မည်ဟု ထင်မှတ်ရသော်လည်း လုံးဝ ပါဝင်ခြင်း မရှိပေ။ သဒ္ဒါလင်္ကာရခေါ် သာယာနာပျော်ဖွယ်အက္ခရာအချိတ်အဆွယ်တို့ဖြင့် တန်ဆာဆင်ခြင်း မရှိမူ၍ အတ္ထာလင်္ကာရခေါ် အာဘော်နှလုံးသွင်း လိုရင်းသိလွယ် အနက်အဓိပ္ပာယ်တို့ဖြင့်သာ တန်ဆာဆင်ထားခြင်း ဖြစ်ပေသည်။ အချို့ဝေါဟာရစကားလုံးများမှာ ယခုခေတ်လူတို့ မသိနားမလည်နိုင်ဖြစ်သော်လည်း ထိုခေတ်လူတို့အဖို့ ခေတ်သုံးစကားဖြစ်၍ နားလည်နိုင်ပေသည်၊ ဤပါရာယနဝတ္ထုထက် ရှေးကျသော စကားပြေများ ပေါ်ဖူးသည်ဟုဆိုသော်လည်း ထိုစကားပြေများကို ယခုအခါ မတွေ့မမြင်ရတော့သဖြင့် ပါရာယနဝတ္ထုသည်ရှေးအကျဆုံး စကားပြေဝတ္ထုအဖြစ်ပျောက်ပျက်မသွားအောင် စောင့်ထိန်းထားသင့်ပေသည်။

ရှင်မဟာသီလဝံသထေရ်သည် ပါရာယနသုတ္တန်တရားကို အခြေခံမူတည်၍ ပါရာယနဝတ္ထုကို အခန်းကြီးလေးခန်း၊ ဝတ္ထုကြီး ရှစ်ဝတ္ထု၊ ဝတ္ထုငယ်များစွာတို့ဖြင့် တန်ဆာဆင် စီရင်ရေးသားတော်မူခဲ့သည်။ ပါရာယနဝတ္ထုသည် အခန်း(၁) ရဟန်းတော်များ ကျင့်သုံးလိုက်နာရန် နည်းယူပြဆိုသော အရှင်သာရိပုတ္တရာဝတ္ထုနှင့် ရှင်မောဂ္ဂလာန်ဝတ္ထု၊ အခန်း(၂) ရဟန်း မိန်းမထေရီတို့ ကျင့်သုံးလိုက်နာ နည်းယူရန် ပြဆိုသော ခေမာထေရီဝတ္ထုနှင့် ဥပ္ပလဝဏ်ထေရီဝတ္ထု။ အခန်း(၃) လူဒါယကာတို့ ကျင့်သုံးလိုက်နာ နည်းယူရန်ပြဆိုသော စိတ္တသူကြွယ်ဝတ္ထုနှင့် ဟတ္ထာဠဝကဝတ္ထု။ အခန်း(၄) လူဒါယိကာမတို့ ကျင့်သုံးလိုက်နာ နည်းယူရန် ပြဆိုသော ဥတ္တရာ မိန်းမမြတ်ဝတ္ထုနှင့် နန္ဒမာတာ မိန်းမမြတ်ဝတ္ထုများ ဖြစ်ကြ၏။ နန္ဒမာတာဝတ္ထုတွင် နန္ဒမာတာရွတ်ဖတ်သရဇ္ဈာယ်သော ပါရာယနသုတ်ကို အကြောင်းရင်းခံ၍ ဤဝတ္ထုတစ်ခုလုံးကိုလည်း ပါရာယနဝတ္ထုဟု အမည်တပ်၍ မှတ်သားခြင်း ဖြစ်ပေသည်။

ပါရာယနသုတ်မှာ- ဗာဝရီမည်သော မင်းဆရာပုဏ္ဏားရသေ့ကြီးနှင့် အဇိတစသော ပုဏ္ဏားရသေ့ငယ်တပည့် တစ်ကျိပ်ခြောက်ဦးတို့ အသီးသီးမေးအပ်သော ပြဿနာများကို မြတ်စွာဘုရားသခင် အသီးသီးဖြေဆို ဟောကြားတော်မူအပ်သည့် သုတ္တနိပါတ် ပါဠိတော်လာ တရားဒေသနာတော်ပင်ဖြစ်သည်။ ပါရာယန၌ ပါရ + အယန ၂ ပုဒ်တွင် ပါရ-သံသရာတဖက်ကမ်း နိဗ္ဗာန်၊ အယန- ရောက်ရာ ရောက်ကြောင်းခရီး၊ ပါရာယန - သံသရာတဖက်ကမ်း နိဗ္ဗာန်နန်းသို့ ကူးသန်းရောက်ရာ ခရီးလမ်းမဟာဟု ဆိုလိုပေသည်။

### မြန်မာစာပေသမိုင်းတစ်ဆစ်ချိုး

မြန်မာစာပေသည် ဗုဒ္ဓစာပေမှတစ်ဆင့် စတင်ထွန်းကားခဲ့ကြောင်း ရှေးပညာရှိကြီးများ၏ အဆိုရှိသည်။ ဗုဒ္ဓစာပေသည် ဗုဒ္ဓသာသနာကို မြန်မာပြည်၌ ပျံ့နှံ့အောင် ဆောင်ရွက်လိုသည့် ရှင်အရဟံနှင့် အနော်ရထာတို့က အားပေးခဲ့ကြသော စာပေဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓစာပေကိုမှီ၍ ထွန်းကားလာသော မြန်မာစာပေသည် အထူးသဖြင့် ရဟန်း၊ ကျောင်းနှင့် နန်းတော် အိမ်တော်တို့၌ အများအပြားဖြစ်ပေါ်လာခဲ့သည်ကို တွေ့ရကြောင်း၊ အကြမ်းအားဖြင့် (၁) ရဟန်းတော်များကစ၍ ရေးကြသော ပျို့၊ မော်ကွန်းနှင့် ဇာတကဝတ္ထုများ၊ (၂) မင်း၊ မှူးမတ်၊ မင်းညီမင်းသား၊ မင်းသမီးစသော နန်းတော်၊ အိမ်တော်စာဆိုတို့ ရေးကြသော ရတု၊ ချေင်း၊ အဲချင်း၊ လူးတား၊ ရကန်၊ သာချင်း၊ တေးထပ်၊ လေးဆစ်၊ နှစ်ဆစ်၊ မှာတမ်း၊ နန်းတွင်းဇာတ်၊ ပြဇာတ်၊ ရာဇဝင်၊ အရေးတော်ပုံတို့ကို တွေ့ရကြောင်း၊ (၃) ရဟန်းစာဆို၊ ထီးနန်းစာဆို၊ ဆင်းရဲသား စာဆို သုံးမျိုးစလုံးတို့၏ ဗုံကြီးသံ၊ ဗုံထောက်သံ၊ သီချင်း၊ အိုင်ချင်း၊ တျာချင်း၊ နတ်ချင်း၊ ဒုံးချင်း၊ လွမ်းချင်း၊ လေးဆစ်၊ သံချို၊ မေတ္တာစာ၊ ဟောစာတို့ကို တွေ့ရကြောင်း ရှေးဟောင်းမြန်မာစာပေ၏ ယေဘုယျလက္ခဏာကို ဆရာဇော်ဂျီ၏ "ရသစာပေ အဖွင့်နှင့် နိဒါန်း" စာအုပ်တွင် ဖော်ပြထားသည်။

ထိုကဲ့သို့ ပုဂံခေတ်က ဗုဒ္ဓစာပေမှတစ်ဆင့် ဆင်းသက်လာခဲ့သော မြန်မာစာပေသည် မြန်မာစာပေသမိုင်း၌ တစ်ဆစ်ချိုးဟုခေါ်လောက်အောင် မြင့်မားတိုးတက်ခဲ့လေသည်။ ဤသည်ကို ဆရာဇော်ဂျီက **"ပုဂံခေတ်ကျောက်စာနှင့် သက္ကရာဇ် ၈၀၀ မှ ၉၀၀ ကျော်ခေတ်က စာများကိုသာလျှင် မြန်မာစာပေသမိုင်း၌တောင်ထွတ်ပမာ မြင်နိုင်သောစာများဟု ယူဆမိတော့သည်။ ယခုထက်တိုင် အများအပြား ရေးသားနေကြသော မြန်မာစာသည် တောင်အထွတ်တို့နှင့်တူခဲ့သည်ဟုဆိုခဲ့သော မြန်မာစာတို့၏ အရိပ်ကို ခိုလှုံလျက်သာရှိကြပေသေးသည်။ ဥပမာတမျိုးထပ်၍ ပြရမည်ဆိုလျှင်၊ ပုဂံခေတ်ကျောက်စာနှင့် သက္ကရာဇ် ၈၀၀ မှ ၉၀၀ ကျော်ခေတ်က စာများသည် အိုင်ကြီးများနှင့် တူကြသည်။ ယခု (၁၉၃၀) ကျော် ထက်တိုင်ရေးသားနေကြသော မြန်မာစာသည် ထိုအိုင်ကြီးများမှ စီးဆင်းလျက်နေသော ရေအလျဉ်နှင့်တူသည်"**ဟု ရသစာပေအဖွင့်နှင့် နိဒါန်းစာအုပ်တွင် သုံးသပ်တင်ပြခဲ့ပေသည်။ ထို့ကြောင့် မြန်မာစာပေလေ့လာသူတိုင်းသည် ပုဂံခေတ်ကျောက်စာနှင့် သက္ကရာဇ် ၈၀၀ မှ ၉၀၀ ကျော်အတွင်း ပေါ်ပေါက်ခဲ့သည့် ရှင်မဟာရဋ္ဌသာရနှင့် ပေလေးပင် ရှင်လေးပါးဝင် ရှင်မဟာသီလဝံသတို့ အပါအဝင် ထင်ရှားသော စာဆိုတော်ကြီးများ ဖွဲ့ဆိုသော စာပေလက်ရာများ၏ သိမ်မွေ့ပုံ၊ ခန့်ညားပုံတို့ကို လေ့လာသိရှိနိုင်ကြမည်ဖြစ်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

> **❝ဆရာဇော်ဂျီက "ပုဂံခေတ်ကျောက်စာနှင့် သက္ကရာဇ် ၈၀၀ မှ ၉၀၀ ကျော်ခေတ်က စာများကိုသာလျှင် မြန်မာစာပေသမိုင်း၌ တောင်ထွတ်ပမာ မြင်နိုင်သောစာများဟု ယူဆမိတော့သည်။ ယခုထက်တိုင် အများအပြား ရေးသားနေကြသော မြန်မာစာသည် တောင်အထွတ်တို့နှင့်တူခဲ့သည်ဟု ဆိုခဲ့သော မြန်မာစာတို့၏ အရိပ်ကို ခိုလှုံလျက်သာရှိကြပေသေးသည်။ ဥပမာတမျိုးထပ်၍ ပြရမည်ဆိုလျှင်၊ ပုဂံခေတ်ကျောက်စာနှင့် သက္ကရာဇ် ၈၀၀ မှ ၉၀၀ ကျော်ခေတ်က စာများသည် အိုင်ကြီးများနှင့် တူကြသည်။ ယခု (၁၉၃၀) ကျော် ထက်တိုင်ရေးသားနေကြသော မြန်မာစာသည် ထိုအိုင်ကြီးများမှ စီးဆင်းလျက်နေသော ရေအလျဉ်နှင့်တူသည်"ဟု ရသစာပေအဖွင့်နှင့် နိဒါန်းစာအုပ်တွင် သုံးသပ်တင်ပြခဲ့ပေသည်❞**

**ရှင်မဟာသီလဝံသစာတော်စာရင်း(အချို့)**

**ပျို့များ-**
- (၁) ပါရမီတော်ခန်းပျို့
- (၂) တောင်တွင်းလာပျို့
- (၃) ဆုတောင်းခန်းပျို့
- (၄) သံဝေဂခန်းပျို့
- (၅) ဓမ္မပါလပျို့(ရေးဆဲ ပျံလွန်တော်မူသောကြောင့် တပည့်ဖြစ်သူ ပုဂံဆရာတော်က ဆက်လက်ရေးသားရာ ၉၁၁ ခုနှစ်၌ ပြီးဆုံးသည်။)

**မော်ကွန်းများ -**
- (၁) တံတားဦးတည်မော်ကွန်း
- (၂) ရွှေနန်းတည်မော်ကွန်း
- (၃) ရွှေနန်းကြော့ရှင် နန်းဘွဲ့မော်ကွန်း
- (၄) မိတ္ထီလာကန်တော်ဘွဲ့မော်ကွန်း (ရှိရှားကန်ဘွဲ့မော်ကွန်းဟုလည်း ခေါ်သည်။)

**ဆုံးမစာလင်္ကာ -**
- (၁) တိလောက-ချီလင်္ကာ
- (၂) မွေးသမိခင်- ချီလင်္ကာ
- (၃) အသင်္ခါရိက၊ ဉာဏသမ္ပယော - ချီမေတ္တာစာလင်္ကာ

**ကေပိုဒ်ရတု -**
- (၁) ဤသို့စုံစီ-ချီ ရှင်မဟာသီလဝံသ ဂုဏ်ပြုရတု
- (၂) ဇာတိသန္ဓေ-ချီ ဒုတိယဘုရင်မင်းခေါင်ထံ သွင်းသော မေတ္တာစာရတု
- (၃) နွယ်လှုရိုးတန်-ချီ ယန္တရားစကြာရတု

**အဖြည့်ခံရတု-**
- (၁) မဏိဂူဟာ-ချီရတု (ရှင်မဟာရဋ္ဌသာရက "တရှိတူစွာ"ဟု ဖြည့်သည်။)

**ပိုဒ်စုံရတု -**
- (၁) မဏိစိန္တာ - ချီ ရာဇဝသတီခန်းရတု၊
- (၂) အချာပဝရ-ချီ တောင်တွင်းမြို့ဘွဲ့ရတု

**ကျမ်းစာများ -**
- (၁) ပါရာယနဝတ္ထု
- (၂) ရာဇဝင်ကျော်
- (၃) မဟာရဟနီတိ
- (၄) နေတ္တိပါဠိတော် နိသျဟောင်း
- (၅) ဆုံးမစာစကားပုံ

**ကျောက်စာများ -**
- (၁) ထူပါရုံကျောက်စာ
- (၂) ရတနာ့ဗိမာန်ကျောင်းတော်ကျောက်စာ

ကိုးကား -
(၁) ရာဇဝင်ကျော်၊ ရှင်မဟာသီလဝံသ။
(၂) ပါရာယနဝတ္ထု၊ ရှင်မဟာသီလဝံသ။
(၃) မြန်မာဆိုတာ၊ ဒေါက်တာသန်းထွန်း။
(၄) ရသစာပေအဖွင့်နှင့်နိဒါန်း၊ ဆရာဇော်ဂျီ။

# မြဝတီကုန်သွယ်ရေးဇုန်မှ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁၁၀ ဒသမ ၁၈၆ သန်း ဆောင်ရွက်နိုင်

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၆ ရက်မှ စက်တင်ဘာ ၂၉ ရက်အထိ ပို့ကုန်တင်ပို့မှုအနေဖြင့် အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ငရုတ်၊ ကြက်သွန်နီ၊ CMP ပစ္စည်းများနှင့် ရေထွက်ပစ္စည်းဖြစ်သည့် ငါးပါးလျှပ်၊ ငါးခွေးလျှာ၊ ငါးမြွေထိုး၊ ခုံး၊ ပုစွန်၊ ကဏန်းတို့ဖြစ်ပြီး ဂေါ်ဖီ၊ မြေပဲ၊ ကွမ်းရွက်၊ ကွမ်းသီးခြောက်၊ ငါးဖမ်းပိုက်ကွန်များနှင့် တောပန်းမြစ်ခြောက်တို့ကို တင်ပို့ခဲ့သည်။

ပုပ်သိုးပျက်စီးလွယ်သည့် ရေထွက်ကုန်ပစ္စည်းများ၊ ကုန်စိမ်းပို့ကုန်များဖြစ်သည့် ကြက်သွန်နီနှင့် ငရုတ်များကို လွယ်ကူလျင်မြန်စွာ တင်ပို့နိုင်ရေးအတွက် လိုင်စင်ထုတ်ပေးခြင်းနှင့် ကုန်ပစ္စည်းစစ်ဆေးမှုများတွင် ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်။

စက်တင်ဘာ ၂၆ ရက်မှ စက်တင်ဘာ ၂၉ ရက်အထိ အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ အဝတ်အထည်၊ CMP၊ စားသောက်ကုန်ပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စက်နှင့်စက်အပိုပစ္စည်းများ၊ သစ်သီးမျိုးစုံနှင့် လူသုံးကုန်ပစ္စည်းတို့ဖြစ်ပြီး တိရစ္ဆာန်အစာ၊ စက်ဘီး၊ စာရေးကိရိယာ၊ ကားအပိုပစ္စည်း၊ ယာဉ်ယန္တရားများ၊ ဆိုင်ကယ်အပိုပစ္စည်း၊ စက်ဆီ/ချောဆီ၊ လျှပ်စစ်ပစ္စည်း၊ အလှကုန်ပစ္စည်း၊ ဆေးဝါးများ၊ ဖိနပ်၊ အိမ်သုံးပစ္စည်း၊ စက်ရုံသုံးပစ္စည်းနှင့် ငါးဖမ်းပစ္စည်းတို့ကိုလည်း တင်သွင်းခဲ့သည်။

စက်တင်ဘာ ၂၃ ရက်မှ စက်တင်ဘာ ၂၉ ရက်အထိ အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ချုပ်ပြီးအထည် ၁၃၇၉၆၇ ထည်၊ ၁၆ ဒသမ ၂၇၂ တန်၊ ကြက်သွန်နီတစ်တန်လျှင် ဒေါ်လာ ၆၇၅ ဒသမ ၉၂၆ ဖြင့် ၂၀၉၉ ဒသမ ၃၄၀ တန်၊ ငရုတ်သီး(ခြောက်) တစ်တန်လျှင် ဒေါ်လာ ၁၆၇၃ ဒသမ ၆၈၆ ဖြင့် ၂၇၁ ဒသမ ၈၅၅ တန်၊ ငရုတ်သီး(စိမ်း)(အစို) တစ်တန်လျှင် ဒေါ်လာ ၄၇၀ ဒသမ ၀၈၆ ဖြင့် ၃၉၅ ဒသမ ၆၇၂ တန်၊ မြေပဲဆန်တစ်တန်လျှင် ဒေါ်လာ ၁၆၁၇ ဒသမ ၂၇၇ ဖြင့် ၉၉ ဒသမ ၅၅၀ တန်၊ ကွမ်းသီးတစ်တန်လျှင် ဒေါ်လာ ၁၅၁၈ ဒသမ ၉၉၈ ဖြင့် ၁၀၅ ဒသမ ၉၉၈ တန်၊ ကော်ဖီစေ့ တစ်တန်လျှင် ဒေါ်လာ ၄၃၀၅ ဒသမ ၅၅၅ ဖြင့် ၃၆ တန်၊ ဂေါ်ဖီထုပ် တစ်တန်လျှင် ဒေါ်လာ ၂၀၁ ဒသမ ၇၅၄ ဖြင့် ၄၅၆ တန်၊ ငါးမျိုးစုံတစ်တန်လျှင် ဒေါ်လာ ၁၃၁၂ ဒသမ ၅၅၁ ဖြင့် ၁၈ ဒသမ ၂၈၅ တန်၊ အခြားရေထွက်ပစ္စည်းတစ်တန်လျှင် ၃၄၃၁ ဒသမ ၃၇၂ ဒေါ်လာဖြင့် ၆ ဒသမ ၁၂၀ တန်တို့ ဖြစ်သည်။

စက်တင်ဘာ ၂၃ ရက်မှ စက်တင်ဘာ ၂၉ ရက်အထိ အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်း ၁၀ မျိုးမှာ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ ဒေါ်လာ ၂ ဒသမ ၇၁၇ သန်း၊ တွင်းထွက် (သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ ဒေါ်လာ ၁ ဒသမ ၄၂၉ သန်း၊ ပုံနှိပ်စက္ကူများ ဒေါ်လာ ၀ ဒသမ ၉၂၄ သန်း၊ စက်နှင့် စက်ပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၈၁၄ သန်း၊ လျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၇၁၈ သန်း၊ ဆေးဝါးပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၆၇၁ သန်း၊ ရေနံထွက်ပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၆၅၈ သန်း၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးပစ္စည်းကိရိယာများ ဒေါ်လာ ၀ ဒသမ ၆၄၈ သန်း၊ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၅၅၂ သန်းနှင့် တာယာနှင့်ကျွတ်များ ဒေါ်လာ ၀ ဒသမ ၄၉၅ သန်းတို့ ဖြစ်သည်။

မြဝတီကုန်သွယ်ရေးဇုန်အနေဖြင့်၂၀၁၃ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၉ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ကန်ဒေါ်လာ ၁၈ ဒသမ ၉၇၀ သန်း၊ သွင်းကုန်ကန်ဒေါ်လာ ၉၁ ဒသမ ၂၁၆ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁၁၀ ဒသမ ၁၈၆ သန်း ဆောင်ရွက်နိုင်ခဲ့သည်။ ငွေဈေးနှုန်းအနေဖြင့် ယခုအပတ်တွင် တစ်ဘတ်လျှင် ၃၁ ဒသမ ၃၂ ကျပ်ဖြစ်ကြောင်း သိရှိရသည်။ **(DOT မြဝတီ)**

# ပြည်ဈေးကွက်တွင် နနွင်းတက်များအရောင်းအဝယ်ဖြစ်လျက်ရှိ



ပြည်ခရိုင် ပြည်ဈေးကွက်ရှိ နနွင်းတက်ပွဲရုံများသို့ ကျောက်ဆည်၊ ဟသ်ာတနှင့် မင်းတုန်းဘက်မှ နနွင်းတက်များ ဝင်ရောက်လျက်ရှိကြောင်း၊ ယခင်ကရှမ်းပြည်နယ် အောင်ပန်း၊ ကလောနှင့် ပင်လောင်းဘက်မှ ဝင်ရောက်ခဲ့ပြီး ယခုအချိန်တွင် ဒေသတွင်းထွက်ရှိသော နနွင်းတက်များနှင့် ကျောက်ဆည်ဘက်မှလာသော နနွင်းတက်များဖြင့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ပြည်ဈေးကွက်တွင်ဖြစ်ပေါ်လျက်ရှိသော နနွင်းတက်ဈေးများမှာ ယခင်နှစ်က နနွင်းတက်တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀-၅၀၀၀ ဖြစ်ပြီး ယခုနှစ်တွင် နနွင်းတက်တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀-၆၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း နနွင်းတက်အသေးအညှက်များကို ခြင်ဆေးခွေပြုလုပ်သူများက ဝယ်ယူကြပြီး နနွင်းတက်အချောများကို နနွင်းမှုန့်များ ပြုလုပ်ရောင်းချသူများက ဝယ်ယူကြကြောင်း သိရသည်။ **DOCA(ပဲခူး)**

# ကုန်ကျစရိတ်သက်သာပြီး မိသားစုဝင်ငွေတိုးစေသည့်နေကြာသီးနှံ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် ဆီထွက်သီးနှံများဖြစ်သောမြေပဲနှင့် နှမ်းသီးနှံတို့ကို ရာသီအလိုက်စိုက်ပျိုးလျက်ရှိပြီး နေကြာသီးနှံကို တစ်နှစ်ပတ်လုံး စိုက်ပျိုးကြကြောင်း သိရသည်။

ခရိုင်အတွင်းတွင် (မိုး)နေကြာ စိုက်ဧကအနေဖြင့် ကျောက်ဆည်မြို့နယ်တွင် ၂၈၉၂ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၁၅၂၅ ဧကနှင့် မြစ်သားမြို့နယ်တွင် ဧက ၃၆၀ စိုက်ပျိုးပြီး စုစုပေါင်းစိုက်ဧက ၄၇၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

(မိုး)နေကြာစိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၂၃၀၀၀၀ ခန့် ကုန်ကျပြီး တစ်ဧကအထွက်နှုန်းအနေဖြင့် ၂၅-၃၀ တင်းအထိထွက်ရှိကြောင်း၊ နေကြာဈေးနှုန်းအနေဖြင့် တစ်တင်းလျှင် ငွေကျပ် ၄၅၀၀၀၊ နေကြာဆီတစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀၀ တို့ဖြင့် ရောင်းဝယ်လျက်ရှိပြီး အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၇၀၀၀၀၀ ခန့် ရရှိသောကြောင့် တောင်သူများအနေဖြင့် ကုန်ကျစရိတ်သက်သာကာ မိသားစုဝင်ငွေတိုးသည့်အပြင် စားသုံးဆီဖူလုံမှုရရှိသဖြင့် စိုက်ပျိုးသင့်သော သီးနှံဖြစ်ကြောင်း သိရသည်။ **DOCA(မန္တလေး)**

# ရွှေဘိုခရိုင်အတွင်း မြို့နယ်များ၌ စပါး / ဆန် ဈေးနှုန်းများ တည်ငြိမ်

ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များ၌ စက်တင်ဘာလ နောက်ဆုံးပတ်တွင် စပါး/ဆန် ဈေးနှုန်းများ တည်ငြိမ်၍ ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီးများသို့ ဆန် စီးထွက်မှုမှာ စက်တင်ဘာလ တတိယပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၂၀၅၀၀၊ မန္တလေးသို့အိတ်ရေ ၂၄၁၀၀၊ နေပြည်တော်သို့အိတ်ရေ ၆၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၅၀၀၀၊ ပခုက္ကူသို့အိတ်ရေ ၂၀၀၀၊ စုစုပေါင်း အိတ်ရေ ၆၂၆၀၀၊ တန်အားဖြင့် တန် ၃၁၃၀ စီးထွက်ခဲ့ပြီး ယခုအပတ်တွင် ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီးများသို့ ဆန် စီးထွက်မှုမှာ ရန်ကုန်သို့ အိတ်ရေ ၁၈၅၀၀၊ မန္တလေးသို့ အိတ်ရေ ၂၀၁၀၀၊ နေပြည်တော်သို့ အိတ်ရေ ၆၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၄၅၀၀ ၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၄၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၄၀၀၀၊ စုစုပေါင်းအိတ်ရေ ၅၇၆၀၀၊ တန်အားဖြင့် တန် ၂၈၈၀ စီးထွက်ခဲ့ကြောင်း၊ ရွှေဘိုမြို့၏ စက်တင်ဘာလနောက်ဆုံးပတ်တွင် ဖြစ်ပေါ်နေသော စပါး/ဆန်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၃၇၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန် ၂၄ ပြည်ပါတစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀၊ ရွှေဘိုဧရာမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ **DOCA(စစ်ကိုင်း)**



# မြိတ်ကုန်သွယ်ရေးစခန်းမှ ငါးကြိတ်သားနှင့် ငါးမှုန့်များ တင်ပို့

မြိတ်ကုန်သွယ်ရေး စခန်းမှ စက်တင်ဘာ ၂၅ ရက်မှ စက်တင်ဘာ ၃၀ ရက်အတွင်း ပို့ကုန်တင်ပို့မှုအနေဖြင့် ငါးကြိတ်သား တစ်တန်လျှင် ၁၈၅၂ ဒေါ်လာနှုန်းဖြင့် ၄၃ ဒသမ ၂ တန်နှင့် ငါးမှုန့်တစ်တန်လျှင် ၉၀၈ ဒေါ်လာနှုန်းဖြင့် တန် ၃၀၀ တင်ပို့နိုင်ခဲ့သည်။



မြိတ် ကုန်သွယ်ရေးစခန်းမှ စက်တင်ဘာ ၂၅ ရက်မှ စက်တင်ဘာ ၃၀ ရက် အတွင်း သွင်းကုန်တင်သွင်းမှု ဒီဇယ်ဆီ တစ်တန်လျှင် ၉၉၉ ဒေါ်လာနှုန်းဖြင့် တန် ၁၃၀၀၊ ဓာတ်ဆီ တစ်တန်လျှင် ၁၀၄၁ ဒေါ်လာနှုန်းဖြင့် ၆၁၉ တန် တင်သွင်းခဲ့သည်။

မြိတ်ဒေသ၌ ကျပ်/ဘတ် ငွေလဲနှုန်းမှာ တစ်ဘတ်လျှင် ၉၁ ကျပ်ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရှိရသည်။ **DOT(မြိတ်)**

# မိုးမြေပဲစိုက်ပျိုးထွက်ရှိမှုအခြေအနေ

ပြည်ခရိုင် ရွှေတောင်မြို့နယ်တွင် မိုးမြေပဲစိုက်ဧကမှာ ၉၃၉၃ ဧကရှိပြီး ကသစ်ကိုင်းကျေးရွာအုပ်စုတွင် ၁၈၅ ဧက စိုက်ပျိုးထားရှိကြောင်း၊ မိုးမြေပဲတစ်ဧကအထွက်နှုန်းအနေဖြင့် ယခင်နှစ်တွင် တင်း ၅၀ ခန့် ထွက်ရှိပြီးယခုနှစ်တွင် တစ်ဧကလျှင် ၅၅ တင်းခန့် ထွက်ရှိသဖြင့် အထွက်နှုန်းကောင်းမွန်သည်။

ဈေးနှုန်းအနေဖြင့်လည်း ယခင်နှစ်တွင် မြေပဲဆန်တစ်ပိဿာလျှင် ကျပ် ၆၂၅၀ ဖြင့် ရောင်းချခဲ့ပြီး ယခုနှစ်တွင် တစ်ပိဿာလျှင် ကျပ် ၆၃၀၀ ဖြင့် ရောင်းချရသဖြင့် ဈေးအနည်းငယ်ပိုမိုရရှိလာပြီး ဝင်ငွေအနေဖြင့် အနည်းငယ်ပိုမိုရရှိကြောင်း၊ တစ်ဧကတောင်သူအကျိုးအမြတ်အနေဖြင့် ယခင်နှစ်တွင် ၁၅ သိန်းကျော်ရရှိပြီး ယခုနှစ်တွင် ၁၆ သိန်းကျော် ရရှိခဲ့သည့်အတွက် ယခုနှစ်တွင် အကျိုးအမြတ်အနည်းငယ်ပိုလာကြောင်း သိရှိရသည်။ **DOCA(ပဲခူး)**

## ထားဝယ်မြို့၌ ဥပဒေရေးရာ ထပ်ဆင့်ရှင်း



**ထားဝယ် အောက်တိုဘာ ၂**
တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်များ၊ ဥပဒေအရာရှိများ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ထပ်ဆင့်ရှင်းလင်းပွဲကို ယမန်နေ့ နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းသန်းက ဥပဒေရေးရာဝန်ကြီးဌာန၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၏ ညွှန်ကြားချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တိုင်းဒေသကြီးဥပဒေအရာရှိ ဦးထိန်လင်းကျော်က ဥပဒေရေးရာဝန်ကြီးဌာန၊ ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးသည်။ ရှင်းလင်းပွဲသို့ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ် ဥပဒေရုံးများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**ငွေဇင်ယော်(ထားဝယ်)**

## တောင်ငူမြို့၌ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**တောင်ငူ အောက်တိုဘာ ၂**
(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် ရဲတပ်ဖွဲ့၏ လုပ်ငန်းတာဝန်များတွင် စွမ်းစွမ်းတမံ



ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုခြင်းအခမ်းအနားကို ယမန်နေ့က တောင်ငူမြို့မရဲစခန်းဝင်း တောင်ငူခရိုင်ရဲရိပ်သာ၌ ကျင်းပသည်။

ရှေးဦးစွာ တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းအောင်က အမှာစကားပြောကြားပြီး တောင်ငူခရိုင်ရဲတပ်ဖွဲ့၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူး ကိုကိုဇော်၊ တောင်ငူခရိုင်ရဲတပ်ဖွဲ့ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုရရှိသည့် ရဲတပ်ဖွဲ့ဝင်များအား ဆုများ ပေးအပ် ချီးမြှင့်ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၂**
မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"နိုင်ငံ့အနာဂတ်အတွက် ပညာရေးပန်းများ ပွင့်လန်းစေချင်"** ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အမှားကို အမှန်လုပ် အကျိုးယုတ် မျိုးပြုတ်သင့်သည့် မီဒီယာ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့် ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာ

**နေပြည်တော် အောက်တိုဘာ ၂**
မြန်မာနိုင်ငံ၌ မေ ၁၄ ရက်တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူ များအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားသည်။

**သတင်းစဉ်**

**မြန်မာ့အလင်း**

| | |
|---|---|
| **စာတည်းမှူးချုပ်** | - အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - မြင့်စိုး |
| **သတင်းထောက်မှူး** | - ခင်ရတနာ |
| **စာတည်းများ** | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| **ဘာသာပြန် စာတည်း** | - ခြူးစန္ဒီမွေး၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်း သတင်းထောက်များ** | - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံ သတင်းထောက်** | - တင်စိုး |
| **သုတေသန** | - အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်-**၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၂ - ၁၀ - ၂၀၂၃

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၄၀ ကျပ် | ၂၅၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၈၀ ကျပ် | ၂၆၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၂၀ ကျပ် | ၂၁၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၁၅ ကျပ် | ၂၂၆၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ငါးဦးတွေ့ရှိ

(၂-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၃၅၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် (၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၅) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၂၀ | ၁၇၈၀၀၀ |
| MTSH | ၃၀၀၀ | ၃၀၅၀ | ၁၅၀၂ | ၄၁၅၆၁၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၀၀ | ၁၆၅၀ | ၁၄၆၅ | ၂၄၂၂၄၅၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၁၀၀ | ၂၂၀၀ | ၅၇၇ | ၁၂၃၂၇၀၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၁၇၅၀ | ၁၈၀၀ | ၁၂၃၆ | ၂၁၉၃၅၀၀ |

ညီညီ - စုစည်းသည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမားဝန်ကြီးဌာန
## လူမှုဖူလုံရေးအဖွဲ့
## ဝန်ထမ်းများလျှောက်လွှာခေါ်ယူခြင်း
## ၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်
## (၂၀၂၃ ခုနှစ်၊ အောက်တိုဘာ လ ၃ ရက်)

၁။ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | ရာထူးနေရာ | ပညာအရည်အချင်းသတ်မှတ်ချက် |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၁၈၀ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။ |
| (ခ) | ယာဉ်မောင်း(၅) (အမျိုးသား) (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၃ နေရာ | အခြေခံပညာ အလယ်တန်း အဆင့်ရှိပြီး "ခ"အဆင့် ယာဉ်မောင်းလိုင်စင်ရှိရမည်။ ယာဉ်ကြီး၊ ယာဉ်ငယ်များအား ကျွမ်းကျင်စွာ မောင်းနှင်နိုင်သူဖြစ်ရမည်။ |
| (ဂ) | ရုံးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၂ နေရာ | အခြေခံပညာ အလယ်တန်းအဆင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ |
| (ဃ) | အစောင့် (အမျိုးသား) (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၁၀ နေရာ | အခြေခံပညာမူလတန်းအဆင့်ရှိရမည်။ |
| (င) | သန့်ရှင်းရေးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၃ နေရာ | အခြေခံပညာမူလတန်းအဆင့်ရှိရမည်။ |
| (စ) | လုပ်သား (ထမင်းချက်) (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၃ နေရာ | အခြေခံပညာမူလတန်းအဆင့်ရှိရမည်။ |
| (ဆ) | လုပ်သား (ရင်ခွဲရုံလုပ်သား) (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၁ နေရာ | အခြေခံပညာမူလတန်းအဆင့်ရှိရမည်။ |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည် ရွေးချယ်ခြင်းခံရပါက လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ တိုင်းဒေသကြီး/ပြည်နယ်လူမှုဖူလုံရေးရုံး၊ ခရိုင်လူမှုဖူလုံရေးရုံး၊ မြို့နယ်လူမှုဖူလုံရေးရုံး၊ အလုပ်သမားဆေးရုံကြီးများ (ရန်ကုန်/မန္တလေး/ထန်းတပင်) နှင့် မြို့နယ်လူမှုဖူလုံရေးဆေးခန်းများ တွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(ဂ) အမှတ်စဉ်(၁)(က) လျှောက်ထားလိုသူများသည် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၉-၁၁-၂၀၂၃ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက် (၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ ဤဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်သူဖြစ်ပါက အသက် (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဃ) အမှတ်စဉ် (၁) (ခ) (ဂ) လျှောက်ထားလိုသူများသည် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၉-၁၁-၂၀၂၃ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက် (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(င) အမှတ်စဉ် (၁) (ဃ) (င) (စ) (ဆ) လျှောက်ထားလိုသူများသည် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၉-၁၁-၂၀၂၃ ရက်နေ့တွင် အသက် (၁၈)နှစ်ပြည့်ပြီး အသက် (၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(စ) ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။
(ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်(Dismissal)ခြင်း၊ ရာထူးမှထုတ်ပယ် (Removal)ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြရမည် -

(က) လျှောက်ထားသူ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ခ) မွေးသက္ကရာဇ် (အသက်)
(ဂ) လူမျိုးနှင့်ကိုးကွယ်သည့် ဘာသာ
(ဃ) ပညာအရည်အချင်း၊ အောင်မြင်သည့် ခုနှစ်နှင့် အောင်မြင်ခဲ့သည့် ကျောင်း/တက္ကသိုလ်
(င) အဖအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(စ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်ရာထူးနှင့် ဌာန
(ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်နှင့် မှတ်ပုံတင်သည့် ရက်စွဲ
(ဇ) ဆက်သွယ်ရန် လိပ်စာနှင့် တယ်လီဖုန်းအမှတ်
(ဈ) အမြဲတမ်းနေရပ်လိပ်စာ (အပြည့်အစုံ)

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) အမှတ်စဉ် (၁) (က) ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်မိတ္တူနှင့် အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။) (အခြားကျွမ်းကျင်မှုဆိုင်ရာ သင်တန်းအောင်လက်မှတ်များရှိပါက မိတ္တူပူးတွဲတင်ပြရန်)
(ခ) အမှတ်စဉ် (၁)(ခ) ပညာအရည်အချင်းအတွက် အခြေခံပညာအလယ်တန်းအဆင့်ကျောင်း ထောက်ခံစာမိတ္တူနှင့် "ခ"အဆင့် ယာဉ်မောင်းလိုင်စင် မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်) (ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)
(ဂ) အမှတ်စဉ် (၁) (ဂ) ပညာအရည်အချင်းအတွက် အခြေခံပညာ အလယ်တန်းအဆင့် အောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်၊) (ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)
(ဃ) အမှတ်စဉ် (၁) (ဃ)မှ (ဆ)အထိ ပညာအရည်အချင်းအတွက် အခြေခံပညာမူလတန်းအဆင့် ကျောင်းထောက်ခံစာ မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်၊)(ဖြေဆိုခွင့် ကတ်ပြားထုတ်ယူချိန်တွင်မူရင်းတင်ပြနိုင်ရမည်။)
(င) အမှတ်စဉ် (၁) (က)မှ (ဆ)အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)
(စ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ (ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)
(ဆ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ (၁)လအတွင်းရရှိသည့် ထောက်ခံချက်မူရင်း
(ဇ) ကျန်းမာရေးကောင်းမွန်ကြောင်း ကျန်းမာရေးဦးစီးဌာန၏ ဆေးထောက်ခံစာမူရင်း
(ဈ) လွန်ခဲ့သော (၁) လအတွင်း ရိုက်ကူးထားသော ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံ (၁ $\frac{၁}{၂}$'' x ၁ $\frac{၃}{၄}$'') ကျောဘက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးရန်)
(ည) တာဝန်ကျရာ မည်သည့်ဒေသမဆို သွားရောက်နိုင်ကြောင်း ကတိပြုလွှာ
(ဋ) အစိုးရဌာနတစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသူဖြစ်လျှင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ရာထူး၊ လစာနှုန်း၊ ဌာန၊ အဖွဲ့အစည်းအမည်နှင့် ဝန်ကြီးဌာန၏ ခွင့်ပြုမိန့်မူရင်း

၅။ လျှောက်ထားသူများသည် လျှောက်လွှာပုံစံများအား အလုပ်သမားဝန်ကြီးဌာန Website www.mol.gov.mm တွင် Download ရယူလျှောက်ထားနိုင်သည်။

၆။ လျှောက်လွှာများကို လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ တိုင်းဒေသကြီး/ ပြည်နယ်လူမှုဖူလုံရေးရုံးများ၊ ခရိုင်လူမှုဖူလုံရေးရုံးများနှင့် မြို့နယ်လူမှုဖူလုံရေးရုံးများသို့ ပေးပို့လျှောက်ထားနိုင်ပြီး ၉-၁၁-၂၀၂၃ ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ လျှောက်ထားရမည်။ သတ်မှတ်ချက်မကိုက်ညီသူများနှင့် သတ်မှတ်ရက်ထက်နောက်ကျရောက်ရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၃၀-၁၁-၂၀၂၃ ရက်နေ့နှင့် ၁-၁၂-၂၀၂၃ ရက်နေ့တို့တွင် ရုံးချိန်အတွင်း ထုတ်ပေးမည်။

၈။ အမှတ်စဉ် (၁) (က) လျှောက်ထားသူများသည် အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတနှင့် ကွန်ပျူတာ ဘာသာရပ်၊ လူတွေ့(နှုတ်ဖြေ)စသည့် အရည်အချင်းစစ်စာမေးပွဲအား ဖြေဆိုရမည်ဖြစ်သည်။

၉။ အမှတ်စဉ် (၁) (ခ)မှ (ဆ)အထိ လျှောက်ထားသူများသည် လူတွေ့(နှုတ်ဖြေ) ဖြေဆိုရမည် ဖြစ်ပါသည်။

၁၀။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းနှင့် ခုံအမှတ်တို့ကို လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ တိုင်းဒေသကြီး/ ပြည်နယ်လူမှုဖူလုံရေးရုံးများ၊ ခရိုင်လူမှုဖူလုံရေးရုံးများနှင့် မြို့နယ်လူမှုဖူလုံရေးရုံးများရှိ ကြော်ငြာသင်ပုန်းနှင့် ဝန်ကြီးဌာန Website www.mol.gov.mm တွင် ကြော်ငြာပေးထားမည်ဖြစ်ပါသည်။

၁၁။ အရည်အချင်းစစ်စာမေးပွဲအစီအစဉ်-

**အငယ်တန်းစာရေးရာထူး**

(က) ၂-၁၂-၂၀၂၃ ရက်နေ့၊ နံနက် ၀၉:၃၀ နာရီမှ ၁၀:၃၀ နာရီအထိ အထွေထွေဗဟုသုတ မေးခွန်းလွှာ၊ မွန်းလွဲ ၁၁:၀၀ နာရီမှ ၁၂:၀၀ နာရီအထိ အင်္ဂလိပ်စာမေးခွန်းလွှာ။
(ခ) ၃-၁၂-၂၀၂၃ ရက်နေ့ နံနက် ၀၉:၃၀ နာရီမှ ၁၀:၃၀ နာရီအထိ ကွန်ပျူတာစစ်ဆေးခြင်း၊ မွန်းလွဲ ၁၁:၃၀ နာရီမှ ပြီးဆုံးချိန်ထိ လူတွေ့(နှုတ်ဖြေ) စစ်ဆေးခြင်း။

**ယာဉ်မောင်း(၅)၊ ရုံးအကူ၊ အစောင့်၊ သန့်ရှင်းရေးအကူ၊ လုပ်သား (ထမင်းချက်)၊ လုပ်သား (ရင်ခွဲရုံလုပ်သား) ရာထူးများအတွက်**

(က) ၄-၁၂-၂၀၂၃ ရက်နေ့၊ နံနက် ၀၉:၃၀ နာရီမှ ပြီးဆုံးချိန်ထိ လူတွေ့(နှုတ်ဖြေ) စစ်ဆေးခြင်း။

၁၂။ အရည်အချင်းစာမေးပွဲကို လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်တို့တွင် ကျင်းပပြုလုပ်ပါမည်။ အသေးစိတ်သိရှိလိုပါက နေပြည်တော်ကောင်စီ၊ ပြည်နယ်/တိုင်းဒေသကြီးလူမှုဖူလုံရေးရုံးများနှင့် လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်)နေပြည်တော်၊ ၀၆၇-၃၄၁၇၉၀၃၊ ၀၆၇-၃၄၁၇၉၀၆ သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လူမှုဖူလုံရေးအဖွဲ့**
**အလုပ်သမားဝန်ကြီးဌာန**






## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ်(၁၀/တံတားဦးအနောက်)၊ ဦးပိုင်အမှတ်(၂-ဃ)၊ မြေကွက်အမှတ်(21-C)၊ မြေဧရိယာ(၀ဒသမ၂၀၅)ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်နန်းသက်စုလှိုင်ထွန်း ၉/ပမန(နိုင်) ၀၀၁၆၄၃မှ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ ကွင်း/အကွက်အမှတ်(၇/ခဲလယ်တောင်)၊ ဦးပိုင်အမှတ်(၁၁၄)၊ မြေယာအမှတ် (213,214,215)၊ မြေဧရိယာ ၀ဒသမ ၂၉၈ ဧကရှိ မြေကွက်အား ဂရန်အမှုတွဲအမှတ် ၂၅၅/၂၀၁၄-၂၀၁၅အရ ဦးလှဖေ အမည်ပေါက်ပြီး အဆိုပါအမည်ပေါက်ဂရန်မူရင်းမှာ ပျောက်ဆုံးနေပါသဖြင့် မြေငှားဂရန် (မိတ္တူမှန်) လျှောက်ထားနိုင်ရေး ဦးလှဖေ ၉/မမန(နိုင်) ၀၁၅၇၀၁ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့်ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးလှဖေ ၉/မမန(နိုင်)၀၁၅၇၀၁**
**အမှတ် ၂၁၃၊ ၂၁၅၊(၇)ကွက်၊ ခဲလယ်ရပ်၊ ရပ်ကွက်ကြီး(၄)၊ ပြင်ဦးလွင်မြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ (၁) ကွက်၊ (၃၇) လမ်း၊ အမှတ်(၃၇)နေ ကျွန်မ ဒေါ်ပိုးနှင်းပွင့်ဖြူ ၉/ပဥလ(နိုင်) ၀၄၂၄၃၁ သည် ရှမ်းပြည်နယ်(မြောက်)၊ ကွတ်ခိုင်မြို့၊ အမှတ်(၄)ရပ်ကွက်၊ နယ်မြေ(၄)၊ အမှတ်(ဃ/၃၈၆) နေ အဘ HJ.M ယူနွတ်စ်၏ သားဖြစ်သူ M.အာရ်ဖန်း(ခ)ဦးနေပိုင်စိုးဝင်း ၁၃/ကခန(ပြု) ၀၀၀၃၇၁နှင့် (၂၀၁၈)ခုနှစ်၊ မတ်လ (၂၃)ရက်တွင် အစ္စလာမ်တရားတော်နှင့်အညီ နေကာဟ်မင်္ဂလာစာချုပ် ပြုလုပ်ချုပ်ဆို၍ တရားဝင်လက်ထပ်ထိမ်းမြား ပေါင်းသင်းနေထိုင်ခဲ့ပြီး သမီး(၁)ဦး ထွန်းကားခဲ့ပါသည်။ ကျွန်မ၏ ခင်ပွန်းဖြစ်သူ M.အာရ်ဖန်း(ခ)ဦးနေပိုင်စိုးဝင်းသည် (၁-၅-၂၀၂၁)ရက်တွင် ကွယ်လွန်သွားခဲ့ပါသဖြင့် ကျွန်မ၏ ခင်ပွန်းဖြစ်သူ M.အာရ်ဖန်း(ခ)ဦးနေပိုင်စိုးဝင်း အမည်ဖြင့် ပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများ အားလုံးအပါအဝင် M.အာရ်ဖန်း(ခ)ဦးနေပိုင်စိုးဝင်း၏ ဥပဒေအရ ပိုင်ဆိုင်ခွင့်ရှိသည့် ပစ္စည်းများနှင့်ပတ်သက်ပြီး ကျွန်မနှင့် ကျွန်မ၏ သမီးဖြစ်သူတို့မှ တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ခွင့်ရှိပါကြောင်းနှင့် အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများအားလုံးနှင့်ပတ်သက်ပြီး အမွေခွဲဝေခြင်း/လွှဲပြောင်းခြင်း/ဆက်ခံခြင်း/အခြား မည်သည့်နည်းဖြင့် မဆိုခံစားရယူ အကျိုးသက်ဆိုင်ခြင်းများ (လုံး၀)မရှိပါကြောင်း၊ ကျွန်မ နှင့် သမီးဖြစ်သူတို့မှသာ အကျိုးသက်ဆိုင်ခံစားပိုင်ခွင့်ရှိပါကြောင်းနှင့် ကျွန်မ မသိရှိဘဲ ပိုင်ဆိုင်မှုဆောင်ရွက်ချက်များ ပြုလုပ်ခွင့်လုံးဝမရှိပါကြောင်း၊ အကယ်၍ ဆောင်ရွက်မှုများပြုလုပ်ပါက ကျွန်မမှ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ကျွန်မ ဒေါ်ပိုးနှင်းပွင့်ဖြူ မှ M.အာရ်ဖန်း(ခ)ဦးနေပိုင်စိုးဝင်း၏ တရားဝင်ဇနီးမယားဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ပိုးနှင်းပွင့်ဖြူ ၉/ပဥလ(နိုင်)၀၄၂၄၃၁**
**(၁)ကွက်၊ (၃၇)လမ်း၊ အမှတ်(၃၇)၊ ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၄၀၀၄၄၀၈၀၂**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
## တောင်ကြီးခရိုင်တရားရုံးတော်
## ၂၀၂၃ခုနှစ် တရားမကြီးမှုအမှတ် ၃၇ နှင့် ဆက်သွယ်သည့်
## ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှု အမှတ် -၅၄

| | | |
|---|---|---|
| ဒေါ်တင်တင်ညို | နှင့် | ဦးစိန်လှ |
| ဒီကရီအနိုင်ရသူ | | တရားရှုံး |

အေးသာယာမြို့၊ အမှတ်(၄)ရပ်ကွက်၊ နောင်အင်မြောက်၊ အကွက်ကြီးအမှတ်(၃၁)၊အမှတ် ၁၅/၁၄/၂ နေ ဦးစိန်လှ (ယခုနေရပ်လိပ်စာမသိသူ) အားသိစေရမည်။

၂၀၂၃နှစ်၊ တရားမကြီးမှုအမှတ် -၃၇ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၆ရက်(၁၃၈၅ ခုနှစ် သီတင်းကျွတ်လဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်စိုးညွန့်)**
**ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ် (၄၉၂-ခ)၊ ဦးပိုင်အမှတ်(၃၃)/၊ ၂၄လမ်း၊ ၅၅x၅၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးလှစိုး ၈/ရစက(နိုင်) ၁၂၆၈၇၇၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၀၅၆/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ချိုချိုလွင် ၉/မရမ(နိုင်) ၀၄၅၆၇၀က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ VEA ကိုယ်ပိုင် အထက်တန်းကျောင်း Grade-12မှ မောင်ရဲရင့်၏ဖခင် အမည်မှန်မှာ အိမ်ထောင်စုလူဦးရေ စာရင်းအရ ဦးဇာနည်အေး ၁၂/ မဘန(နိုင်)၀၁၁၈၄၅ ဖြစ်ပါသည်။

**ဖခင်အမည်မှန်-ဦးဇာနည်အေး**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ်(RA-V/ကွက်ပြင်)၊ ဦးပိုင်အမှတ်(၂၆-ဃ)၊ မြေကွက်အမှတ်(26-C)၊ မြေဧရိယာ(၁ဒသမ ၀၀) ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်ခင်မလေး (ခ) မက်ချ် ၉/မမန(နိုင်) ၀၂၅၇၄၄မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်(၉/ပဒေသာ)၊ဦးပိုင်အမှတ်(၂၉၉)၊ ဧရိယာ ၀ဒသမ ၀၂၇၅ ဧကရှိ မြေအား မြို့မြေနေရာချထားရေးကော်မတီမှ မြေပေးမိန့်အမှတ်စဉ်(၂၂၃)ဖြင့် ဒေါ်ဆုံကျဲ ၅/ ကသန(နိုင်) ၀၁၁၈၁၁ အမည်ဖြင့် မြေချထားပေးခဲ့ရာ ၎င်းမြေအား ဒေါ်ဆုံကျဲ အမည်ဖြင့် ဂရန်သစ် လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်(AA/မြနန္ဒာ)၊ ဦးပိုင်အမှတ်(၈၂)၊ မြေယာအမှတ်(၈၂)၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ မြေအား မြေငှားဂရန် အမှတ်တွဲအမှတ် (၇၅၄/ ၁၉၉၆-၁၉၉၇)အရ ဒေါ်အေးအေးဆွေ အမည်ဖြင့် နှစ်(၁၀) ဂရန်ရရှိထားပြီး အဆိုပါ မြေအား ဒေါ်အေးအေးဆွေ ၉/ မရမ(နိုင်)၀၁၇၇၄၉ မှ သက်တမ်းတိုး ဂရန်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်(စ-၂/ပဒေသာ)၊ဦးပိုင်အမှတ်(၃၈)၊ ဧရိယာ ၀ဒသမ ၀၅၅ ဧကရှိ မြေအား မြေငှားဂရန် အမှတ်တွဲအမှတ် (၁၀၃၉/၁၉၉၄-၁၉၉၅)အရ ဦးဌေးလွင် ၉/မရမ(နိုင်)၀၁၇၇၄၂ အမည်ဖြင့် နှစ်(၁၀) ဂရန်ရရှိထားပြီး အဆိုပါ မြေအား ဦးဌေးလွင်မှ သက်တမ်းတိုးဂရန်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ မိုးကြိုးရွာမ(၂)၊ ရပ်ကွက်ကြီး(၂၁)နေ ဒေါ်မြသန္တာထွန်း ၅/ကလတ(နိုင်) ၀၅၄၇၉၇ သည် မြတ်နန္ဒီ (R.O & UV & Ozone System) သောက်ရေသန့် အမှတ်တံဆိပ်ကို မူပိုင်သုံးစွဲသွားမည်ဖြစ်ပါသဖြင့် အမှတ်တံဆိပ် တူညီပါက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မြသန္တာထွန်း (ဖုန်း-၀၉-၇၆၉၆၆၇၉၄၄)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (လ-၉)၊ ဦးပိုင်အမှတ်(၅၀)၊ ၆၅x၆၇လမ်းကြား၊ ၁၁၃x၁၁၄ လမ်းကြားရှိ ဂရန် မြေကွက် အမည်ပေါက်သူ ဦးတင်ပို ၉/မရတ(နိုင်) ၀၂၀၂၄၅က အမှတ်တွဲအမှတ် ၄၅၁၄/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် (နန-၁၇)၊ ဦးပိုင်အမှတ်(၁၃)၊ ၆၂x၆၃လမ်းကြား၊ စံပြလမ်းနှင့် သခင်ဖိုးလှကြီး လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သီဒါတင် ၉/မရတ(နိုင်) ၀၀၉၄၈၄၏ (SP ရသူ ဦးမင်းမင်းသူ)က အမှတ်တွဲအမှတ် ၄၄၉၆/၂၀၂၃-၂၀၂၄ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက် ၈၁၈၊ ဦးပိုင် ၂၅၊ ဧရိယာ ၀ဒသမ၀၄၇၁ ဧကရှိ ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံပိုင်ဆိုင် အကျိုးခံစားခွင့် အားလုံးတို့အား အမည်ပေါက်နေထိုင်ပိုင်ဆိုင်သူ ရောင်းချသူ ဒေါ်စိုးညာဏ်ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ သည်။

သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးညီညီချစ်(တရားလွှတ်တော်ရှေ့နေ)(စဉ်-၄၃၆၀)**
**B.Sc,M.Sc(Physics),D.B.L,H.G.P, RL(ADVOCATE)**
**ဒေါ်မိုးမိုးခိုင်(စဉ်-၁၃၀၂၆)၊ ဒေါ်ရတနာချစ်စု(စဉ်-၁၃၃၄၆)**
**ဒေါ်သန်းသန်းစိုး(စဉ်-၁၅၂၆၇)**
**(တရားလွှတ်တော်ရှေ့နေများ)**
**၈၇လမ်း၊ ၃၄လမ်းx ၃၅လမ်းကြား၊ မန္တလေးမြို့**
**ဖုန်း-၀၉-၂၀၀၃၆၉၀၊ ၀၉-၂၀၅၀၅၆၆၊ ၀၉-၄၅၈၃၄၃၃၄၅၊**
**၀၉-၂၀၅၀၉၂၀၆၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏမဟီရပ်ကွက်၊ အကွက်အမှတ်(၆၃၄)၊ ဦးပိုင်အမှတ် (၅၈)နေ ဦးခင်မောင်မြင့် (ဘ)ဦးစံတင် ၉/မထလ(နိုင်) ၀၇၆၈၁၅၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏမဟီရပ်ကွက်၊ အကွက်အမှတ်(၆၃၄)၊ ဦးပိုင်အမှတ်(၅၈)၊ ဧရိယာ(၀ဒသမ၀၄၅၉)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်ခင်မာမြင့် အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ ဦးမှိုင်းသည် ဒေါ်ဖွားအုံနှင့် အိမ်ထောင်ကျခဲ့ပြီး သားသမီး(၃)ဦး မွေးဖွားခဲ့ပါသည်။ ၎င်းတို့မှာ ၁။ ဒေါ်သောင်း၊ ၂။ ဦးမောင်မောင်၊ ၃။ ဒေါ်ခင်ခင်တို့ ဖြစ်ပါသည်။ ဒေါ်သောင်းသည် ဦးစံတင်နှင့် အိမ်ထောင်ကျခဲ့ပြီး သား(၂)ဦးမွေးဖွားခဲ့ပါသည်။ ၎င်းတို့မှာ ၁။ ဦးခင်မောင်တင့် ၊ ၂။ ဦးခင်မောင်မြင့် တို့ဖြစ်ပါသည်။ ဒေါ်ခင်ခင်သည် ဦးထွန်းရှိန်နှင့် အိမ်ထောင်ကျခဲ့ပြီး တစ်ဦးတည်းသော သမီး ဒေါ်ခင်မာမြင့်အား မွေးဖွားခဲ့ပါသည်။ ဦးမှိုင်း၊ ဒေါ်ဖွားအုံ၊ ဒေါ်သောင်း၊ ဦးစံတင်၊ ဦးထွန်းရှိန်၊ ဒေါ်ခင်ခင်၊ ဦးမောင်မောင် သည် လူပျိုကြီးဘဝဖြင့်လည်းကောင်း၊ ဦးခင်မောင်တင့်သည် လူပျိုကြီးဘဝဖြင့်လည်းကောင်း၊ ဒေါ်ခင်မာမြင့်သည် အပျိုကြီးဘဝဖြင့်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ ၎င်းတို့အသီးသီး ကွယ်လွန်သွားသောအခါ အထက်ဖော်ပြပါ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏမဟီရပ်ကွက်၊အ ကွက်အမှတ် (၆၃၄)၊ဦးပိုင်အမှတ်(၅၈)၊ ဧရိယာ(၀ဒသမ၀၄၅၉)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အား တစ်ဝမ်းကွဲ အစ်ကိုဖြစ်သူ ဦးခင်မောင်မြင့် ၉/မထလ (နိုင်) ၀၇၆၈၁၅မှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပြီး၊ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်နှင့် ဂရန်သက်တမ်းတိုး/ အမည်ပြောင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အကယ်၍ သက်ဆိုင်သူများ၊ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤ ကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဝင်းနိုင်ဦး B.Sc(Math;),H.G.P** | **ဦးတင်မျိုးအောင်(LL.B)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်-၁၈၅၁၄(၁၄-၂-၁၉၉၀)** | **စဉ်-၁၀၂၆၅** |

**ပုသိမ်ကြီးမြို့၊ ဖုန်း-၀၉-၂၀၃၇၃၆၁၊ ၀၉-၂၅၉၉၉၆၇၇၂**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၉၀

| | | |
|---|---|---|
| ဦးအောင်ပြည့်ဖြိုးဦး | **နှင့်** | ဦးဖန်ထုဝမ် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၄၅-၄၆လမ်းကြား၊ ၁၁၈(စီ)လမ်း၊ (မမ-၂၈)၊ တိုက်အမှတ်(၂၉)၊ အခန်း(၃)နေ ဦးဖန်ထုဝမ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးငွေကျပ် (၅၀၀၀၀၀၀၀/-)နှင့် နစ်နာကြေး ငွေကျပ် (၃၀၀၀၀၀၀၀/-)၊ စုစုပေါင်း(၈၀၀၀၀၀၀၀)ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက် မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင် မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ စက်တင်ဘာလ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(စုစုလှိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (ဖ-၂)၊ ဦးပိုင်အမှတ်(၁၂၁)၊ ၅၉လမ်း၊ နှင်းဆီလမ်းနှင့် မြတ်လေးလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်လောလင်း ၁၃/နခန(နိုင်)၀၃၈၈၆၈ က အမှတ်တွဲအမှတ် ၄၅၂၃/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၁၀ရက်၊ (၁၃၈၅ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ စက်တင်ဘာလ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စုစန္ဒာဝင်း)**
**ခရိုင်တရားသူကြီး**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## သဃ်န်းကျွန်းခရိုင် တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၃၆

ဒေါ်အေးဆင့် **နှင့်** ၁။ ဦးခင်လှ
၂။ ဒေါ်နှင်းနှင်းယု
၃။ ဦးစောဟန်
၄။ ဒေါ်သန်းသန်းမြင့်

တရားလို — တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယသဝတီ ၁၈လမ်း၊ အမှတ် ၁၁၆၂/ခ နေ (ယခုနေရပ်လိပ်စာမသိသူ) တရားပြိုင်များဖြစ်ကြသော ၁။ ဦးခင်လှ၊ ၂။ ဒေါ်နှင်းနှင်းယု၊ ၃။ ဦးစောဟန်၊ ၄။ ဒေါ်သန်းသန်းမြင့် တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ရက် (၁၃၈၅ခုနှစ်၊ တော်သလင်းလပြည့်ကျော်၁၁ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအ ပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ် တွင်ငြင်းချက်များ ကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စုစန္ဒာဝင်း)**
**ခရိုင်တရားသူကြီး**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ပေါင်းတည်မြို့နယ် အထက(ခွဲ) ပေါက်မှော် Grade-5မှ မောင်ချမ်းမြေ့ကျော်နှင့် Grade- 2မှ မတိုးရတီ တို့၏ ဖခင် အမည်မှန်မှာ ဦးကျော်မင်းနိုင် ၇/ပတတ(နိုင်) ၁၂၆ ၁၅၀ ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၃-၉-၂၀၂၃) ရက်ထုတ် မြန်မာ့အလင်းသတင်းစာ (စာ-၂၆)၊ ဒေါ်စမ်းသီတာစိုး (တရားလွှတ်တော်ရှေ့နေ)၏ အများသိစေရန် ကြော်ငြာပါ ခုနှစ်အတွင်း အစား (၇)ရက် အတွင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးဖေသန်းသည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ အမှတ်(၁၀/၆၁)တွင် နေထိုင်သူ ဦးဇော်မင်းသန်း ၇/ရတန(နိုင်)၀၈၄၁၃၄အား ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ၁၅-၉-၂၀၁၆ရက်က အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၈၅၁၂/၂၀၁၆)ကို လွှဲအပ်ပေးထားခဲ့ပါသည်။ အဆိုပါအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၈၅၁၂/၂၀၁၆)အား ဤကြော်ငြာစာပါသည့်ရက်မှစ၍ ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဇေယျမိုး တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၀၉၈၇/၁၆)**
**ဖုန်း-၀၉-၄၂၀၁၂၃၆၇၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၄)၊ ငွေစင်(၄)လမ်းနှင့် နဝရတ်(၁)လမ်းထောင့်၊ မြေကွက်အမှတ်(၇၀၁)၊ ဧရိယာ ၀ ဒသမ ၀၅၇ဧက၊ (ပေ၄၀ x ၆၂ ၁/၂ ပေ)ရှိ ဦးလင်းမြတ်အောင် ၁၂/ကမတ(နိုင်)၀၈၉၈၈၈ အမည်ဖြင့် နှစ်(၆၀)မြေငှားဂရန် ထုတ်ပေးထားသည့် မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်လက်ဝယ်ထားရှိ ရောင်းချပိုင်ခွင့်ရှိသည်ဟု ကတိပြုသူ ဦးဇော်ဇော်နိုင် (၁၃/တကန(နိုင်)၁၄၆၂၅၂) (ဦးလင်းမြတ်အောင်၏ အထူးကိုယ်စားလှယ်စာရသူ)ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၁ ရက်အတွင်း ပိုင်ဆိုင်မှုစာရွက် စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးနိုင်မင်းသိန်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၅)**
**အမှတ်(၁)၊ မင်းလမ်း၊ ဒါရိုဂါရပ်ကွက်၊ သန်လျင်မြို့**
**ဖုန်း-၀၉-၇၉၉၄၃၉၉၀၂၊ ၀၉-၂၅၀၁၆၀၈၅၆**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ) ဦးမျိုးညွန့်နိုင်၏သား ကျွန်တော် မောင်ဝေယံနိုင် ၁၄/မအပ(နိုင်)၃၄၀၃၆၃ ၏ ပတ်စ်ပို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၉၀၁၅၉၈၀

## ပျောက်ဆုံးကြောင်း

ကျော်မျိုးထိုက်(ဘ) ဦးမောင်မောင်တိုး ၁၂/ဒဂန(နိုင်)၀၃၁၄၅၂၊ အမှတ် ၆/၄၅၊ ဓမ္မပါလလမ်း၊ တောတိုက်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် နေထိုင်သူ၏ ပတ်စ်ပို့ နံပါတ် -644488 မှာ ပျောက်ဆုံးသွားသည်မှာ မှန်ကန်ပြီး တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၈၆၃၂၃၁၃၁

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၅၀)၊ အကောက်ဆိပ်တောင်အကွက်၊ ဦးပိုင်အမှတ် (၄-ဆ၊ ၄-ဇ)၊ ဧရိယာ ၀ ဒသမ ၄၃၅ ဧကရှိ ဂရန်မြေကို ဒေါ်ပြုံးပြုံးမော် အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်းလျှောက်ထားချက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်ကျွန်းမြို့၊ (၅)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၇/တောင်ပိုင်း)၊ ဦးပိုင်အမှတ် (၅၉၈)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ရှိ မြေအား လူနေထိုင်ရန်အတွက် မြေငှားဂရန်(အသစ်)လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကန့်ကွက်ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**
**မော်လမြိုင်ကျွန်းမြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်ကျွန်းမြို့၊ (၁)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၅/တောင်ပိုင်း)၊ ဦးပိုင်အမှတ် (၄၄၁)၊ မြေဧရိယာ ၀ ဒသမ ၁၀၁ ရှိ မြေအား လူနေထိုင်ရန်အတွက် မြေငှားဂရန်(အသစ်) လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကန့်ကွက်ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ကျွန်းမြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်ကျွန်းမြို့၊ အမှတ်(၃)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၁၆/တောင်ပိုင်း)၊ ဦးပိုင်အမှတ်(၅၀၃) မြေဧရိယာ ၀ ဒသမ ၁၁၀ရှိ မြေအား လူနေထိုင်ရန်အတွက် မြေငှားဂရန်(အသစ်) လျှောက်အားမှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကန့်ကွက်ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ကျွန်းမြို့နယ်**

# Sky Asia Company Limited

# ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၂၉၈(ခ)အရ တရားရုံး၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်တရားရုံး၊ မင်္ဂလာဒုံခရိုင်တရားသူကြီးမှ ၂၀၂၂ ခုနှစ် တရားမအထွေထွေမှုအမှတ်-(၄)တွင် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ-၂၉၈(ခ)အရ Sky Asia Co.,Ltd အား တရားရုံးအမိန့်ဖြင့် စာရင်းရှင်းလင်း ဖျက်သိမ်းခွင့်ပြုကြောင်း အမိန့်ချမှတ်ခဲ့ပါသည်။

၂၆-၉-၂၀၂၃ ရက်တွင် ဦးခင်မောင်အေး (တရားလွှတ်တော်ရှေ့နေ)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ခဲ့ပါသည်။

Sky Asia Co.,Ltd ၏ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိဖြစ်သော ကျွန်ုပ်ထံသို့ ၃၀-၁၀-၂၀၂၃ရက် နောက်ဆုံးထား၍ ကုမ္ပဏီမှ ရရန်ရှိသောကြွေးမြီများအား မြီရှင်များဖြစ်ကြောင်း သတ်မှတ်ပုံစံများဖြင့် ခိုင်လုံသောသက်သေခံအထောက်အထားများနှင့်အတူ တောင်းခံကြရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါရက်နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ခံဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးခင်မောင်အေး**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၆၆၇၈)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ (MAIP MEMBER-00207)**
**အမှတ်-၂၆၆/ဒု-ထပ်၊ ကျိုက္ကဆံလမ်း၊ မလွှကုန်းဈေးကွယ် (က)ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၆၁၆၇၅**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၅)ရပ်ကွက်၊ အကွက်အမှတ် (၄၃)၊ တံတားကြီး တန်းအကွက်၊ ဦးပိုင်အမှတ် (၁၅၁)၊ ဧရိယာ ၀ ဒသမ ၀၅၂ဧကရှိ ဂရန်မြေကို ဦးသက်နိုင်မင်း၊ (Managing Director GRACE WIN COMPANY LIMITED) မြေငှားဂရန်အမည်ပြောင်း လျှောက်ထားချက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (ဟ-၈)၊ ဦးပိုင်အမှတ် (၁၄၉)၊ ၆၅လမ်း၊ ၁၁၆x၁၁၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက် သူ ဦးစည်သူလှိုင် ၏(SP ရသူ ဦးစိုးမိုးအောင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၈၈၅/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဝါဝါစုအောင် ၁၀/လမန(နိုင်)၀၀၇၂၄၈ က အမှုတွဲအမှတ် ၄၅၀၈/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ-၄၉)၊ ဦးပိုင်အမှတ် (၃၇+၃၈)၊ ၅၆လမ်း၊ ၁၄၁x၁၄၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ရဲမှူးကြီးအောင်ကြီး၏(SP ရသူ ဦးမင်းထွဋ်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၇၃၄/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ YANG CHIN MAY ၁၃/လလန(ပြု)၀၀၀၁၆၂ က အမှုတွဲအမှတ် ၄၅၂၆/၂၀၂၃-၂၀၂၄ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ-၄၉)၊ ဦးပိုင်အမှတ် (၁၅)၊ ၅၆x၅၇လမ်းကြား၊ တပင်ရွှေထီးxရွှေလှံ့ဗိုလ်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသိန်းမော်၏ (SP ရသူ ဒေါ်ဝင်းမြတ်သူ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၉၉၂/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဦးသန့်စင် ၉/ပကခ(နိုင်)၀၂၅၆၉၁က အမှုတွဲအမှတ် ၄၅၁၀/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်နှင့် ဖခင်အမည်မှန်

ဖြူးမြို့နယ်၊ အထက (၁)ကျောင်း Grade-9မှ မသီတာအေး ၏ အမည်မှန်မှာ မမီရာကူမာရီ ဖြစ်ပြီး ဖခင် ဦးရန်နိုင် ၏ အမည်မှန်မှာ ဦးရမ်းအစစ် ၇/ဖမန(နိုင်) ၀၀၁၈၇၅ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကသာမြို့နယ်၊ မိုးတားကြီး ကျေးရွာနေ မအိရွှေစင်ကျော်၏ ဖခင် ဦးမောင်ဆန်း(ခ)ဦးဆန်းထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်ဆန်း(ခ)ဦးဆန်းထွန်း**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(၀-၂)၊ ဦးပိုင်အမှတ် (၄၃)၊ ၇၃x၇၄လမ်းကြား၊ ၁၁၄x၁၁၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်လေးမောင် ၉/မရမ(နိုင်)၀၂၂၃၇၁ ကအမှုတွဲအမှတ် ၄၅၀၆/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (တတ-၂)၊ ဦးပိုင်အမှတ် (၄၁-ခ)၊ ၆၁လမ်းx၆၂လမ်းကြား၊ အနော်ရထာလမ်းနှင့် အောင်ဆန်းလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ တပ်ကြပ်ကြီးစာရေးကျော်မောင် ၏ (SP ရသူ ဒေါ်ပြည့်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၉၀၀/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဦးအုံးမောင် ၉/ကပတ(နိုင်)၀၃၉၆၆၄ က အမှုတွဲအမှတ်၄၅၂၉/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/၇)၊ ဦးပိုင်အမှတ် (၉/၂ခ)၊ မြေဧရိယာ ၀ ဒသမ ၀၇၇ဧကရှိမြေကွက်သည် မူလက ဦးဆိုင်းဘွမ်၊ ဦးဆိုင်းဒန်အောင်(၂)ဦးအမည်ဖြင့် မြို့မြေခွန်ပြေစာစည်းကြပ်လျက်ရှိရာ ၁၅-၁၂-၂၀၁၈ရက်စွဲပါ နှစ်ဦးသဘောတူ အရပ်ကတိစာချုပ်အရ ဒေါ်မခါထုနန် ၁/မညန(နိုင်)၁၂၄၇၇၈ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပြီး လက်ရှိတွင် ဒေါ်မခါထုနန် အမည်ဖြင့် မြို့မြေခွန်ပြေစာစည်းကြပ်လျက်ရှိပါသည်။ ယခုအခါ ဒေါ်မခါထုနန် အမည်ဖြင့် မြေငှားဂရန် (အသစ်)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/84751 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်အေးဝေ ၇/ထတပ(နိုင်)၀၀၈၇၂၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/22425 Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမော် ၁၄/ပသန(နိုင်)၀၁၂၄၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့) ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့နှင့်ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင်လစ်လပ်လျက်ရှိသော အငယ်တန်းစာရေးနှင့် လစာနှုန်းတူ (လစာနှုန်းကျပ်၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ဝန်ထမ်းများဖြည့်စွက်ခန့်ထားရေးအတွက် လူတွေ့စစ်ဆေးခြင်း

ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့နှင့် ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် လစ်လပ်လျက်ရှိသည့် အငယ်တန်းစာရေးနှင့်လစာနှုန်းတူ (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူးနေရာ(၅၆) နေရာအတွက် ရေးဖြေစာမေးပွဲအောင်မြင်သည့်ခုံအမှတ် စ-၁၊ စ-၂၊ စ-၃၊ စ-၄၊စ-၅၊ စ-၆၊ စ-၇၊ စ-၈၊ စ-၁၁၊စ-၁၂၊ စ-၁၃၊ စ-၁၄၊ စ-၁၅၊ စ-၁၆၊ စ-၁၇၊ စ-၁၈၊ စ-၁၉၊ စ-၂၀၊ စ-၂၁၊စ-၂၂၊ စ-၂၃၊ စ-၂၄၊ စ-၂၅၊ စ-၂၆၊စ-၂၇၊ စ-၂၈၊ စ-၂၉၊ စ-၃၀၊ စ-၃၁၊ စ-၃၂၊ စ-၃၃၊ စ-၃၄၊ စ-၃၅၊ စ-၃၆၊ စ-၃၇၊ စ-၃၈၊ စ-၃၉၊ စ-၄၀၊ စ-၄၁၊ စ-၄၂၊ စ-၄၃၊ စ-၄၅၊ စ-၄၆၊ စ-၄၇၊ စ-၄၈၊ စ-၄၉၊ စ-၅၀၊ စ-၅၁၊ စ-၅၂၊ စ-၅၃၊ စ-၅၄၊ စ-၅၅ တို့အား လူတွေ့စစ်ဆေးမှုကို အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) ကျင်းပမည့်ရက် - ၅-၁၀-၂၀၂၃ရက် ၊(ကြာသပတေးနေ့)
(ခ) ကျင်းပမည့်အချိန် - နံနက် ၀၉:၀၀နာရီ
(ဂ) ကျင်းပမည့်နေရာ - ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ရတနာလမ်း၊အမှတ်(၆၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်

**ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ ဗားကရာတောရလမ်း၊ အမှတ်(၈)၊ (၂)ခန်းတွဲ RC(၆)ထပ်အဆောက်အအုံ၏ (ပထမထပ်)၊(၂-လွှာ)၊ တိုက်ကိုမျက်နှာမူလျှင် (ဘယ်ဘက်အခန်း)၊ ဧရိယာ(၉၉၀)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကိုပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်နွယ်နီဝင်း ၁၂/စခန(နိုင်) ၀၅၃၄၂၇ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးမင်းကျော်သူ ၁၂/သကတ(နိုင်)၁၇၄၈၂၄က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမင်းကျော်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B), WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၁၁၅၇၈၅၆၊ ၀၉-၇၉၈၄၅၈၆၂၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အဿက(၂၆)လမ်း၊ အမှတ်-(၇၈၀/ခ)၊(၁)ခန်းတည်း(၆)ထပ်အဆောက်အအုံ၏ ပဉ္စမထပ်၊ (၆-လွှာ)၊ဧရိယာ(၉၇၂)စတုရန်းပေရှိတိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်လှလှဝင်း ၁၂/ဥကတ(နိုင်) ၀၁၇၅၂၉ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးကျော်ဖြိုးသူ ၁၄/အမန(နိုင်) ၁၂၅၇၅၇၊ ဒေါ်စန္ဒာထွေး ၁၂/ဒဂတ(နိုင်)၀၃၂၇၈၅တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်ဖြိုးသူ၊ ဒေါ်စန္ဒာထွေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B), WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၁၁၅၇၈၅၆၊ ၀၉-၇၉၈၄၅၈၆၂၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ စွယ်တော်လမ်း၊ မြေတိုင်းရပ်ကွက် အမှတ်၄/ရွာမရပ်၊ မြေကွက်အမှတ်(ပ-၃၄၄၉၂)၊ အလျား(၆၀)ပေ၊ အနံ(၄၀)ပေ၊ ဧရိယာ ၀ ဒသမ ၀၅၅ဧက၊ ဒေါ်ဝါဝါဇင်(ဘ) ဦးသန့်ဇင် ၁၂/ကမတ(နိုင်)၀၀၇၃၇၄ အမည်ပေါက် မြေကွက်နှင့် ယင်းမြေပေါ်ကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ထား၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဇာဇာအောင်(ဘ)ဦးအောင်မြင့် ၆/ဘပန (နိုင်)၀၁၂၃၀၅၁ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးစိုးသူရ(ဘ)ဦးညွန့်ဝေ ၇/ရတရ(နိုင်) ၀၇၃၈၇၇ က ဝယ်ယူရန်အတွက် ဖော်ပြပါ မြေကွက်နှင့် အရပ်ရပ်အကျိုးခံစားခွင့်တို့၏ တန်ဖိုးငွေအပေါ် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးမြင့်မြင့်ကျော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ စဉ်-၁၀၀၁၆(၂၄-၆-၂၀၁၄)**
**အမှတ်(၅)သကြားစက်ရုံရှေ့၊ မြို့လှမြို့၊**
**ဖုန်း-၀၉-၄၂၀၇၂၆၅၁၄**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)

တောင်ကြီးခရိုင်တရားရုံးတော်

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် -၃၉ နှင့် ဆက်သွယ်သည့်

၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ် -၅၆

EDEN GROUP Company Ltd; နှင့် ဗိုလ်မှူးအောင်ကျော်မင်း
(၎င်း၏ကိုယ်စားလှယ်
လွှဲအပ်ခြင်းခံရသူ မန်နေဂျာ
ဦးအောင်ကျော်မင်းထွန်း)
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

အေးသာယာမြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၅၉)၊ အမှတ် ၁၂၁ နေ ဗိုလ်မှူး အောင်ကျော်မင်း (ယခုနေရပ်လိပ်စာမသိသူ)အား သိစေရမည်။

၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ် -၃၉တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြ ချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက် (၁၃၈၅ ခုနှစ် သီတင်းကျွတ်လဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်စိုးညွှန့်)**
**ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)

တောင်ကြီးခရိုင်တရားရုံးတော်

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် -၃၈ နှင့် ဆက်သွယ်သည့်

၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ် -၅၅

EDEN GROUP Company Ltd; နှင့် ဗိုလ်ကြီးတင်သိန်း
(၎င်း၏ကိုယ်စားလှယ်
လွှဲအပ်ခြင်းခံရသူ မန်နေဂျာ
ဦးအောင်ကျော်မင်းထွန်း)
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

အေးသာယာမြို့၊ အမှတ်(၂)ရပ်ကွက်၊ ရေထွက်ဦးအနောက်၊ ဦးပိုင်အမှတ်(၇၈)၊ အမှတ် ၂၆နေ ဗိုလ်ကြီးတင်သိန်း(ယခုနေရပ်လိပ်စာမသိသူ)အား သိစေရမည်။

၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ် -၃၈တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စား လှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက် (၁၃၈၅ ခုနှစ် သီတင်းကျွတ်လဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် ဤရုံးတော် ရှေ့လာရောက်စေ။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ရ က်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်စိုးညွှန့်)**
**ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဘုမ္မာ(၁၅)လမ်း၊ အမှတ်(၉၇၈)ရှိ အိမ်ခြံမြေအကျယ်အဝန်းပေ(၄၀x၆၀)ရှိ ဂရန်(မူရင်း) အမည်ပေါက်ဦးအုန်းဆိုင်မြေကွက်နှင့်မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် အဆောက်အအုံ (၂)ထပ်တိုက် (၁)လုံး(ရေ+လျှပ်စစ်မီတာ) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည့် ရောင်းချသူ ဒေါ်တဥ္ဇာမြင့် ၁၂/ဥကမ(နိုင်)၂၀၃၇၇၆ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းလှ ၁၂/ဥကမ(ဧည့်) ၀၀၀၁၃၃ က စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြသောမြေကွက် အဆောက်အအုံတို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း တင်ပြကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြီးသည်နှင့် အရောင်းအဝယ်ကို တရားဝင်ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း အသိပေးကြော်ငြာပါသည်။

**ဒေါ်ဝင်းလှ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်သန်း**
**အထက်တန်းရှေ့နေ(LL.B, D.B.L)**
**စဉ်-၂၂၁၈၁**
**အမှတ်(၄၈၆)၊ ရော(၂)လမ်း၊ ဈ/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၂၅၂၇၇၉၅၆၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/ 29846 ယာဉ်လက်ဝယ်ရှိသူSan Myat Zaw Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြင်းခြံ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 77W/90275 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်မြင့် ၉/ပဥလ(နိုင်)၀၉၂၃၅၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ကျောက်ဆည်)**

## ကုန်အမှတ်တံဆိပ်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဒီဆားရ်ရမ် (ဘ)ဦးဒိန်ခင်ခင် ၁/ပတအ(နိုင်)၀၄၄၇၂၅၊ အမှတ် (စ/၃၇)၊ ၁၀၇လမ်း၊ ၆၅x၆၆လမ်းကြား၊ မြို့သစ်(၂)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေမှ အောက်ဖော်ပြပါ MISS DECEMBER ကုန်အမှတ်တံဆိပ် (Logo) အမှတ်အသားဖြင့် ကချင်ရိုးရာ အဝတ်အထည်များကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ကြေညာခြင်းများကို ပြုလုပ်သွားမည်ဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေမှ MISS DECEMBER ကုန်အမှတ်တံဆိပ်ကို တရားဝင်အသုံးပြုမည်ဖြစ်ပါဖြင့် MISS DECEMBER ကုန်အမှတ်တံဆိပ်အား မှတ်ပုံတင်ခြင်း၊ မူပိုင်ခွင့်လျှောက်ထားခြင်းများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ဒီဆားရ်ရမ်(ဘ) ဦးဒိန်ခင်ခင်** | **ဒေါ်နန့်ဖြိုးဝသုန်ဦး** |
| **၁/ပတအ(နိုင်)၀၄၄၇၂၅** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း-၀၉-၄၀၀၄၂၄၃၈၈** | **(စဉ်-၁၄၆၈၇)** |
| | **ဖုန်း-၀၉-၆၅၁၅၆၁၆၃၂** |

## အမှတ်တံဆိပ်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ္တော်ရပ်ကွက်နေ ဒေါ်စန်းစန်းဦး(ဘ) ဦးတင်ဝင်း ၉/အမဇ(နိုင်)၀၁၇၂၅၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စန်းစန်းဦးသည် ပူးတွဲဖော်ပြပါ BO BO အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၂၈၀၈/၂၀၂၃) အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး BO BO အမည်ဖြင့် သောက်ရေသန့် ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းကိုလုပ်ကိုင်လျက်ရှိရာ အများပြည်သူများ တစ်ခဲနက်အားပေးသုံးစွဲလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ BO BO အမှတ်တံဆိပ်ဖြင့် သောက်ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းသည် ဒေါ်စန်းစန်းဦး၏တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသည့် အမှတ်တံဆိပ်အမည်အမှတ်အသားဖြစ်ပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါအမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှား ဖြစ်စေ၊ တုပပြုလုပ်ခြင်းတို့ကိုမပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက ဒေါ်စန်းစန်းဦး၏ လုပ်ငန်း အကျိုးစီးပွားနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာဆုံးရှုံးမှုအရပ်ရပ်အတွက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှဘုန်း(LL.B) စဉ်-၁၀၃၈၈ တရားလွှတ်တော်ရှေ့နေ**

| | |
|---|---|
| **ဦးရဲဝင်း(LL.B)** | **ဦးပြည့်ကိုကို(LL.B)** |
| **စဉ်-၄၈၉၇၈** | **စဉ်-၁၄၀၁၂** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁အေx၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်(RA-VI/ကွက်ပြင်ရပ်)၊ ဦးပိုင်အမှတ်(၈/ဃ-၈၅)၊ မြေဧရိယာ ၀ ဒသမ ၀၈၃ ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်ဌေးဌေးရီ ၉/မလန(နိုင်)၀၀၀၄၃၁ မှဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ် ၈/မစိုးရိမ်အရှေ့၊ ဦးပိုင်အမှတ်(၂^က/၁)၊ ဧရိယာ ၀ ဒသမ ၁၁၂ ဧကရှိ ဒေါ်မွေးမွေးလှိုင်အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား အမည်ပေါက်သူ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၅၀၁/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဖြိုးအိခိုင် ၁၂/သကတ(ဧည့်)၀၀၀၀၈၉မှ ဘိုးဘပိုင်မြေအမည်ပေါက် ပြောင်းလဲသတ်မှတ်ပေးခြင်းစာအမှတ် ၀၆၉/၁၈-၁/နပတ(မြို့/မြေ)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဦးကောင်းဇော် ၉/ပမန(နိုင်)၁၅၉၆၄၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ လုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၁၈၇/မမ/CE | **ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း**<br>ရန်ကုန်ဘူတာကြီး၊ စကြံ့ပလက်ဖောင်း အမှတ် (၆) နှင့် (၇) အဆင့်မြှင့်တင်ခြင်းလုပ်ငန်း |

တင်ဒါပိတ်မည့်နေ့/အချိန် - ( ၂ . ၁၁ . ၂၀၂၃ ) နေ့လည် ( ၂:၃၀ )နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် ( ၂ .၁၀. ၂၀၂၃) ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ၂ရပ်ကွက်၊ ဦးစလမ်း၊ တိုက်အမှတ်(၇၃/စီ)ဟုခေါ်တွင်သည့်နှစ်ခန်းတွဲ(၅)ထပ်တိုက်မှ ပထမထပ်(ဘယ်)တိုက်ခန်းမှာ ၁၈-၁၀-၂၀၀၉ ရက်စွဲပါ အမွေဆိုင်များပစ္စည်းခွဲဝေခံစားခြင်း သဘောတူကတိစာချုပ်အရ ဒေါ်အိုင်ဗွီထွန်း ၁၂/လမန(နိုင်)၁၁၀၇၂၀ က ရရှိပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသော တိုက်ခန်းဖြစ်ကြောင်း၊ ဒေါ်အိုင်ဗွီထွန်းထံ၂၆-၁၁-၂၀၂၂ရက်စွဲပါစာချုပ်ဖြင့်ဒေါ်တင်တင်ထွေး ၇/ပခန(နိုင်)၀၂၀၈၅၁ က ဝယ်ယူပိုင်ဆိုင်ထားခဲ့သည့်တိုက်ခန်းဖြစ်သည်ဟု အဆိုပြုပြီး ကျွန်ုပ်၏မိတ်ဆွေဖြစ်သူထံ ရောင်းချလိုကြောင်းကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါအခန်းအား ပိုင်ဆိုင်ကြောင်း သို့တည်းမဟုတ် တစ်နည်းနည်းဖြင့် သက်ဆိုင်သည်ဟု အဆိုရှိသူမည်သူမဆို ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားများနှင့် (၁)ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အပြီးသတ်ငွေချေ၍ အခန်းအား လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာမြင့်(စဉ်-၈၅၀၂)၊ တရားလွှတ်တော်ရှေ့နေ**
**တိုက်(၃)၊ အခန်း(၁၈)၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ ကိုယ့်မင်းကိုယ်ချင်းရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၆၃၄၆၂၄၂၅၊ ၀၉-၇၉၉၈၈၇၉၁၁**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဇ-၃၂)၊ အမှတ်(၁၂)ရပ်ကွက်၊ ခရေလမ်း၊ မြေကွက်အမှတ်(၅၅)ဟုခေါ်တွင်သော အကျယ်ဧက ၀ ဒသမ ၀၆၂ ဧက အကျယ်ရှိ ဒေါ်မိုင်ဂျူဗလီအောင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိသော ဧရိယာအကျယ်အဝန်း အလျားပေ(၂၀) x အနံပေ(၆၀) မြေကွက်၏ အနောက်ဘက်(ခြေရင်းခြမ်း) မြေကွက်နှင့် တိုက်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်စန်းစန်းဌေး ၁၂/မရက(နိုင်)၀၃၈၅၅၇ မှ တရားဝင်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုကာ အဆိုပြုကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသီဟစိုး ၁၂/အစန(နိုင်)၂၃၆၉၇၅ မှ အပြီးအပိုင်ဝယ်ယူ၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသည်များရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း တိကျခိုင်လုံသည့် စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်၏မိတ်ဆွေ ဦးသီဟစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေရီထွန်း (LL.B) အထက်တန်းရှေ့နေ(စဉ်-၃၄၅၆၅)**
**ဖုန်း-၀၉-၅၀၇၇၉၇၈**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်(RA-VI/ကွက်ပြင်ရပ်)၊ ဦးပိုင်အမှတ်(၆-က/၁၆၈)၊ မြေဧရိယာ ၀ ဒသမ ၀၆၄ ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်ကြည်စင်ရွှေ ၉/ခမစ(နိုင်)၀၀၆၉၅၂ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)၊ ကွင်း/အကွက်အမှတ်(၆/နန္ဒဝန်)၊ ဦးပိုင်အမှတ်(၉/က)၊ မြေဧရိယာ ၀ ဒသမ ၂၃၀ ဧကရှိမြေကွက်အား မြေငှားဂရန်(ဂရန်သစ်) လျှောက်ထားနိုင်ရေး ဦးကြည်လှိုင် ၁၂/ကတတ(နိုင်)၀၁၇၀၇၅ နှင့် ဦးသိန်းထိုက် ၇/ကကန(နိုင်)၀၀၈၅၆၃ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## Faraza Nah Facebook account ပိုင်ရှင်နှင့် အများပြည်သူအား သိရှိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးသီဟနိုင် မှ Hazal Fashion အရောင်းဆိုင်အား အမှတ်(၁၀၂)၊ ၈ကွက်၊ ၄လမ်း၊ စံပြစာအုပ်ဆိုင်နှင့် ရွှေမဥ္ဇူ ကော်ဖီ ဆိုင်ကြားတွင် လွန်ခဲ့သော (၃)နှစ်ခန့် မှစတင်ဖွင့်လှစ်ခဲ့ပြီးယနေ့အထိ ကောင်းသောဂုဏ်သတင်းများဖြင့် customer များ၏ အားပေးမှုကြောင့် ဆက်လက်ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ Hazal Fashion အရောင်းဆိုင်နှင့် စပ်လျဉ်း၍ ပြင်ဦးလွင်မြို့၌ အများပြည်သူများသိရှိစေရန်အတွက် ဖွင့်လှစ်ထားသည့် Facebook Page မှ တစ်ဆင့် Faraza Nah Facebook account ပိုင်ရှင်မှ ဂုဏ်သိက္ခာကျဆင်းစေရန်၊ နစ်နာစေရန် အများပြည်သူများ အထင်အမြင်သေးသိမ်စေရန် သိရှိပါလျက် ရည်ရွယ်ချက်ရှိရှိဖြင့် မဟုတ်မမှန် ရေးသားဖြန့်ဝေခဲ့ပါသည်။ ထို့အပြင် ဝယ်ယူအားပေးသည့် customer များကိုယ်တိုင် အပြန်အလှန်ရှင်းပြမှုအပေါ် လေးစားမှုမရှိဘဲ မကြားဝံ့မနာသာ အယုတ္တ၊ အနတ္တ စကားများဖြင့် ဆဲရေးတိုင်းထွာသည့်အပြင် ဆိုင်ရှင်အား ဂုဏ်သိက္ခာကျဆင်းစေသည့် စွတ်စွဲချက်များဖြင့် ပုတ်ခတ်သည်အထိ ပြုမူခဲ့ပါသည်။ ၎င်းနောက်ဆိုင်အား ဝယ်ယူအားပေးမည့်သူမရှိစေရန် အမည်ပျက်စာရင်းတွင်ပါရှိစေရန် အားထုတ်သွားမည်ဖြစ်ကြောင်းခြိမ်းခြောက်သည်အထိ ပြုမူလာခဲ့သဖြင့် Faraza Nah Facebook account ပိုင်ရှင်အနေဖြင့် ယင်းအပြုအမူများအားလုံးကို ရပ်တန်းက ရပ်စေလိုပါသည်။ ထို့သို့မဟုတ်ဘဲ ဆက်လက်၍ ကျွန်ုပ်၏မိတ်ဆွေ၏စီးပွားရေး၊ လူမှုရေးနှင့်စပ်လျဉ်း၍ စိတ်နှလုံးထိခိုက်စေရန်၊ ဂုဏ်သိက္ခာကျဆင်း စေရန် Facebook၊ Online Social mediaများမှတစ်ဆင့် ကျွန်ုပ်မိတ်ဆွေ နစ်နာစေရန် ရေးသားဖြန့်ဝေမှုများပြုမည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း Faraza Nah Facebook account ပိုင်ရှင်နှင့် အများပြည်သူအား သိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးသီဟနိုင်** | **ဦးမျိုးမျိုးအောင်(LL.B)** |
| **၉/မကန(နိုင်)၁၂၁၄၆၆** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၁၃၉၃၁)(၁၄-၁၂-၂၀၁၇)** |
| | **ရပ်ကွက်ကြီး(၁၃)၊ ပြင်ဦးလွင်မြို့** |
| | **ဖုန်း-၀၉-၂၅၉၉၀၅၇၄၁** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2D/6702 Mitsubishi Pajero V75 Station Wagon (4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကျန်းဇေ့မိ(ခ)မိုးမိုး ၁၃/ဆဆန(နိုင်)၀၄၆၁၇၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 81W/50526 ယာဉ်လက်ဝယ်ရှိသူ ဦးဝေယံဦး ၅/စကန(နိုင်)၃၁၀၄၉၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ကျောက်ဆည်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၉-၂၀၂၃ ရက် ဤသတင်းစာ စာမျက်နှာ-၂၆ တွင်ပါသော ကန့်ကွက်ကြေညာတွင် ဦးဝင်းမော် ၈/ပဖန(နိုင်)၀၀၆၈၅၁အစား ၈/ပဖန(နိုင်)၀၀၆၀၅၁ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## မီးသတိပြု

## ဦးဟံဝင်းအောင် ၉/နထက(နိုင်)၁၀၂၄၅၆ နှင့် အများသိစေရန်အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ မန္တလေး-လားရှိုးလမ်း၊ အမှတ်(၁၃၇)နေ ဒေါ်ကြိုင်သီရိဝင်း ၉/မမန(နိုင်)၀၈၃၈၃၆၊ ဦးအောင်ကိုကိုဝင်း ၉/မမန(နိုင်)၀၈၃၈၃၇တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဦးဟံဝင်းအောင်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ် (၁၈/ကျောက်တောင်ရပ်)၊ ဦးပိုင်အမှတ် (၅၃)၊ မြေဧရိယာ ၀ ဒသမ ၂၃၃ဧကနှင့် အဆိုပါမြေနှင့် တစ်ဆက်တစ်စပ်တည်းတည်ရှိသော စာရွက်စာတမ်း အမည်မပေါက်သေးသည့် မြေဧရိယာ ၀ ဒသမ ၅၇၇ဧကရှိမြေသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြိုင်သီရိဝင်း၊ ဦးအောင်ကိုကိုဝင်းတို့မှ လက်ရှိထားပိုင်ဆိုင်ပြီး ယင်းမြေကွက်အား ဦးဟံဝင်းအောင်မှ ဝယ်ယူရန်ကမ်းလှမ်းခဲ့ပြီးနောက် မြေကွက်တန်ဖိုးရောင်းကြေးငွေ တစ်စိတ်တစ်ဒေသအား စရန်အဖြစ် ၃၀-၁-၂၀၂၂ရက်နှင့် ၂၃-၂-၂၀၂၂ ရက်တို့တွင် ပေးချေရာတွင် ကတိစာချုပ်ချုပ်ဆိုခဲ့ပါသည်။ ယင်းနောက် ရောင်းကြေးကျန်ငွေများအား အပြေအကျေပေးချေရန် သတ်မှတ်ထားသောနေ့ရက်တွင် ပေးချေခြင်းမရှိဘဲ ပျက်ကွက်နေသဖြင့် ကျွန်ုပ်မိတ်ဆွေမှ လူမှုရေးအရ စောင့်ဆိုင်းပေးခဲ့ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် နှစ်ဖက်ညှိနှိုင်း၍ ထပ်မံစောင့်ဆိုင်းခဲ့သော်လည်း ယနေ့အချိန်ထိ အချိန်ကာလ(၁)နှစ်ကျော် ရှိပြီဖြစ်ပါသည်။ သို့အတွက် ဦးဟံဝင်းအောင်နှင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်ကြိုင်သီရိဝင်း၊ ဦးအောင်ကိုကိုဝင်းတို့ စာချုပ်များချုပ်ဆို၍ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စမှာ ပျက်ပြယ်သွားခဲ့ပြီဖြစ်ကြောင်းနှင့် အရောင်းအဝယ်ပြုလုပ်သည့် မြေမှာလည်း ယနေ့တိုင် ဒေါ်ကြိုင်သီရိဝင်း၊ ဦးအောင်ကိုကိုဝင်းတို့သာလျှင် တရားဝင်ပိုင်ဆိုင်ရောင်းချနိုင်သူတစ်ဦးဖြစ်ကာ ဦးဟံဝင်းအောင်မှ အထက်ပါမြေအား ငွေအပြေအကျေ ပေးချေခြင်းမပြုမီ ဆောင်ရွက်ထားသည့် ကိစ္စရပ်တိုင်းသည် ဦးဟံဝင်းအောင်သာလျှင် ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဦးဟံဝင်းအောင်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ**
ဒေါ်ကြိုင်သီရိဝင်း
၉/မမန(နိုင်)၀၈၃၈၃၆
ဦးအောင်ကိုကိုဝင်း
၉/မမန(နိုင်)၀၈၃၈၃၇

**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်စုရည်ဖြိုး(LL.B)တရားလွှတ်တော်ရှေ့နေ
(စဉ်-၉၅၅၄/၂၃-၁-၂၀၁၄)
အခန်းအမှတ်(တီ-၁)၊ အမှတ်(၂၅-ဃ)၊
မေခလမ်း၊ ဟော်ကုန်း၊ (၂-ကွက်)၊
ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့၊
ဖုန်း-၀၉-၄၃၁၅၅၄၇၂

## အထွေထွေကိုယ်စားလှယ်လွှဲစာကို ဖျက်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

ဦးအုန်းသွင် (ဘ)ဦးဘိုးရွှေ ၆/မမန(နိုင်)၂၀၂၅၅၇ မှ ဦးနိုင်လင်းစိုး (ဘ) ဦးကြည်စိုး ၁၂/ကခက(နိုင်)၀၇၅၇၀၄သို့ မိမိ၏ကိုယ်စားသက်ဆိုင်ရာရုံးဌာန အသီးသီးတွင် ကိုယ်စားလုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် မန္တလေးမြို့၊ မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၊ မှတ်ပုံတင်ဌာနမှူးရုံး၌ ၇-၁-၂၀၂၂ရက် တွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၆၉/၂၀၂၂)ဖြင့် လွှဲအပ်ခဲ့ပါသည်။ ယခုအခါလွှဲအပ်ခဲ့သည့် လုပ်ငန်းကိစ္စများမှာ ဆောင်ရွက်ပြီးစီးသွားပြီ ဖြစ်ပါသည်။ ထို့ကြောင့်မိမိမှ လွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၆၉/၂၀၂၂)ကို ဖျက်သိမ်းမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လွှဲအပ်ခဲ့သည့် လုပ်ငန်းကိစ္စများ ဆောင်ရွက်ပြီးစီး၍ ဆက်လက်အသုံးပြုရန် မလိုအပ်တော့ပါသဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-(၁၆၉/၂၀၂၂)အား ဖျက်သိမ်းမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအုန်းသွင်၏ လွှဲအပ်ချက်အရ -**

| | | |
|---|---|---|
| ဒေါ်မြင့်မြင့်အေး | ဦးဖြိုးမေါ်က် | ဒေါ်ထားအိအိလွင် |
| H.G.P, LLB, D.B.L | LLB, LL.M(UNSW Sydney/ Australia), D.I.L | LL.B |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ် - ၆၃၄၃) | (စဉ်-၄၂၀၂၃) | (စဉ်-၅၃၀၉၀) |

Phone/Viber-၀၉-၇၇၅၇၇၅၆၁၃၊ ၀၉-၇၇၅၇၇၅၆၂၃၊ ၀၉-၂၀၂၈၄၀၂
ladyjustice.mm@gmail.com
၆၈လမ်းနှင့် ၁၀၂(အေ)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၉/က၊ မြေကွက်အမှတ်-၃/ခ၊ မြေကွက်တည်နေရာ-အမှတ်(၃/ခ)၊ မောင်းမကန်ကမ်းသာ လမ်း၊ (၁၉/က)ရပ်ကွက်၊ ဒဂုံတောင်၊ ဒေါ်မြင့်မြင့်ဝေ (KLT-၁၂၉၇၃၃)၊ ဦးကုလားဖြူ(YKI-၀၃၃၅၀၉)အမည်ပေါက် နှစ်၆၀မြေငှားဂရန်မြေအား နှစ်(၆၀)ဂရန်အမည်ပေါက် ဒေါ်မြင့်မြင့်ဝေနှင့် ဦးကုလားဖြူတို့နှစ်ဦးအနက်မှ ဦးကုလားဖြူသည် ၂၅-၆-၂၀၁၄ ရက်တွင် ကွယ်လွန်သောကြောင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်မြင့်မြင့်ဝေမှ ဦးကုလားဖြူ၏တစ်ဦးတည်း ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ အမှတ်-၆၁၉/၃-၈-၂၀၂၃၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ခင်ပွန်းဖြစ်သူ ဦးကုလားဖြူ၏သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀)ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် (၁)ထပ်သွပ်မိုး၊ ပျဉ်ကာအဆောက်အအုံ (၁)လုံးရှိပြီး ကိုယ်တိုင်နေထိုင်၍ မျက်နှာစာတွင် ဆိုင်ခန်းငှားထားပြီး ဒေါ်မြင့်မြင့် ဝေမှ ကွင်းဆင်းစစ်ဆေးသိရှိကြောင်း လက်မှတ်ရေးထိုးတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမှတ်တံဆိပ်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအရှေ့ရပ်ကွက်နေ ဦးနိုင်လင်းထွန်း (ဘ)ဦးကျန်ကျင်းဟုန် ၁၃/ကလတ(နိုင်)၀၄၃၂၇၄၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးနိုင်လင်းထွန်းသည် ပူးတွဲဖော်ပြပါ **ချင်းရှင်** အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော် စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၂၈၄၈/၂၀၂၃) အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ချင်းရှင်အမည်ဖြင့် သောက်ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိရာ အများပြည်သူများ တစ်ခဲနက် အားပေးသုံးစွဲလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ **ချင်းရှင်** အမှတ်တံဆိပ်ဖြင့် သောက်ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရေး လုပ်ငန်းသည် ဦးနိုင်လင်းထွန်း၏ တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသည့် အမှတ်တံဆိပ်အမည်အမှတ်အသားဖြစ်ပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါအမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ တုပပြုလုပ်ခြင်းတို့ကို မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက ဦးနိုင်လင်းထွန်း၏ လုပ်ငန်းအကျိုးစီးပွားနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာဆုံးရှုံးမှု အရပ်ရပ်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှဘုန်း(LL.B) (စဉ်-၁၀၃၈၈) တရားလွှတ်တော်ရှေ့နေ**
**ဦးရဲဝင်း(LL.B) (စဉ်-၄၈၉၇၈) အထက်တန်းရှေ့နေ**
**ဦးပြည့်ကိုကို(LL.B) (စဉ်-၁၄၀၁၂) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(အေ-၁)၊ ၆၇-လမ်း၊ ၃၁-အေx၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မော်အရှေ့ရပ်ကွက်၊ အကွက် အမှတ်(၄၂၄)၊ ဦးပိုင်အမှတ် ၄-အ/၁၉(ခဲစင်း)/၄၁လမ်းxသင်္ဂဇာချောင်းပတ်လမ်းကြား၊ တပ်မတော်သားရေစက်ရုံလမ်းရှိ ဦးချစ်ရွှေ၊ ဒေါ်ကြည်ကြည်ဝေ အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၃၂၄၃/၂၀၁၆)ဖြင့် ပိုင်ဆိုင်ခဲ့သူ ဦးခင်မောင်ဝင်း၉/မနတ(နိုင်)၀၃၁၀၉၁၊ ဦးမောင်သန်း ၉/မနတ(နိုင်)၀၃၁၄၄၈ တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၈၅၄/၂၀၁၆)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝင်းကိုကို ၉/မနတ(နိုင်)၀၉၄၉၂၄ က ခဲစင်းပြအရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ ကွင်း/အကွက်အမှတ်(၆/ဈေးမြောက်ရပ်)၊ ဦးပိုင်အမှတ်(၁၇/ခ-၁)၊ မြေဧရိယာ ၀ ဒသမ ၀၅၃ ဧကရှိ မြေကွက်အား မြေငှားဂရန်(ဂရန်သစ်) လျှောက်ထားနိုင်ရေး ဦးမာမက်အလီ ၉/မမန(နိုင်)၀၂၄၈၀၇ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်အမှတ်(၆၄၉)၊ ဦးပိုင်အမှတ် (၁၀၄)/ ၃၆x၃၇ကြား၊ ၇၆x၇၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမောင်မြင့် ၉/မရတ(နိုင်)၀၅၇၀၅၁က မြေကွက်၏ ဂရန်မူရင်းမှာ အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၃၄)၊ ဦးပိုင်အမှတ် (၃၄-က)/၈၄လမ်း၊ ၃၇ x ၃၈ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ မိခင် ဒေါ်သန်း(ခ)ဒေါ်သန်းသန်း ၅/ခတန(နိုင်)၀၀၄၃၄၀ က သမီးဖြစ်သူ ဒေါ်သန်းသန်းနွယ်အား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အပေးစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၁၁)၊ ဦးပိုင်အမှတ် (၂)/၅၇လမ်းနှင့် ၄၀လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက် ဒေါ်သိန်းနွဲ့/PTI-၀၃၀၅၈၄၏အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၂၇၄/၂၀၀၆) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမောင်မောင်လေး ၉/မနတ(နိုင်)၀၇၀၇၀၀ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရောင်းချရန်ကြော်ငြာစာ
## တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆
## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၁ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၃

(ယခင်)မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်လီမိတက်
(ယခု)ကမ္ဘာ့ရတနာဘဏ်(အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်)
(၎င်းကိုယ်စား ဒုတိယဗိုလ်မှူးကြီး ထင်အောင်(ငြိမ်း))(၎င်း၏ကိုယ်စား အကြီးတန်းမန်နေဂျာ ဦးဇော်ဝင်းသန်း)
**ဒီကရီအနိုင်ရသူ**

**နှင့်**

၁။ ဦးသောင်းနိုင်
၂။ ဒေါ်ရီရီအေး
၃။ ဒေါ်ခင်မာလာတူး
၄။ ဒေါ်အေးအေးခိုင်
၅။ ဒေါ်စန်းစန်းဝင်း
၆။ မေဇင်သိန်းလမင်းကုမ္ပဏီ လီမိတက် (အထွေထွေမန်နေဂျာ ဦးသိန်းဇော်)(၎င်း၏အခွင့်ရ ကိုယ်စားလှယ်ဦးမြတ်ကျော်)
**တရားရှုံးများ**

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ တရားမကြီးမှုအမှတ် ၆၃/၂၀၁၆အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင် ဖော်ပြထားသောပစ္စည်းကို ၂၀၂၃ခုနှစ် နိုဝင်ဘာလ ၁၃ရက် (၁၃၈၅ခုနှစ် တန်ဆောင်းမုန်းလဆန်း ၁ရက်) နံနက် ၁၀:၀၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

